
www.burmeseclassic.com

NEW IDEA

# မြွေအလမ္ပာယ်ကျောက်ခဲ နှင့် ပြစ်ရိပ်စခန်းကြီးယိ

ဝတ္ထုများ




အောင်မြင့်ဦး

အောင်သာမိ

ကျော်မင်းနိုင်

မောင်ညီမိုင်း( သန့်လျင် )

နီတာဦး( ဥက္ကာမြေ )


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၅၉၀၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၇၅၅၀၅၀၆

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ (၂၀၀၅၊ ဩဂုတ်လ)
အုပ်ရေ ။ (၅၀၀)
မျက်နှာဖုံး ။ အောင်နိုင်လတ်
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ)၊
၁၁၃၁(က)၊ ဉယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်)၊ ရန်ကုန်မြို့။

တန်ဖိုး ။ ၅၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| အမြဲရှိနေမယ် | ၁ |
| အောင်မြတ်ဦး | |
| အိပ်မက်ဝက်ပါ မာယာခရုပတ် | ၁၃ |
| အောင်သာမိုး | |
| နှစ်သက်မှာတစ်ခါဆုံတယ် | ၄၇ |
| ကျော်မင်းနိုင် | |
| မြွေအလံမှာယ်ကျောက်ခဲ | ၆၀ |
| မောင်ညီမှိုင်း(သန်လျင်) | |
| နေမထူးအောင်စိန် | ၇၃ |
| နီတာဦး(ဥက္ကာမြေ) | |
| စောရနကွတ် | ၈၉ |
| နီတာဦး(ဥက္ကာမြေ) | |
| အရွယ်ငယ်ငယ် ရုပ်ချောချော အပြောကောင်းကောင်း | ၁၀၂ |
| ကျော်မင်းနိုင် | |
| ပိုင်ရှင်မဲ့လိပ်ပြာ | ၁၁၄ |
| အောင်မြတ်ဦး | |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## အမြဲရှိနေမယ်

စိတ်ထဲမှာ မကြည်လင်၊ ဒေါသလား၊ မကျေနပ်ခြင်းလား ပိုင်ပိုင် ပြောရခက်သည်။ တစ်ခုရှိသည်က ခုတလော မိမိ၏ လုပ်ဆောင်မှုများသည် မပြတ်မသားရှိနေသည်ထင်ရ၏။ လျော့ရဲရဲ ဖြစ်နေသလိုပဲ။

'တစ်ခုတော့ စဉ်းစား ဆရာဝေ၊ ခုတလော ဆရာဝေမှာ ယိုပေါက် တစ်ခုရှိနေတယ်လို့ ကျွန်တော်ထင်တယ်လေ'

မကြုံစဖူး အဝေဖန်ခံခဲ့ရသည်။ သည်သို့ ကျွန်တော့်အား ဝေဖန် လိုက်သူက စခန်းမှူး ဦးကျော်စံလှဖြစ်၏။ ဦးကျော်စံလှသည် အရာရှိတစ် ယောက် ဖြစ်သော်လည်း လက်အောက်ငယ်သားများအား အလွန်တရာ ညှာတာ ထောက်ထားသူ ဖြစ်သည်။ ချီးမြှောက်ထိုက်သူအား ချီးမြှောက် တတ်သော်လည်း အပြစ်ရှိသောသူကိုမူ ညှာညှာတာတာ အပြစ်ပေးတတ် သည်။ ရင်ဝယ်သားကဲ့သို့ ထား၏။

ယခု ဦးကျော်စံလှ ကျွန်တော့်အား ဝေဖန်လိုက်ပုံကလည်း တစ်ထစ်လျှော့ကာ ဝေဖန်လိုက်ကြောင်း ကျွန်တော်နားလည်ထားသည်။

စင်စစ် ယခုကိစ္စက ဦးကျော်စံလှအနေနှင့် ကျွန်တော့်အား အတော်ကလေး ပြင်းပြင်းထန်ထန် ဝေဖန်လို့ ရလေသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော့် ချို့ယွင်းချက်က နည်းနည်းမဟုတ်။ တစ်ခါမဟုတ်၊ သုံးခါရှိ၏။

အဆိုးဆုံးက ယခုနောက်ဆုံး အချိန်ဖြစ်သည့်အဖြစ်။

ကျွန်တော် မမေ့နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

○ **အောင်မြင့်ဦး**

၁-၁၀-၁၉၈၀၊ နံနက် ၁၀ နာရီ။

ကျွန်တော် အပြင်တွင် ရှိသည်။ စခန်းသို့ နံနက် ၇ နာရီအချိန် ရောက်ရှိပြီး အကြောင်း တစ်ခုရှိသဖြင့် ကျွန်တော်အပြင်သို့ ထွက်ခဲ့သည်။ ကျောက်ကလပ်တွင် ပြဿနာတစ်ခု ဖြေရှင်းရန် ဖြစ်သည်။ ညက ကျောက်ကလပ်မြို့စွန်တွင် ပြဿနာတစ်ခု ဖြစ်သည်။ လူသတ်မှုတစ်ခု ဖြစ်၏။ သေဆုံးသူမှာ အသက် ၁၅ နှစ်သာရှိသေး၏။ အသားဖြူသည် ရုပ်ဖြောင့်သည်။ သို့သော် လူငယ်၏ ဦးခေါင်းနှင့် မျက်နှာတွင် ဒဏ်ရာ ပြည့်နေ၏။ ညာဘက်တွင် ပွန်းပဲ့နေသည့် ဒဏ်ရာများ ရှိသည်။

ကျွန်တော်တို့ ရောက်ချိန်က နှောင်းနေပြီ။

ကျောက်ကလပ်မြို့စွန်တွင် ရှိသော ဖဲ့ဒီပ သစ်စက်မှ ညစောင့် လုပ်သား ဦးညိုတင်၏ ပြောပြချက်အရ ညက လူရွယ်သုံးဦး ရန်ဖြစ်သွား ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မကျေမနပ်နှင့် စကားများသွားကြကြောင်း၊ မကြာမီ ရှုန်းရင်းဆန်ခတ် ဖြစ်ပုံရကြောင်း၊ အော်သံကြားရကြောင်း ပြောပြသည်။

'ဦးညိုတင် သေသေချာချာ မြင်လိုက်သလား'

ကျွန်တော်က မေးသည်။

'ဟုတ်ကဲ့ သူတို့ သုံးယောက် ကျွန်တော့် ညစောင့် ကင်းတဲက လေးနားက သွားတာပဲ'

'မျက်နှာကော မြင်လိုက်သလား'

ဦးညိုမောင်က ခေါင်းခါသည်။

'ဖြစ်သွားတဲ့အချိန်က ဘယ်အချိန်လဲ၊ ပြီးတော့ အော်သံကြားတဲ့ အချိန်ကကော'

ဦးညိုမောင်က ချက်ခြင်းမဖြေ၊ ခေတ္တစဉ်းစားပြီး ဖြစ်သွားတဲ့ အချိန်က ည ၁၁ နာရီလောက်ပဲ၊ အော်သံကြားတော့ ဆယ့်နှစ်နာရီ ကျော်ပြီ' ဟုပြောသည်။

'ဦးညိုတင် သွားမကြည့်ဖူးလား သက်ဆိုင်ရာကို အကြောင်းကြား ဖို့ကော မစဉ်းစားမိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'သွားမကြည့်ဘူး၊ ကြည့်ဖို့လဲ မဖြစ်နိုင်ဘူးလေ၊ ကျွန်တော် သွားကြည့်နေတုန်း မသမာသူတစ်ယောက်ယောက် ဝင်သွားရင် ဘယ်လို လုပ်မလဲ၊ ဖုန်းဆက်ဖို့ ဆိုတော့လဲ ဖုန်း လွယ်လွယ်ကူကူ မရှိဘူး'

ကျွန်တော် ဘာမှ မပြောတော့ပါ။ အခင်းဖြစ်ပွားရာသို့ သွားကြည့်သည်။ ဒဏ်ရာအပြည့်နှင့် သေဆုံးနေသူ တစ်ယောက်ကို တွေ့ရ၏။ ပက်လက်အနေအထားဖြင့် သေနေခြင်းဖြစ်၏။ မျက်နှာက နုနယ်သည်။

ကျွန်တော်ချက်ခြင်း အလောင်းကို ဆေးရုံသို့ ယူခဲ့သည်။ မှုခင်း ဓါတ်ပုံဆရာမှ အလောင်းကို ထောင့်မျိုးစုံ ဓါတ်ပုံရိုက်သည်။

ထိုစဉ် သစ်စက်မှ အလုပ်သမားတစ်ယောက် ရောက်လာ၏။ တသောကမျောနှင့် ဖြစ်သည်။ အကြောင်းတစ်ခု ထူးပြီဟု သိနှင့်၏။

'ဘာအကြောင်းထူးလဲဟေ့'

ကျွန်တော် လှမ်းမေးလိုက်၏။

'ဆရာ ဟောဒီအတွက် ဖုန်းလာနေလို့'

'အေး ကောင်းပြီ'

ကျွန်တော် သစ်စက်သို့ အမြန်ပြန်လာခဲ့၏။ ယခုလို ဖုန်းဆက် တတည်းက အကြောင်းတစ်ခုထူးပြီဟု သိနှင့်၏။ ဖုန်းဆက်သူသည်လည်း အခြားသူမဖြစ်နိုင်။ စခန်းကသာ ဖြစ်မည်ဟု တွက်သည်။

ထင်သည့်အတိုင်းပဲ၊ ကျွန်တော် ဖုန်းကို ကိုင်လျှင်—

'ဆရာဝေလား'

တစ်ဖက်မှ မေးသံကြားရ၏။ အသံ ကြားလိုက်ကတည်းက စခန်းမှူး ဦးကျော်စံလှမှန်း သိလိုက်၏။

'ဟုတ်ကဲ့ဆရာ'

'ဆရာဝေရေ၊ အရေးကြီးတဲ့အကြောင်း ပေါ်လာလို့'

'ဒီမှာ လူသတ်မှု ဖြစ်နေတယ် ဒီလူသတ်မှုအတွက် ကျွန်တော် စိတ်ညစ်နေတယ်'

'ဒါလဲ ပြောချင်လို့ ဆရာဝေ ဒီလူသတ်မှုအတွက် တရားခံ ကိုယ်တိုင်လာပြီး အဖမ်းခံဖြောင့်ချက်ပေးနေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ . . . '

'မအံ့သြပါနဲ့ ဆရာဝေ၊ ဒီအဖြစ်မျိုးဟာ မထူးတော့ဘူး ထူးတာက မကြာခင်ဖြစ်တော့မယ့် အခြေအနေ'

'ဗျာ' ကျွန်တော် အံ့သြနေသည်။

'ဆရာဝေ နာရီဝက်အတွင်း ရွှေကြာရံဂိတ်ကို သွားပါ၊ ဒီနေ့ ဆေးတု ကုန်ကူးသူတစ်ယောက် ဒီလမ်းကဖြတ်မယ်၊ ဒါသတင်း အတိအကျပဲ'

'ကျွန်တော် ဘာဆက်လုပ်ရမယ် ပြောပါဆရာ'

စခန်းမှူး ဦးကျော်စံလုက 'ဒီဆေးတု ကုန်သည်ကို မိဖို့ လိုတယ် ဒါ အန္တရာယ်ပဲလေ' ဟု ပြောသည်။ ကျွန်တော်က 'ကောင်းပါပြီ ဆရာ ကျွန်တော် အခုပဲ သွားလိုက်ပါမယ်' ဟု ပြောပြ ဖုန်းချသည်။ အရေးကြီး နေသည်ကို သိသဖြင့် ချက်ခြင်း ရွှေကြာရံ ဂိတ်ဆီသို့ ဦးတည်လိုက်သည်။

ရွှေကြာရံဂိတ် . . . ။

ရွှေကြာရံဂိတ်သည် မြို့၏ အရှေ့ဘက်တွင်ရှိပြီး အဓိက မြို့အဝင် လမ်း ဖြစ်၏။ အထူးဂိတ်ဖြစ်၏ ကျွန်တော် ရွှေကြာရံဂိတ်သို့ ရောက်တော့ နံနက် ၉ နာရီရှိပြီးဖြစ်သည်။ ဂိတ်တာဝန်ကျများက ကျွန်တော့်ကို အသင့် ကြိုနေ၏။

ရွှေကြာရံ ဂိတ်၏ အဝင်အထွက်အများဆုံးအချိန် ဖြစ်၏။ ဂိတ် တာဝန်ကျ တပ်ဖွဲ့ဝင်များသည် ဂိတ်ဝင်လာသည့် ကားကြီးကားငယ် အသွယ် သွယ်ကို စစ်ဆေးရှာဖွေနေသည်။

ကျွန်တော် ရွှေကြာရံဂိတ်သို့ဝင်လျှင် ရဲတပ်ကြပ်ကြီး ဦးကောင်း ညွှန့်က 'ဆရာဝေ ဒီနေ့အဖို့ အတော်ပင်ပန်းနေပြီလားဟု မေး၏ ဦးကောင်းညွှန့် မေးသည့် သဘောကို ကျွန်တော်သိနေ၏။ ကျွန်တော် ပြုံးကာ 'ပင်ပန်းတယ်လို့ မဟုတ်ပါဘူး ဆရာကောင်းရယ်၊ တာဝန်' ဟု ပြောပြီး ဂိတ်တွင်းသို့ ဝင်ခဲ့၏။

ပြီးမှ 'ကဲ ဆရာကောင်းနားလေ၊ ကျွန်တော် ဆက်တာဝန်ယူ လိုက်မယ်' ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ ဆရာဝေ'

ကျွန်တော် အပြင်သို့ ငေးကာနဲ လှမ်းကြည့်လိုက်၏။ နံနက်ခင်းသည် နုသစ်လှပနေ၏။ ဝါဝင်းသော နေခြည်က တောက်ပစွာ ထွန်းသစ်နေပြီး လေချိုက သွေးလျက်၊ နံနက်ခင်း ဖြစ်သောကြောင့် ကားအသွားအလာ စိတ်လှ၏။

ထိုစဉ် ဦးကောင်းညွန့်က–

'ဆရာဝေလဲ ပင်ပန်းတဲ့အထဲ အပန်းဖြေဖို့ မေရီကလဲ မရှိတော့ အတော်ခြောက်သွေ့နေမှာပဲနော်' ဟု ပြောသည်။

'ဘာတတ်နိုင်မလဲဗျာ ခုတစ်လော မေရီ အမေကလဲ ချူခြာနေတယ်မဟုတ်လား၊ သမီးတစ်ယောက်ထဲဆိုတော့ မေရီအနေနဲ့ ဥပေက္ခာပြုဖို့လဲ မကောင်းဘူး မဟုတ်လား'

'မေရီ ဘယ်တော့ ပြန်လာမှာလဲ ဆရာဝေ'

'အတိအကျတော့ မသိဘူးဗျ၊ မေရီကလဲ ကျွန်တော့်ကို တစ်ယောက်ထဲ စိတ်ချတာ မဟုတ်ဘူးလေ၊ ပြန်လာမှာပါ'

'အဖွားကြီး မြန်မြန်ပြန်လာပါစေလို့ ကျွန်တော်လဲ ကုသိုလ်တောင်းပေးပါ့မယ် ဆရာဝေ'

ကျွန်တော် ပြုံးနေလိုက်၏။ တကယ်တော့ ကျွန်တော့်ကိုယ်တိုင်လဲ မေရီ ပြန်လာစေချင်ပြီ၊ ကျွန်တော်က ခင်မေရီအား သိပ်ချစ်လို့ ခွဲလဲ မနေနိုင်ချေ။ အခြေအနေအရ ခွဲနေရခြင်း ဖြစ်လေသည်။

ကျွန်တော် လမ်းမဘက်သို့ ထွက်ခဲ့၏။

နွေးမြမြ နေရောင်ခြည်အောက်မှ ဖြတ်သန်းခဲ့သည်။ ကျွန်တော် ရှာဖွေရေး ဂိတ်ဝသို့ရောက်လျှင် အဝေးပြေးဟိုင်းလပ် ကားတစ်စီးထိုးဆိုက်လာသည်။

'အရာရာ အသေအချာ စစ်ကြနော်'

ဟိုင်းလပ် ကားဆီသို့ ခပ်သွက်သွက် လှမ်းသွားသော တပ်သားများအား ကျွန်တော်လှမ်းသတိပေးလိုက်၏။ ကျွန်တော် ကိုယ်တိုင်လဲ ကားဆီသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . .

'ကိုဝေ'

ချိုလွင်သော အသံတစ်သံကြောင့် ကျွန်တော် ခြေလှမ်းများ တုန့်ကနဲ ရပ်သွား၏။ အသံလာရာဆီသို့ ဝေ့ကနဲ ကြည့်လိုက်၏။ လှစ်မြန်သော အကြည့်နှင့် အတူ ကျွန်တော့် ရင်ထဲအေးမြသွား၏။ လှိုက်လှဲ ဝမ်းသာသွားသည်ဟု ဆိုရလေမည်ထင့်။

'မေရီ'

'ကိုဝေ'

ကျွန်တော်သည် လူသူကင်းမဲ့သော နေရာတွင်ဆိုလျှင် မေရီအား အပြေးကလေး ထွေးဖက်လိုက်မိမည်လား မသိပါ။ ကျွန်တော် မေရီထံသို့ အပြေးကလေး သွားသည်။

မေရီက 'ဒီနေ့ ကိုဝေ ဒီမှာ တာဝန်လား' ဟုမေးသည်။

ကျွန်တော်က

'ဘာဖြစ်လို့လဲဟင်'

'အော် မေရီက ဒီနေ့အားရက်ထင်တာ'

'ညနေဆို ပြီးပါပြီ မေရီရဲ့'

'မေရီ တစ်ယောက်ထဲ အိမ်မှာ စောင့်နေရမှာနော်၊ မေရီလေ ကိုဝေ့ကို သိပ်လွမ်းနေတယ်'

မေရီက တိုးတိုးကလေးပြောသည်။ ကျွန်တော်ကလဲ မေရီနားသို့ ကပ်ကာ 'ကိုဝေလဲ လွမ်းနေတယ် မေရီ' ဟု ပြောလိုက်၏။

'မေရီ မျှော်နေမယ်နော်'

ကျွန်တော့်ရင်ထဲ မောနေ၏။ စဉ်းစားမရနိုင်အောင်လဲ ခံစားနေရ၏။ စင်စစ်မူ ကျွန်တော် ဤကိစ္စတစ်ခုအား ဖေါ့ပေါ့ဆဆ ပြုတတ်သူ မဟုတ်၊ အရာရာ စေ့စပ်သေချာသူဖြစ်၏။ အထူးသဖြင့် တာဝန် ဝတ္တရားနှင့် ပတ်သက်လျှင် ကျွန်တော်သည် ပိုမိုသေချာသူဖြစ်ပေသည်။

သည်နေ့က ကျွန်တော်သည် ရွှေကြာရုံဂိတ်တွင် တာဝန်ကျခဲ့၏။ ဆေးတုကုန်ကူးသူ အဖျက်သမားအား မိစေရန် အပတ်တကုတ် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေခဲ့၏။ အချိန်ကုန်သည့်တိုင်ဖြစ်၏။ အချိန်ကုန်မှပင် ကျွန်တော် လက်လျှော့ပြန်ခဲ့၏။

စခန်းကို ရောက်ပြီး ဦးကျော်စံလှ၏ အခန်းတွင်းသို့ ဝင်လိုက်သည်။

'အခြေအနေ ဘယ်လိုလဲ ဆရာဝေ'

ကျွန်တော် အရှိအသေပေးပြီး

'အချိန်ကုန်တဲ့အထိ ဘာမှမထူးဖူးဆရာ'

ဦးကျော်စံလှက ခေါင်းမတ်ကာ 'အင်းလေ၊ ဒါဆိုလဲ ဘာတတ်နိုင်မလဲ၊ သတင်းကတော့ အတိအကျပဲ၊ ဒီကြားထဲကလွတ်သွားတယ်ဆိုရင်တော့ ဘယ်တတ်နိုင်မလဲ၊ ကဲ ဆရာဝေ နားလည်လိုက်ဦး' ဟု ပြောသည်။

ကျွန်တော် ဦးကျော်စံလှအား အရှိအသေပေးကာ အခန်းတွင်းမှ ထွက်ခဲ့၏။

ကျွန်တော့်အဖို့ စခန်းထဲမှ အထွက်တွင် အတော်ကလေးအသိကအောက် ဖြစ်ခဲ့ရ၏။ အသေအချာ သတင်းရပါလျက် တရားခံအားမိလိုက်ဘူးဆိုတော့ ကျွန်တော့်ဘက်က ချို့ယွင်းသလို ဖြစ်နေသည်။ ဦးကျော်စံလှက ပွင့်လင်းပြတ်သားစွာ မပြောခဲ့သော်လည်း သူစကား ပြောပုံအား ဝေဖန်ဆန်းစစ်ကြည့်လျှင် သည်သဘောပဲ မဟုတ်လား။

တာဝန် ထမ်းဆောင်သည့် ကာလဝယ် မိမိသည် တာဝန်ကျေစွာ ထမ်းဆောင်သူဆိုတာ မိမိကိုယ်မိမိ အသိအဆုံးဖြစ်သည်။ ဒီနေ့ကိစ္စတွင်လည်း မိမိသည် လုံးဝဟာကွက် ပျော့ကွက်မရှိရလေအောင် ရှေးကြာရံစိတ်တွင် ကိုယ်တိုင်ကိုယ်ကျ ခရီးသည်များအား လည်းကောင်း၊ ကားများအားလည်းကောင်း၊ စစ်ဆေးခဲ့သည်။

လုံးဝမတွေ့။

'အို ဘာစတတ်နိုင်မလဲလေ၊ သတင်းဆိုတာ ပျက်ပြယ်တတ်တာပဲ၊ ငါလဲ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့တာပဲ'

ကိုယ့်စိတ်ကို ကိုယ်ဖြေသိမ့်ခဲ့သည်။ တာဝန် ဝတ္တရားနှင့် ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သည့် စိတ်များအား ဖြေသိမ့်ဖျောက်ဖျက် လိုက်ပြီဆိုတော့လည်း စိတ်ထဲတွင် သူ့အသွင်၊ သူ့သဏ္ဍာန်က တိုးဝင်လာ၏။ မေရီကိုပင် ဖြစ်၏။

'မေရီရေ ဒီနေ့တော့ အတိုးချ ချစ်လိုက်ရတော့မှာပဲ'

ကျွန်တော် တစ်ကိုယ်တည်း စကားဆိုလိုက်၏။

ခုတလော မပြေလည်ခြင်းများနှင့် စိတ်ဓါတ်ကျစရာ အဖြစ်တွေနှင့်သာ ရင်ဆိုင်ကြုံတွေ့နေရလေသည်။ ကြည့်လေ–အလုပ်အား ကြိုးစားလုပ်သည့်ကြားမှ ပြဿနာ ဝင်နေ၏။ တာဝန်ပျက်ကွက်မှု၊ တာဝန်ပေါ့လျော့မှုတွေနှင့်ချည်း ရင်ဆိုင်နေရ၏။

ယခုတလော ကျွန်တော့်အား ဒုက္ခအများဆုံး ပေးသူများသည် ဆေးတု ကုန်သည်များပင်၊ ကြည့် မနေ့ကလဲ သတင်း အတိအကျရသဖြင့် ရွှေကြာရုံဂိတ်တွင် သည်အဖွဲ့အား အပြတ်ဖမ်းရန် ကျွန်တော်စောင့်နေခဲ့သည်။

ဦးကျော်စံလှအား ဒီတစ်ခါတော့ ပိုသတိထား ဆရာဝေ၊ သတင်းက အတိအကျပဲ၊ ဆေးတုအဖွဲ့ဝင်တစ်ဦး ဒီနေ့ထွက်လိမ့်မယ်ဟု ပြောသည်။

'စိတ်ချပါ ဆရာ၊ ဒီတစ်ခါတော့ ကျွန်တော့် လက်က မလွတ်တော့ပါဘူး'

ကျွန်တော် ပြတ်သားစွာ ကတိပြုပြီး စခန်းမှ ထွက်ခဲ့သည်။ စင်စစ်တော့ ကျွန်တော့် စိတ်တွင်လည်း ကျွန်တော့်ကို အတော်ကလေး ဒုက္ခပေးနေသည်။ မကျေမနပ်လည်း ဖြစ်နေ၏။ ကျွန်တော့်ကို အရှုံးလုပ်ကာ လှည့်စားနေသည့် သည်အဖွဲ့အား အပြတ်နှိမ်ချင်သည်၊ ဥပဒေ ကွန်ချာဘောင်သို့ အရောက်သွားလိုက်ချင်ပြီ။

ထို့ကြောင့် ကျွန်တော် အစွမ်းကုန် ကြိုးစား ဖမ်းမည်ဟု ဆုံးဖြတ်တော့သည်။

သို့နှင့် ကျွန်တော်ရွှေကြာရုံဂိတ်သို့ ရောက်ခဲ့၏။ ရွှေကြာရုံဂိတ်သို့ရောက်လျှင် တစ်ဖွဲ့ဝင်များအား မှာကြားသင့်သည်ကို မှာကြားသည်။ သည်တစ်ခါတော့ အလွတ်မခံနိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြိုးစားသည်။

ကျွန်တော် သတိထားသည်။ သို့နှင့် အချိန်တို့ တရွေ့ရွေ့ကုန်သွား၏။

နေ့ခင်း ၂း၃၀ မိနစ်

နွေလလယ်ဖြစ်သောကြောင့် အပူရှိန်သည် ပြင်းပျလှ၏။ ကျဲကျဲပါးပါးကျလာသော နေခြည်စက်များသည်ပင် ပူနွေးနေသည်ဟု ထင်သည်။ နေရောင်ကား မဟုတ်ပါ။ နေရောင်အောက်မှ ဖြတ်သန်းလာသော လေသည်ပင် ပူနေသည်ထင်ရ၏။

ကျွန်တော်သည် စီးကရက်တစ်လိပ်အား ခပ်မျှင်းမျှင်းဖွာကာ ယူကလစ်ပင် အောက်တွင် ရပ်လျှက်။

သည်အခိုက် ရဲတပ်သားတစ်ဦးက 'ဆရာဝေ မမရောက်နေတယ်' ဟု လာပြော၏။ ရုတ်တရက် ကျွန်တော် ကြောင်သွား၏။ ရဲတပ်သားက "မမမေရီ ရောက်နေတယ် ဆရာဝေ" ဟု ထပ်ပြော၏။

'ဘာ မေရီ ရောက်နေတယ် ဟုတ်လား'

'ဟုတ်တယ်ဆရာ'

'အေး ကောင်းပြီ၊ ငါအခုပဲ လာမယ်'

ကျွန်တော်သည် စီးကရက်တိုအား မြေပြင်သို့ တောက်ပစ်လိုက်ကာ ဖိနပ်ဦးနှင့် နင်းချေလိုက်၏။ ပြီးမှ ခပ်သွက်သွက်ထွက်ခဲ့၏။

မေရီသည် ဂိတ်ရဲ့ နောက်ဖက် ထင်းရှူးပင် အောက်တွင် ရပ်နေ၏။ မေရီသည် သစ်လွင်သော အဝတ်အစားတွေနှင့် ဖြစ်၏။ မေရီ ခရီးသွားမည်ထင့်။

မေရီက ပြုံးလျှက်။

'ဘာလဲ မေရီဘာအကြောင်း ထူးလို့လဲ၊ ပြီးတော့ အဝတ်သစ်အစားသစ်လဲ လဲလို့ပါလား'

'ဟုတ်တယ် ကိုကိုဝေ၊ အိမ်က ဖုန်းလာတယ်လေ၊ မေမေဖောက်ပြီတဲ့၊ မေရီကို အမြန်လာဖို့မှာလို့ မေရီ ကိုကိုဝေကို မပြောဖြစ်တာ'

ကျွန်တော် လေပူကို ဖူးကာနဲ မှုတ်ထုတ်လိုက်၏။ ပြီးမှ အင်း



www.burmeseclassic.com

www.burmeseclassic.com



လေ ဒါဆိုလဲ သွားပေါ့' ဟု ပြောလိုက်၏။ ထို့ကြောင့် စိတ်ထဲတွင်မူ ကျေနပ်မှုမရှိပါ။ အထူးသဖြင့် ယခုလို အလုပ်ပင်ပန်းနေချိန်၊ အလုပ်အကိုင် အဆင်မပြေသည့်အချိန်တွင် အချစ်သည် အနားတွင် ရှိနေစေချင်သည်။ အချစ်သည် နွမ်းနယ် ပင်ပန်းမှုအား ပြေပျောက်စေသည် မဟုတ်လား။

မေရီက မေရီ အမြန်ဆုံး ပြန်လာမှာပါ ကိုကိုဝေ၊ မေမေနည်းနည်း နေကောင်းတာနဲ့ ပြန်လာခဲ့မှာပါ၊ မေရီလဲ ကိုကိုဝေ့ကို ထာဝရစိုပြေ သာယာနေစေချင်တာပါ ဟုပြောသည်။

ကျွန်တော် ဘာမှ မပြောပါ။

မေရီ ထွက်သွားသည့်အခါ ကျွန်တော် သက်ပြင်းမောကို ဟင်းကနဲ ချလိုက်မိပါသည်။

အဖြစ်အပျက်၊ အခြေခံအမှန်ကို ကျွန်တော် မပြောချင်တော့ပါ၊ ကံကြမ္မာ ငြိုလ်စီးလွန်းသည်ဟု ဆိုရမည်ထင့်၊ သည်နေ့ မေရီ ခရီးသွားသဖြင့် ကျွန်တော့် ရင်ထဲတွင် မရွှင်မလန်းဖြစ်ခဲ့သော်လည်း တာဝန်ကို ကျေပွန်စေခဲ့သည်။ သတင်းအရ ဖြစ်ပေါ်ခဲ့သည့် အကြောင်းမှန်ပေါ်ပေါက်စေရာ အသေအချာစစ်ဆေးခဲ့သည်။ သို့သော် အချိန်သာ တရွေ့ရွေ့ ကုန်လွန်ခဲ့သည် ဘာမှ မထူးခဲ့။

စခန်းကို ပြန်ရောက်လျှင် 'အခြေအနေဘယ်လိုလဲဆရာဝေ' ဟု ဦးကျော်စံလှက မေးသည်။

'ဘာမှ မထူးဘူး ဆရာရေ'

ဦးကျော်စံလှ သက်ပြင်းချပြီး–

'ဒီတစ်ခါလဲ ကျွန်တော်တို့ ခံရပြန်ပြီပေါ့ဗျာ၊ သတင်းအရ ဆိုရင်တော့ လွတ်သွားပြန်ပြီလေ'

ကျွန်တော် ဘာပြောရမည်မသိ၊ စိတ်ထဲတွင် အတော်ကလေး မကောင်း ဖြစ်ရပါသည်။ ပြီးတော့ ကျွန်တော့်တွင် အကြီးမားဆုံး ချို့ယွင်းချက် ရှိနေပြီဟု သိနှင့်နေသည်။ ကျွန်တော်၏ စစ်ဆေးမှုများသည် အမိ၏ သေချာ၏။ ဘာကြောင့် လွတ်သွားသနည်း။

အသေအချာ အပြန်ပြန် အလှန်လှန်စဉ်းစားလိုက်သော အခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တွင် ချိုယွင်းချက်ဟု ပြောစရာ တစ်ခုပဲရှိ၏။

ထိုချို့ယွင်းချက်သည် အခြားမဟုတ်။

ဤကား . . .

ကျွန်တော် ပြောင်းလွဲရတော့မည်လား။

သည်နေ့လဲ ကျွန်တော်ရွှေကြာရုံဂိတ်တွင် တာဝန်ကျ၏။ နံနက် ၁၁း၀၀နာရီ ခန့်တွင် ဖုန်းလာ၏။ ဖုန်းဆက်သူသည် စခန်းမှူး ဦးကျော်စံလှ ဖြစ်၏။

'အမိန့်ရှိပါ ဆရာ'

ကျွန်တော်က ဖုန်းခွက်ကို ကိုင်ရင်းမှ သူပြောလာမည့် စကားအား ငံ့လင့်နေမိသည်။ ဒီလို ဖုန်းဆက်ကတည်းက ဦးကျော်စံလှတွင် အကြောင်းထူး တစ်စုံတရာ ရှိနေမည်ဟု ကျွန်တော် သိထားသည်။

'အရေးကြီးတဲ့ စကားပြောမလို့ ဆရာဝေ'

'ဟုတ်ကဲ့ ပြောပါ'

ကျွန်တော် ဂရုတစိုက် နားထောင်နေသည်။ အရေးကြီးသည့် စကား ဖြစ်မည်ဟု ကြိုတင်တွက်ဆထားသဖြင့် သည်အမှားအယွင်း အတိမ်းအစောင်းမရှိရလေအောင် သတိထား နားထောင်နေခြင်းဖြစ်၏။ ကျွန်တော်သည် အရာရာအား တိကျစေလိုသော ဆန္ဒရှိသောကြောင့် စစ်ဆေးရေးဂိတ်တွင်းရှိ နာရီအား လှမ်းကြည့်လိုက်၏။ နံနက် ၉း၃၀ မိနစ် ရှိလေပြီ။ ထိုစဉ် ဦးကျော်စံလှ စကားသံပေါ်လာ၏။

'သတင်း အတိအကျထပ်လာတယ် ဆရာဝေ၊ တရားခံဟာ ဒီဂိတ်ကနေ ကျိန်းသေဖြတ်လိမ့်မယ်၊ အင်ဒိုနီးရှား ပါတိတ် မရမ်းစေ့ရောင် အင်္ကျီဆက်ဝတ်ထားတယ်'

'ကောင်းပြီဆရာ'

ကိစ္စပြီးပြီ ဖုန်းကို ပခက်တွင်းသို့ ပြန်ထည့်ပြီး အပြင်သို့ ထွက်ခဲ့၏။ သေပြေအေးက နော့်သွေးတိုက်ခတ်နေ၏။ နေခြည်က နွေးမြမြ ကျွန်တော့် မီးကားရက် တစ်လိပ်ထုတ်ကာ မီးညှိလိုက်စဉ် အပြာရောင် ပါပလင်ကား တစ်စီး ဆိုက်လာ၏။ တစ်ဖွဲ့ဝင်များက ကားကို စစ်ဆေးနေစဉ် တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကျွန်တော့်ထံသို့ ပြေးလာနေ၏။ သူ . . . ။ သူမှန်း သိလိုက် သော်လည်း ကျွန်တော် မပျော်နိုင်။ သူက အင်ဒိုနီးရှားပါတိတ် ခရမ်းစေ့ရောင် ဝမ်းဆက် နှင့်။

'ကိုကိုရေ . . '

သူ့အသံ

ကျွန်တော်သည် ချစ်ဖနီးမေရီအား ကြည့်ရင်းမှ အောက်နှုတ်ခမ်းကို တင်းကြပ်စွာ ဖိကိုက်လျှက်။ ချစ်ခြင်းမေတ္တာ၊ တာဝန်ဆိုသော အသိတွေ နှလုံးသားတွင် ဘောင်ဘင်ခတ်နေ၏။ သူအနီးသို့ရောက်လျှင် သူ့လက်တွင်းမှ လက်ဆွဲအိတ်ကို ဆွဲယူလိုက်၏။

'အို . . . ကိုကိုဝေ၊ အထဲမှာ ထမီတွေ'

သူလက်ကို ရုပ်လိုက်သော်လည်း ကျွန်တော် ဆွဲယူလိုက်သည်။ ပြီးနောက် လက်ဆွဲအိတ်ကိုဖွင့်ကာ အထုပ်တစ်ခုကို ဆွဲထုတ်လိုက်၏။ အင်္ကျီနှင့်လုံချည်၊ ပြီးတော့ ဆေးတုများ။

'အို . . '

အဖြစ်အပျက် မြန်ဆန်လှသောကြောင့် မေရီကြောင်နေ၏။ တအံ့တသြကလေးလဲ ဖြစ်နေ၏။ ကျွန်တော်ကမူ ခါးပတ်တွင် ချိတ်ထားသည့် ငွေရောင်တောက်ပနေသော လက်ထိပ်ကွင်းကို ဆွဲဖြုတ်လိုက်ပြီး ပြီးတော့ ပြီးတော့ . . . ။

'ကို . . . ကို . . . ဝေ'

ကျွန်တော် မေရီကို မကြည့်ရက်တော့ပါ။

"ကိုကို့ကို ခွင့်လွှတ်ပါ မေရီ၊ ကိုကိုဟာ နိုင်ငံ ဝန်ထမ်းတစ်ဦး ပါ၊ အချစ်ကြောင့် တာဝန်ပျက်သူ မဖြစ်သင့်ဘူး၊ ကိုကိုမေရီကို အချစ် မပြယ်ပါဘူး ၊ အချစ်နဲ့ အတူ အမြဲရှိနေမှာပါ၊ ခုတော့ . . . ခုတော့'

ကျွန်တော် မိုးကောင်းကင်ကို အဓိပ္ပာယ်မဲ့ ကြည့်နေမိပါသည်။

အောင်မြတ်ဦး

မှုခင်းစုံ၊ ဧပြီလ၊ ၁၉၉၀ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ဝက်ပါ
## မာယာခရုပတ်

[ ၁ ]

မြက်ခင်းစိမ်းစိမ်း . . . ၊ ချုံနွယ်ပင်များ . . . ။ ဒယ်အိုးခပ်ပက်ပက်ကို မှောက်ထားသလို ပြေပြေကလေး မှောက်ထားသလို ပြေပြေကလေး ခုံးမောက်နေသည့် ကမူမို့မို့များ . . . ။ အရှေ့ဘက် 'သေလာ' တောင်တန်းကြီးနှင့် ဆက်စပ်နေသည့် တောင်စွယ်ကလေးများ . . . ။ ပြီးလျှင် အောက်ခြေတွင် ရှင်းလင်းနေသည့်တောတန်း . . . . ။ သည်ပတ်ဝန်းကျင် တစ်ခုတွင် နှင်းငွေ့တွေ ဝေရီ မှိုင်းပျနေဆဲ ဖြစ်လေသည်။

စင်စစ် သည်ဝန်းကျင်သည် လူသူမနီးသည့်အရပ်တော့ မဟုတ်ချေ။ တောင်စခန်း မြို့ငယ်တစ်မြို့ဖြစ်သော 'ဝေဘူလ'၏ ဆင်ခြေဖုံး ဒေသတစ်ခု ဖြစ်သည်။ သည်ဝန်းကျင်တွင် ဟိုနားတစ်စု၊ သည်နားတစ်စု ယာတဲကလေးများရှိသည်။ အချို့သော တောင်ခိုးငွေ့မှုန်းထဲတွင် အနောက်တိုင်း ဆန်ဆန် ဆောက်ထားသော အုတ်တိုက်ငယ်လေးများလည်း ရှိတတ်သည်။ သည်မှာ အထင်ရှားဆုံးကတော့ "သီဟ"ဟိုတယ် ဖြစ်၏။

ဝေဘူလသို့ "သိန်းသူ" ရောက်နေသည်မှာ ကာလအတော်ကြာခဲ့ပြီ။ အေးအေးဆေးဆေး အနားယူလျက်ရှိသည်။ ရည်ရွယ်ချက်မှာ 'စိတ်အပန်းဖြေပြီး ဝတ္ထုရှည်ကြီးတစ်ပုဒ် ရေးသားရန်ဖြစ်သည်။ သူသည် 'သည်းထိတ်ရင်ဖို' ဝတ္ထုများဖြင့် နာမည်ထင်ရှားနေသော စာရေးဆရာတစ်ယောက်

www.burmeseclassic.com



ဖြစ်၏။ များသောအားဖြင့် သူသည် စိတ်တုန်လှုပ်ချောက်ချားဖွယ်ရာများ၊ စိတ်ဝေဒနာများအကြောင်းကို ရေးသားလေ့ရှိသည်။ တစ်ခါတစ်ရံလည်း ဘမလွန်ဝိညာဉ်လောက အကြောင်းအနောက်တိုင်း စာအုပ်အချို့မှ အချက်အလက်များကို ယူပြီး၊ စိတ်ဝေဒနာနှင့်ပေါင်းစပ်ကာ လူကြိုက်များသော ဇာတ်လမ်းများကို ဖန်တီးတတ်သည်။ သို့သော် . . . သူကိုယ်တိုင်ကား ဝိညာဉ်အကြောင်း၊ စိတ်အကြောင်း ဘာမျှမသိ။

သိခ်သူသည် သူ၏နောက်ဆုံး လုံးချင်းဝတ္ထုစာအုပ် ထွက်ပြီးကတည်းက သီဟ ဟိုတယ်သို့ရောက်ခဲ့သည်။ သည်မှာက သူတည်းခိုခ မပေးရ။ အစားအသောက်အတွက်လည်း မကုန်ကျ။ ဟိုတယ်ပိုင်ရှင်မှာ သူ့ ဘကြီးအရင်းဖြစ်သည်။ သူ့အဖေ၏ အစ်ကိုကြီးဖြစ်သည်။ သည်တော့ စာတစ်အုပ်ထွက်ပြီးတိုင်း သည်ဟိုတယ်မှာ တစ်လနှစ်လ အနားယူကာ နောက်တစ်အုပ် ဆက်ရေးသည့် အလေ့အထကို ဟို . . . နာမည်ထွက်စကတည်းက သိခ်သူ ကျင့်သုံးခဲ့သည်။ ယခုတော့ ထိုအလေ့သည် စွဲမြဲခဲ့ပြီဖြစ်၏။

သိခ်သူသည် နှင်းတို့ဖြင့် စွတ်စိုစိမ်းသစ်နေသော မြက်ခင်းပြင်ကို ဖြတ်လျှောက်လာခဲ့သည်။ နေရောင်ခြည်သည် သူ့ရှေ့က တောတန်းကလေးပေါ် ထိုးဖောက်ဖြာကျနေ၏။ စောစောက ပြာမှိုင်းနေသော နှင်းထုသည် ယခု လိမ္မော်နုရောင် ပြေးလျှက်ရှိသည်။

သည်မြက်ခင်းကို ဖြတ်ပြီးလျှင် ရှေ့မှာ လိပ်ကျောက်ကုန်းသဖွယ် တောင်ကတုံး (တောင်ခေါင်းတုံး)တစ်ခု၊ သည်နေရာရောက်လျှင် သိခ်သူ နောက်ပြန်လှည့်စမြဲ။ သူသည် နံနက်ခင်း လမ်းလျှောက်ခရီးစဉ်ကို သည်နေရာအထိပဲ သတ်မှတ်ထားသည်။ ဟိုတယ်မှဆိုလျှင် သုံးမိုင်ခန့် ရှိမည်ဟု မှန်းဆသည်။ နေခြည်နွေးစတွင် သည်မှပြန်၊ ဟိုတယ်ရောက်လျှင် ရေချိုး၊ နံနက်ခင်းစာစား၊ ပြီးလျှင် စာရေးချင်ရေး၊ ရေးချင်စိတ်မရှိလျှင် စာဖတ်မည်။

သိခ်သူသည် နောက်ဆုံးခြေလှမ်းကို တောင်ကတုံးပေါ်တွင် ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး . . . ကယ်ကြပါရှင်၊ ကျွန်မကို သတ်နေပါပြီ"

အမျိုးသမီးတစ်ယောက်၏ အော်သံဖြစ်သည်။ ဦးစွာ "အမယ်လေး"ဟူသော အသံက ကျယ်လောင်ပွင့်ထွက်လာသည်။ နောက်အသံများကား ပြေးလွှားရုန်းကန်ရင်း အော်လိုက်ပုံရသည်။ စူးအက်တုန်ခိုက်လျက်ရှိသည်။

သိခ်သူသည် အသံထွက်ပေါ်လာရာသို့ ပြေးလာခဲ့သည်။ သိပ်ဝေးမည်မဟုတ်။ လက်လှမ်းတစ်မိုင်မှာ ရှိမည်လားဟုပင် ထင်ရသည်။ တောင်ကတုံးတစ်ဘက်ကို ပြေးဆင်းသည်။ ဝါးတစ်ရိုက်ခန့်သာ ကျယ်သည့် လျှိုမြောင်ကလေးတစ်ခုကို ဖြတ်ရသည်။ တောင်စွယ်ကလေးတစ်ခု ဆီးနေသည်။ ကျော်တက်လျှင်လည်း ရသည်။ ပတ်သွားလျှင်လည်း ရသည်။ သိခ်သူကျော်တက်လိုက်သည်။ ဟိုဘက်တောင်ကြားတွင် အနောက်တိုင်း လယ်တဲအိမ် (Cottage) ဆန်သော အိမ်ကလေးတစ်ဆောင်ကို တွေ့လိုက်ရသည်။ သိခ်သူတောင်စောင်းအတိုင်း ပြေးဆင်းလိုက်သည်။ မိနစ် အနည်းငယ်အတွင်းမှာပင် သူသည် အိမ်ကလေးရှေ့က ခြံတံခါးဝသို့ ရောက်သည်။

ခြံထဲတွင် မိန်းကလေး တစ်ယောက် . . . ။

ရောင်စုံအပွင့်တွေ ဝေဆာနေသော ပန်းခင်းကလေးထဲတွင် ရပ်လျက် သိခ်သူကို တအံ့တသြ ငေးကြည့်နေသည်။ စောစောက အော်လိုက်တာ သည်မိန်းကလေးပဲ ဖြစ်ရမည်ဟု သိခ်သူ တွေးသည်။ သို့သော် ထိုအတွေးကို ချက်ချင်းပြောင်းလဲပစ်လိုက်သည်။

မိန်းကလေး၏အသွင်အပြင်က ကြီးကြီးမားမား ကြောက်ရွံ့ထိတ်လန့်နေဟန်မရှိ။ သူ့ကို ကြည့်နေသော မိန်းကလေး၏ မျက်လုံးကြီးများမှာ နက်မှောင် ရွှန်းစိုလျက် မျက်တောင်ကော့များကား သိခ်သူနှင့်အကြည့်ချင်းဆုံခိုက် တဖျပ်ဖျပ် လှုပ်ခတ်သွားသည်။ တစ်ခဏငယ်အတွင်းမှာပင် သူမကို ချစ်စရာ မိန်းမချောလေး တစ်ယောက်အဖြစ် သိခ်သူခံစား သိရှိသွားလေသည်။

'အနှောင့်အယှက် ပေးတယ်လို့ မထင်နဲ့နော်၊ စောစောက မင်း

www.burmeseclassic.com



တစ်ခုခုများ အော်လိုက်သလားလို့''

ဟု သိမ်သူက စကားစသည်။

မိန်းကလေးက ညင်ညင်သာသာ ခေါင်းခါသည်။

''ဟင့်အင်း . . . ကျွန်မ ဘာမှ မအော်ပါဘူး''

''အော်သံတော့ ကြားလိုက်တယ်မဟုတ်လား။ အသံက ကိုယ်ရောစိတ်ပါ ကြည်လင်လန်းဆန်းနေသည်။ စိုးရိမ်သောက မရှိ။ ပင်ပန်းနွမ်းနယ်ခြင်းလည်း တစိုးတစိမျှ မဖြစ်ခဲ့။ ညကလည်း အိပ်ရေး ဝဝ အိပ်စက်ခဲ့ရသည်။ သူ့မှာ ကိုယ်ရောစိတ်ပါ အခြေအနေကောင်းသည်။

သည်ကဲ့သို့ ရဲစခန်းသို့ အကြောင်းကြားရမည်လား သူစဉ်းစားသည်။ သို့သော် စောစောက တောင်ကြားအိမ်ကလေးမှ မိန်းကလေး သူ့ကို ကြည့်သလို သံသယမျက်လုံးများဖြင့် အကြည့်ခံရမည်။ တကယ် ကြားခဲ့တာမှ ဟုတ်ရဲ့လားဟု မေးလျှင် သူဒေါသထွက်ရုံမှအပ ဘာအကျိုးမျှရမည် မဟုတ်။

ဟော . . သူပြောနိုင်တာ တစ်ခုထပ်မံတွေ့ရှိလာသည်။ အချိန်။ သူသည် အော်သံမကြားမီအချိန်ကလေးတွင် သူ့နာရီကို အမှတ်မထင် ကြည့်ခဲ့မိသည်ကို သတိရသည်။ အမျိုးသမီးတစ်ယောက်၏ အော်သံကို သူကြားလိုက်ရသည့်အချိန်အား အနီးကပ်ဆုံး ခန့်မှန်းကြည့်သည်။

နံနက် ခုနစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်။

[ ၂ ]

ယနေ့နံနက်တွင် သိမ်သူဟိုတယ်က စောစောထွက်ခဲ့သည်။ ခရီးဆုံးကို နည်းနည်းဆန့်ထုတ်လိုက်သည်။ တောင်ကတုံး ထိပ်တွင် မရပ်၊ လျှိုထဲသို့ ဆင်းသည်။ တောင်စွယ်ကလေးပေါ်သို့ တက်သည်။ ကုန်းထိပ်သို့ရောက်သောအခါ တောင်ကြားအိမ်ကလေးဆီသို့ လှမ်းကြည့်လိုက်သည်။ မျှော်လင့်သည့်အတိုင်းပင် ပန်းခင်းထဲမှာ မိန်းကလေးကို လှမ်းမြင်ရသည်။ သိမ်သူက လက်ပြ၍ နှုတ်ဆက်သည်။ မိန်းကလေးက အသိအမှတ်ပြုပါသည်-ဟူသည့် သဘောဖြင့် ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုတော့လည်း နံနက်ခင်းသည် ကြည်နူးစရာပါတကား။ မနေ့က ကြားခဲ့ရသော အော်သံကို သိခ်သူမေ့ပစ်လိုက်၏ စိတ်ကြောင်တာဟုပင် သူ့ကိုယ်သူအပြစ်တင်သည်။

သိခ်သူသည်မိန်းကလေးရှိရာသို့သွားလိုသည် သို့သော် သင့်မသင့်ချိန်ဆနေသည်။ မိန်းကလေးရှိရာသို့ လှမ်းကြည့်မိပြန်သည်။ မိန်းကလေးသည် ခေါင်းငုံ့လျက် ပန်းခူးနေ၏။ သိခ်သူလှည့်ပြန်ရန်စိတ်ကူးသည်၊ နောက်နေ့တွေ တွေ့နိုင်သေးသည်ပဲ။

သိခ်သူကျောခိုင်းလိုက်သည်။ အမှတ်မထင်လက်က နာရီကို ကြည့်ဖြစ်သည်။ သူ့နှုတ်က လွှတ်ခနဲအသံထွက်သွားသည်။

"အလို့ . . . ခုနစ်နာရီနဲ့နှစ်ဆယ့်ငါး" သိခ်သူ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွား၏။ သူ့နောက်ကျောဘက်က ကြားလိုက်ရသော အသံ။

"အမယ်လေး . . . ကယ်ကြပါရှင်၊ ကျွန်မကို သတ်နေပါပြီ"

သိခ်သူ ဆတ်ခနဲ နောက်သို့လှည့်သည်။ တောင်ကြားအိမ်ကလေးဆီသို့အကြည့်ရောက်သည်။ မိန်းကလေးသည် ခြံဝမှာ ရောက်နေ၏ သူ့ဆီသို့လှမ်းကြည့်နေသည်။

သိခ်သူပြေးဆင်းသွားသည်။ အနားမရောက်မီ အော်မေးလိုက်၏။

"ကဲ–ဘယ့်နှယ်လဲ၊ ဒီတစ်ခါတော့ ကြားလိုက်ပြီမဟုတ်လား"

မိန်းကလေးသည် သိခ်သူအားမျက်လုံး အဝိုင်းသားဖြင့် ကြည့်နေသည်။ သူမ၏ မျက်လုံးအကြည့်များထဲတွင်အံ့ဩခြင်း၊ ရှုပ်ထွေးခြင်းနှင့် သေိနားမလည်ခြင်း အဓိပ္ပာယ်တွေကို သိခ်သူဖတ်၍ ရသည်။

မိန်းကလေးသည် ခေါင်းခါလျက် "ကျွန်မ ဘာသံမှ မကြားပါဘူးရှင်" ဟု ပင်ကိုအသံလေးဖြင့် ပြောသည်။ ဘာကြောင့်မှန်းမသိ မိန်းကလေးတကယ် ပြောနေသည်ဟု သိခ်သူ ယုံကြည်သွားသည်။

သည်လို့ ဆိုလျှင် . . . သည်လိုဆိုလျှင် . . . မိန်းကလေးမေးမြန်းနေသံကို သိခ်သူကြားရသည်။

"ရှင်က ဘယ်လိုကြောင့်၊ ဒီအနားရောက်ရင် အသံတွေ ကြား

www.burmeseclassic.com



နေရတာလဲပဲဟင်''

အဖြေကို သူလည်းသိချင်သည်။ သူ့ကိုသူလည်း ပြန်မေးရသည့် မေးခွန်းဖြစ်သည်။

သိခ်သူ သူ့ကိုယ်သူ မယုံတော့။ သူ့အကြားအာရုံခံ နာဗ်ကြော အဖွဲ့သည် တစ်စုံတစ်ခု ချွတ်ယွင်းခဲ့ပြီလားဟု သံသယဖြစ်သည်။ မိန်းကလေးရှေ့မှာ သူကြာကြာမနေရဲ။ ပြီးစလွယ်နှုတ်ဆက်ပြီးထွက်လာခဲ့သည်။

မနေ့က သည်လောက်မခံစားရ စိတ်စနောင့်စနင်းဖြစ်ရုံသာရှိသည်။ တစ်ကြိမ် တစ်ခါ အမြင် အာရုံအကြားအာရုံတို့ ဖောက်ပြန်တတ်သည်မှာ မဆန်း။ ယခုတော့–နှစ်ရက်ဆက်တိုက်။ တစ်နေရာတည်း။ တစ်ချိန်တည်း။ ကြားရသော အသံမှာလည်း တစ်သံတည်း။ သိခ်သူ တစ်နေ့လုံးဘာမျှ လုပ်၍မရအောင် စိတ်ရှုပ်နေသည်။

စောစောအိပ်ရာဝင်ခဲ့သည်။ အိပ်၍မပျော်။ အဖြေရှာမရသော အတွေးများဖြင့် မျက်လုံးကြောင်နေခဲ့သည်။ ခါတိုင်းအိပ်ပျော်ချိန်ထက် များစွာ နောက်ကျပြီးမှ အိပ်ရာကနိုးသည်။

လက်ဦးတွင်မူ လမ်းလျှောက်မထွက်တော့ဟုစိတ်ကူးသည်။ သို့သော်စိတ်ထဲတွင် မတင်မကျ စလုံးစချိန်ဖြစ်နေသည်ကို ရှင်းလင်းစွာ သိလို သည်။ နှစ်ရက်ဆက်တိုက် တစ်ချိန်းတည်း၊ တစ်နေရာတည်းမှာ ကြားခဲ့ ရသော အသံကို ယနေ့ ဆက်ကြားရဦးမည်လား။ မနေ့ကဖြစ်ပုံအရ ဆိုလျှင် ထိုအသံကို မိမိတစ်ယောက်တည်းသာ ကြားရခြင်းဖြစ်သည်။ မိမိနှင့် မလှမ်းမကမ်းတွင် ရှိနေသော တောင်ကြား အိမ်ကလေးက မိန်းကလေးသည် လုံးဝ မကြားဟု ဆိုသည်။ သည်ကိစ္စတွေ ပို၍သေချာအောင် ယနေ့ လေ့လာ ဦးမည်။ ပြီး တောင်ကြားအိမ်က မိန်းကလေးကို သူတွေ့ချင်သည်။ ဘာကြောင့်မသိ၊ သည်မိန်းကလေးကို ပထမနေ့ ကတည်းကပင် သိခ်သူ ငြိတွယ်ချင်သည်။

သိခ်သူ ဟိုတယ်က အထွက် နောက်ကျသည်။ လိမ္မော်ရောင် နေခြည်သည် မြက်ခင်းပေါ်သို့ ရဲရဲတင်းတင်း ဖြန့်ခင်းလာသောအချိန်တွင် တောင်ကတုံးနှင့် ကိုက်နှစ်ရာခန့်ဝေးနေသေးသည်။ သူသည် ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသွက်သွက်လှမ်းသည်။ ကိုယ်မှာ ချွေးစလေးတွေပင် စို့လာသည်။

တောင်ကတုံး ခြေရင်းသို့ရောက်သည်။ သိခ်သူ ဘယ်လက်ကို မြှောက်၍ နာရီ ကြည့်သည်။ ခုနာရီနှင့် နှစ်ဆယ့် ငါးမိနစ်တိတိ။ သူ့တောင်ပေါ်သို့ အချိန်ကိုက် မရောက်နိုင်တော့။

ဟော။

"အမယ်လေး. . . ကယ်ကြပါရှင်၊ ကျွန်မကို သတ်နေပါပြီ"

အသံသည် တောင်ထိပ်ပေါ်တွင် ကြားရစဉ်ကလောက် မကျယ်။ ကြည်လင်ပြတ်သားခြင်းလည်း မရှိ။ အသံထွက်ပေါ်လာရာ အရပ်ကို သိခ်သူ သေွးအေးအေးဖြင့် ခန့်မှန်းသည်။ တောင်ကတုံး၏ ဟိုဘက် တောင်စွယ် သို့မဟုတ် တောင်ကြား အိမ်ကလေး ပတ်ဝန်းကျင်။

သိခ် ခေါင်းရှုပ်သွားသည်။

ဆက်လှမ်းနေသော ခြေလှမ်းများ နှေးကွေးလေးလံသည်။

တောင်စွယ်ကျောပေါ်သို့ ရောက်သောအခါ အလိုအလျောက် တောင်ကြားအိမ်ကလေးဆီသို့ ငုံ့ကြည့်ဖြစ်သည်။ ဟိုနေ့တွေကလိုပင် မိန်းကလေးသည်။ တောက်ပသော နေရောင်အောက်က ပန်းရောင်စုံတွေ ဖွင့်ဝေနေသည့်ကြားထဲတွင် မိန်းကလေး၏ အလှသည် ပို၍ တောက်ပနေသလို မြင်ရသည်။

တောင်ပေါ်သို့ လှမ်းမျှော်ကြည့်သော မိန်းကလေးနှင့် အကြည့်ချင်းဆုံသည်။ သူသည် လက်တစ်ဖက်ကို မြှောက်၍ ဝေ့ယမ်းပြသည်။ မိန်းကလေး၏ လက်ဖြူဖြူကလေး လေထဲတွင် လှုပ်ရှားနေသည်ကို မြင်ရသည်။ သိခ်သူ အပြေးကလေး ဆင်းသွားသည်။ မိန်းကလေးက ခြံဝမှ ထွက်၍ ကြိုနေသည်။

"ဒီနေ့. . . နေရောင်ခြည်က ပိုပြီးတောက်ပနေသလိုပဲနော်"

သိခ်သူစကား မရှိ စကားရှာ၍ ပြောသည်။ မရေရာသော အော်သံအကြောင်း စကားမစပြစ်အောင် သူကြိုးစားလိုက်ခြင်းဖြစ်ကြောင်း သူ့ဖာသာ သိသည်။

မိန်းကလေးက ခေါင်းညိတ်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . နေက သိပ်ပြီး စူးစူးရှဲရှဲ တောက်ပလွန်းတယ်၊ ကျွန်မရဲ့ ပန်းကလေးတွေတောင် ညှိုးကုန်မလား စိုးရိမ်နေရတယ်"

"ဒီလောက်တောင်လဲ မဟုတ်ပါဘူးကွယ် . . ပန်းကလေးတွေဟာ စောစောက နှင်းတွေပြည့်ပြည့်ဝဝ ရထားလိုက်ပြီပဲ"

"ခုလို နေရောင်တောက်ပနေတော့-လူ့စိတ်ဟာလဲ အလိုလိုလန်းဆန်းတက်ကြွနေတတ်တာပေါ့။ ဒီနေ့ . . ရှင့်ကြည့်ရတာ စိတ်ကြည်လင်နေပုံရတယ်"

မိန်းကလေးသည် သိခ်သူ၏ မျက်လုံးများကို တစ်ချက်မျှ အကဲခတ်သလို ကြည့်ပြီးပြောသည်။ သိခ်သူနည်းနည်းတော့အောင့်သွား၏။ သည်အမျိုးသမီး သူ့ကို 'အရူး'ဟု ထင်နေလေသလားမသိ။

"အင်း . . အဲ . . . ကျွန်တော် . . ဒီနေ့ . . တော်တော်နေလို့ ကောင်းပါတယ်"

"ကောင်းပါလေ့ရှင်"

မိန်းကလေးက ဝမ်းသာဟန်ဖြင့် ဆိုသည်။ သိခ်သူကို ကြည့်သောမျက်လုံးရွှဲကြီးများတွင် ကရုဏာရိပ်တွေ လွှမ်းနေသည်ကို မြင်ရသည်။ မိန်းကလေးသည် သိခ်သူအား "သနားစရာ စိတ်ဝေဒနာသည်" တစ်ဦးဟု ထင်မှတ်နေမည်မှာ သေချာသည်။

[ ၃ ]

နံနက်စာကို စိတ်မပါတပါ စားနေစဉ် သူ့ရှေ့စားပွဲက လူကို သိခ်သူတစ်ချက် တစ်ချက် လှမ်းကြည့်မိသည်။ အသက် ငါးဆယ်ကျော်ရှိလောက်သာ ရှိဦးမည်။ ဥပဓိရုပ် ခန့်ညားသည်။ အနေအထိုင်တည်ကြည်သည်။ လေးစားလောက်ဖွယ် အပြင်အလျာရှိသည်။ အထူးသဖြင့် ထိုပုဂ္ဂိုလ်၏ မျက်လုံးများ။ မျက်လုံးများမှာ သေးငယ်သယောင်ရှိသော်လည်း စူးရှတောက်ပလျက်၊ ပြာလဲ့လဲ့အရောင်တစ်မျိုး ထွက်နေသလို ထင်ရသည်။ တစ်ဘက်သား၏ အတွင်းစိတ်ကို ထွင်းဖောက်မြင်နိုင်စွမ်းရှိသည့် မျက်လုံးမျိုးဖြစ်သည်။ သူ့အမည်မှာ "ဦးသုတ"ဖြစ်ကြောင်း သိခ်သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသုတသည်၊ သည်ပုဂိုလ်သို့ သိမ်ခံသူရောက်ပြီး သတင်းနှစ်ပတ်ခန့် အကြာကတည်းက ရောက်ရှိ တည်းခိုနေသည်။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးပွန်းတီးခြင်းမရှိသေးသော်လည်း အသိအကျွမ်းတော့ ဖြစ်နေသည်။ ခေါ်ထူး မေးပြောတော့ရှိသည်။ ဦးသုတသည် အထူးကု ဆရာဝန်ကြီး တစ်ယောက်ဖြစ်သည်ဟုလည်း ကြားဖူးသည်။ ဦးသုတ ကိုယ်တိုင်ကတော့ ဘာမျှ မပြောသေး။

ယခု သိမ်ခံသူသည် ဦးသုတကို ကြည့်ရင်း စဉ်းစားစရာတွေ များလာသည်။

နံနက် ခုနှစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်တိတိတွင် သုံးရက်ဆက်တိုက် သူ့နားနှင့် ဆတ်ဆတ်ကြားခဲ့ရသော အော်သံ။ ထိုအော်သံကို တောင်ကြား အိမ်ကလေးမှ မိန်းကလေးက မကြားဘူးဟုဆိုသည်။ ဘာအသံကိုမျှလည်း ထိုမိန်းကလေး မကြားဟု ဆိုသည်။

သို့ဆိုလျှင် ထိုဝန်းကျင်တွင် ထိုအချိန်က ဘာအသံမျှ မဖြစ်ပေါ်ခဲ့ဟူ၍ ကောက်ချက်ချရလိမ့်မည်။

ဘာအသံမျှ မဖြစ်ပေါ်ခဲ့ပါပဲလျက် မိမိက "ကြားသည်"ဟု "ကြားသိစိတ်"၌ စွဲနေခြင်းသည် စင်စစ် "ကြားယောင်ခြင်း"သာ ဖြစ်စရာ ရှိသည်။ သို့သော် သုံးရက်ဆက်တိုက် ကြားယောင်ခြင်း၊ အချိန် နှင့် နေရာ တိကျတူညီနေခြင်းတို့ကျတော့ ဘာပြောမည်နည်း။ တခြေ သရဲကို မယုံ။

အဆုံးတွင် မိမိ၏ ကျန်းမာရေးနှင့် ပတ်သက်၍ သိမ်ခံသူသံသယ ဝင်လာသည်။ တစ်ခုခု ချွတ်ယွင်းနေပြီဟု ထင်သည်။ ဘကြီးရှိလျှင်တော့ အကောင်းသား။ ဘကြီးက အတွေ့အကြုံ စုံသည်။ အကြားအမြင် နှံ့စပ် သည်။ သူ့ကို အကြံပေးနိုင်မည်။ လမ်းညွှန်နိုင်မည်။ ယခုတော့ ဘကြီးသည် သူ့အိမ်တွင် မရှိ။ ခရီးရှည်ကြီး ထွက်နေသည်။

သိမ်ခံသူ ဦးသုတကို လှမ်းကြည့်သည်။ ဦးသုတ သူ့ကို ကြည့်နေ သည်နှင့် သွားဆုံသည်။ ဦးသုတကို အားကိုးလိုစိတ်အလိုလို ဖြစ်ပေါ်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဦးသုတကို ချဉ်းကပ်လိုက်သည်။ သူတွေ့ကြုံခဲ့ရသည်တို့ကို ပြောပြလိုက်သည်။ ဦးသုတ သူ့ကို ကူညီနိုင်လိမ့်မည် ဟုသိမ်သူ ထင်သည်။ သည်မှာ ရုတ်တရက် အကြံသစ်တစ်ခု ပေါ်လာသည်။ သူသည် လောလော ဆယ် ဦးသုတကို ဖွင့်မပြောသေးဘဲ ထားမည်။ မနက်ဖြန် နံနက်လမ်း လျှောက် ထွက်သောအခါ ဦးသုတကို သူနှင့်အတူ အပါခေါ်သွားမည်။ အကယ်၍ ခုနစ်နာရီနှင့်ဆယ့်ငါးမိနစ်တွင် အော်သံထွက်ပေါ်လာပါက ဦးသုတ ကြားသည် မကြားသည်ကို သူသိရမည်။

ဦးသုတပါ ထိုအသံကို ကြားသည်ဆိုလျှင် တောင်ကြားအိမ်က မိန်းကလေး သူ့ကို လိမ်ညာဖုံးကွယ်နေတာဖြစ်မည်။ သည်ဝန်းကျင်တွင် တစ်စုံတစ်ခုသည် ထူးထူးခြားခြား ဖြစ်နေသည်ဟု မှတ်ရမည်။

အော်သံကို ဦးသုတမကြားဘူးဆိုလျှင်တော့ကား မိမိကိုယ်ထဲ စိတ်ထဲတွင် တစ်ခုခု ဖောက်လွဲဖောက်ပြန်ဖြစ်နေပြီဟု အတပ်ပြောရချေ တော့မည်။

သိမ်သူသည် နောက်တစ်နေ့နံနက်တွင် သူနှင့်အတူ လိုက်ပါ လမ်းလျှောက်ရန် ဦးသုတအား ချဉ်းကပ်ပြောဆိုရာ ဦးသုတက လိုလိုလား လား သဘောတူသည်။

သိမ်သူနှင့် ဦးသုတတို့သည် ခါတိုင်းသိမ်သူ ဟိုတယ်မှထွက်နေကျ အချိန် ထွက်လာခဲ့ကြသည်။ အေးအေးဆေးဆေး စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်။ စင်စစ် စာရေးဆရာက ပြောရမည့်စကားကို ဦးသုတက တစ်လျှောက်လုံး ပြောလာခဲ့ခြင်းဖြစ်သည်။ ဦးသုတသည် သည် ဝန်းကျင်၏ ရေ မြေ တောတောင်အလှနှင့် သဘာဝကို သရုပ်ထင်ထင်ပီပြင် အောင် ဖွဲ့နွဲ့ပြောဆိုနိုင်သည်။ ထို့နောက် သည်ဒေသတွင် ဝန်ထမ်းအဖြစ်က ပင်စင်ယူပြီး ''သီဟ''ဟိုတယ်ကို ထူထောင်အောင်မြင်ခဲ့သော သိမ်သူ၏ ဘကြီး ဦးသီဟကိုလည်း ချီးကျူးစကားတွေ တဖွဖွဆိုသည်။

သိမ်သူကား ရင်ဖိုနေသည်။ တောင်ကတုံးနှင့်နီးလာလေလေ သူ့ရင်ခုန်သံသည် တဒိတ်ဒိတ်နှင့် ကျယ်လောင်လာလေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ အချိန်ကိုက်ဖြစ်သည်။ တောင်ကတုံး ထိပ်ပေါ်အရောက်တွင် သိမ်သူနာရီကို ကြည့်ဖြစ်သည်။ ခုနစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်တိတိ။ သိမ်သူကိုယ်ကို မတ်မတ်ရပ်လျက် ဦးသုတကို ကြည့်သည်။ ဦးသုတကား ဘာမျှမသိသူပီပီ တောင်အောက် ရှုခင်းကို ငေးကြည့်နေသည်။

"ခဏနားကြတာပေါ့"ဟု ဦးသုတပြောသည်။

သိမ်သူ လက်ကနာရီကိုခိုးကြည့်ရင်း စိတ်လှုပ်ရှားနေသည်။

နာရီစက္ကန့်တိုင်ကလေးတစ်ရွေ့ ချင်းရွေ့နေသလို သိမ်သူ၏ နှလုံးသွေးသည်လည်း တဒိတ်ဒိတ်တိုးလျက်ရှိသည်။

တစ်မိနစ် . . ။

နှစ်မိနစ် . . . ။

သုံးမိနစ် . . . ။

အချိန်လွန်သွားပြီဖြစ်သည်။ အော်သံသည် ထွက်ပေါ်၍မလာတော့။ သိမ်သူသည် မှင်သက်ခိုးတစ်ချက်ကို ကျိတ်၍ချလိုက်သည်။

ဦးသုတသည် လက်ကိုင်ဇစ်အိတ်ငယ်လေးထဲမှ ဆေးတံနှင့် ဆေးမှုန့်အိတ်ကို ထုတ်၍ ဆေးတံသောက်ရန်ပြင်နေသည်။

သိမ်သူသည်တစ်ဒင်အတွင်း စိတ်လက်ပေါ့ပါးသွားဟန်ရှိသည်။ အော်သံမကြားရတော့သည့်အတွက် ရောဂါတစ်ခုကင်းပျောက်သွားသလို ခံစားရသည်။ ရင်ကိုဖွင့်၍ အသက်ပြင်းပြင်းတစ်ရှိုက်ရှူသွင်းလိုက်သည်။ နှာထုတ်သောလေတွင် အခိုးအငွေ့တွေပါသွားသည်။

ရွှေရောင် နေခြည်ဖြာကျနေသော တောတန်းထဲသို့ သိမ်သူလှမ်းကြည့်သည်။ နှင်းတို့ဝေနေဆဲဖြစ်သည်။ သစ်ပင်တစ်ပင်၏ အကိုင်းဖျားမှ ငှက်ပြာလေးတစ်ကောင် သုတ်ခနဲထပျံသည်။

"အမယ်လေး . . ကယ်ကြပါရှင် ကျွန်မကို သတ်နေပါပြီ"

သိမ်သူ တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားသည်။ အော်သံသည် သူ့ရင်ခေါင်း အတွင်းပိုင်းက ထွက်ပေါ်လာသလား ထင်ရအောင် ဟိန်းလောင်သည်။ လက်ကနာရီကို ဖျတ်ခနဲ ကြည့်လိုက်၏။ ခုနစ်နာရီခွဲ။

သိမ်သူသည် ဦးသုတကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသုတသည် ဓာတ်ငွေ့မီးခြစ်ကလေးမှ မီးတောက်ကလေးဖြင့် ဆေးတံကို မီးညှိလျက်ရှိသည်။ ဘာသံကိုမျှ ကြားလိုက်ဟန်မတူ၊ ပကတိ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။ ဦးသုတသည် ဆေးတံမီးညှိပြီးသော အခါ မီးခြစ်ကိုဘောင်းဘီ အိတ်ထဲသို့ ထိုးထည့်ရင်းသိမ်သူ ဘက်သို့ လှည့်ကြည့်သည်။ သူ့အကြည့်မှာ ဘာမျှထူးခြားမှုမရှိ။

သိမ်သူစိတ်သည် ထိန်းကွပ်မရအောင် လှုပ်ရှားလာသည်။နဖူးတွင် ချွေးတွေစို့ ထွက်လာသည်။ ရုတ်ခြည်း အားအင်ဆုတ်ယုတ်သွားသလို ခံစားရသည်။

ဦးသုတသည် ဆတ်ခနဲရှေ့တိုးလာကာ သိမ်သူလက်ကို ဆုပ်ကိုင်သည်။

"ဘယ်လိုဖြစ်သွားတာလဲ မောင်ရင်နေမကောင်းဘူးလား"

ဦးသုတ မေးသံကို တိုးတိုးသဲ့သဲ့ကြားသည်။ သိမ်သူ အမြင်အာရုံမှာ မှုန်ဝါးနေသည်။ ခေါင်းထဲမှာ မူးရိပ်ရိပ်ရှိသည်။ ကိုယ်ခန္ဓာအနှံ့ ချွေးစီးတွေ စိမ့်ထွက်လာသည်။ ရှပ်အင်္ကျီအပေါ်တွင် ဆွယ်တာ၊ ဆွယ်တာအပေါ်က ဂျာကင်ထပ်ဝတ်လာခဲ့သည်ဆိုတော့ တစ်ကိုယ်လုံး ပူလောင်အိုက်စပ်လာ သည်။

သိမ်သူသည် မြက်ခင်းပေါ်သို့ ထိုင်ချပြီး ဂျာကင် အင်္ကျီကိုချွတ်ပစ် သည်။ ဒူးနှစ်ဘက်ကိုထောင်လျက် ဒူးပေါ်တွင် နဖူးကိုမှောက်ကာ အတန် ကြာ ငြိမ်သက်နေသည်။

ဦးသုတသည် သိမ်သူ ပခုံးနှင့်ဇက်ကြောကို တစ်ချက်နှစ်ချက် နှိပ်နယ်ပေးပြီး . . . ။

"မောင်ရင်က သိပ်အိပ်ပျက်ခံပြီး စာရေးခဲ့တယ်နဲ့တူပါရဲ့၊ အိပ်ရေး မဝရင် တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တယ်"ဟု ပြောနေသည်။

သိမ်သူ ခေါင်းပြန်မော့လာသည်။ ဘောင်းဘီအိတ်ထဲမှ လက်ကိုင် ပဝါကို နှိုက်ယူပြီးမျက်နှာပေါ်က ချွေးတွေကို သုတ်သည်။ "ကျွန်တော် စာမရေးဖြစ်တာ ကြာပါပြီ။ အိပ်ရေးဝဝအိပ်ခဲ့ရပါတယ်"ဟု အင်အားယုတ် လျော့သံဖြင့် မပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ရုတ်တရက်ကြီး မောင်ရင်ဘယ်လိုဖြစ်သွားတာလဲ၊ မောင်ရင့်မှာ ရောဂါအခံတစ်ခုခုလဲ ရှိပုံမရပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော့်မှာ ဘာရောဂါမှ မရှိပါဘူး။ ကျန်းမာရေး ကောင်းလိုက်တာကတော့ ဒေါင်ဒေါင်မြည်ပါပဲဦး။ ဒါပေမယ့် . . . "

သိခ်သူသည် စကားကို ရပ်ကာတောင်အောက် ရှခင်းကို ငေးကြည့်နေသည်။ ဆက်ပြောရမည့် စကားအတွက် စကားလုံးရှာဖွေ၍ ရုတ်တရက် ရဟန်မတူ။ မျက်တောင်တစ်ချက်နှစ်ချက် ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ဦးသုတဘက်သို့လှည့်သည်။ ပြီး "ကျွန်တော် ရူးနေပြီထင်တယ် ဦးရယ်" ဟု တိုးတိမ်တုန်ယင်စွာ ပြောသည်။

ဦးသုတသည် သိခ်သူမျက်လုံးများကို အတန်ကြာမျှ စိုက်ကြည့်နေသည်။

သိခ်သူမျက်လွှာချလျက် ခေါင်းငုံ့သွား၏။

"မောင်ရင့်ကို ကိုယ်ကူညီနိုင်မလား"

"ကျွန်တော့်မှာ စိတ်နဲ့ပတ်သက်တဲ့ရောဂါတစ်ခုခု စွဲကပ်နေပြီ ထင်တယ်ဦး။ ကျွန်တော် စိတ်ရောဂါ အထူးကုဆရာဝန်တစ်ယောက်နဲ့ အမြန်ဆုံးတွေ့မှ ဖြစ်တော့မယ်"

ဦးသုတသည် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားလျက်က ပြုံးသည်။

"ဒီလို ဆိုရင်တော့ မောင်ရင် လူဝေါင်းမမှားပါဘူး"

"ခင်ဗျာ"

"ကိုယ့် အသက်မွေး ဝမ်းကျောင်းအလုပ်ကို မောင်ရင်ဘယ်လို သိထားခဲ့သလဲဆိုတာ အရင်ပြောပါဦး"

"အထူးကု ဆရာဝန်ကြီး တစ်ဦးလို့တော့ သိထားပါတယ် ဦး"

"အင်း . . ဟုတ်တယ်၊ ကိုယ်ဟာ အထူးကုဆရာဝန် တစ်ဦးပါပဲ၊ ဘယ်ရောဂါ အထူးကုဆိုတာကိုကော မောင်ရင် သိသလား"

သိခ်သူ ခေါင်းခါသည်။

ဦးသုတက ခေါင်းကို တဆတ်ဆတ်ညိတ်လျက် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်မှာ မောင်ရင် တွေ့ချင်နေတဲ့ ဆရာဝန်ဟာ ဒီဒေသတစ်ခု လုံးမှာ ကိုယ့်အပြင် ဘယ်သူမှမရှိဘူး မောင်ရင်"

"ဗျာ . . ဒါဖြင့် ဦးဟာ စိတ် . . စိတ်ရောဂါ အထူးကု"

"မှန်တယ်၊ ကိုယ်ဟာ စိတ်နဲ့ ပတ်သက်ပြီး အနောက်တိုင်း ဆေးပညာဌာနကြီး နှစ်ခုက ဘွဲ့ရခဲ့တယ်၊ အခုကိုယ် ပရလောက သုတေသန စာတမ်းတစ်စောင်ပြုနေတယ်။ မောင်ရင် လေ့လာဖူးသလား၊ ပရိကော့နိရှင်း (Precognition) တို့၊ ပရစိတ်ပညာ (Parapsychology)တို့"

သိမ်းသူသည် ခေါင်းကို လေးလေးတွဲ့တွဲ့ကြီး ယမ်းခါနေသည်။

"ကျွန်တော် ဒါတွေကို မလေ့လာဖူးပါဘူး ဦးရယ်၊ နားလည်မှာလဲ မဟုတ်ပါဘူး။ ကျွန်တော် စိတ်အကြောင်း ဝတ္ထုရေးတယ် ဆိုတာကလဲ နိုင်ငံခြား ရုပ်ရှင်တွေဝတ္ထုတွေထဲက နားလည်သလောက်၊ သဘောပေါက်သလောက် ကူးချတဲ့သဘောပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မောင်ရင့်အနေနဲ့ စိတ်ပညာဟာအစိမ်း သက်သက်တော့ မဟုတ်ဘူးပေါ့"

"ဆိုပါတော့ ဦးရယ်"

သိမ်းသူက ပြီးလွယ် စီးလွယ်ဝန်ခံစကားဆိုလိုက်သည်။

ဦးသုတသည် ဆေးတံထဲရှိ ပြာများကိုလက်ဝါးပြင်တွင် ရိုက်၍ ခါချလိုက်ပြီးနောက်–

"စိတ်ဆိုတာ အကောင်အထည်လဲမရှိ၊ အသွင်သဏ္ဍာန်လဲမရှိ တည်ရာအရပ်ကိုလဲမသိ၊ ဖမ်းယူလို့လဲ မမိတဲ့ အရာဆိုတော့ကာ လေ့လာရ တာ အင်မတန်မှ ခက်ခဲပါတယ်၊ အင်းလေ . . . ဒီအကြောင်းတွေနောက်တော့ မောင်ရင့်ကို ဆွေးနွေးပြဦးမယ်၊ ခုလောလောဆယ် မောင်ရင် ဘယ်လိုဖြစ်နေ တယ်ဆိုတာသာ ကိုယ့်ကို အရင်ပြောပါဦး"

သိမ်းသူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်၏။ ထို့နောက် လေးရက်တိုင်တိုင် သူကြားခဲ့ရသော အော်သံအကြောင်းကို ဦးသုတအား ပြောပြနေလေသည်။စကားအဆုံးတွင်–



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် . . . ကျွန်တော် နားမလည်နိုင်တာတစ်ခုက၊ ထမသုံးသုံး ရက်လုံးလုံး ခုနစ်နာရီနဲ့ နှစ်ဆယ့်ငါးမိနစ်မှာ အော်သံကြားရပြီး မနက်ကျတော့ ဘာကြောင့် ခုနစ်နာရီခွဲမှ အော်သံထွက်လာရတာလဲ၊ ဆော်တော်တော့ စိတ်ရှုပ်စရာ ကောင်းလာပြီ ဦး"

ဦးသုတသည် သိခ်သူအား အတန်ကြာ မျက်မှောင်ကုတ်လျက် ကြည့်နေသည်။

သိခ်သူကားလည်ပင်းအောက်မှ စိမ့်ယိုထွက်လာသော ချွေးများကို ဆက်ကိုင်ပဝါဖြင့် သုတ်ရင်းက–

"အဲဒါ. . . ဦး ဘယ်လို သဘောရသလဲ"ဟု မေးသည်။

ဦးသုတဆတ်ခနဲမျက်နှာမော့သည်။

"ခု . . .မောင်ရင့်နာရီ ဘယ်လောက်ရှိပြီလဲ"

သိခ်သူသည် လက်မှနာရီကို ကြည့်လျက်–

"ခုနှစ်နာရီနဲ့ လေးဆယ့်ငါးမိနစ်"

"အဲဒါ အဖြေပဲပေါ့ မောင်ရင်၊ကိုယ့်နာရီက ခုနှစ်နာရီနဲ့ လေးဆယ် ရှိသေးတယ်၊ မောင်ရင့်နာရီက ငါးမိနစ်မြန်နေတာ"

ဦးသုတက သူ့နာရီကို ငုံ့ကြည့်လျက်ပြောသည်။

"ဒါဆို ခုနှစ်နာရီနဲ့ နှစ်ဆယ့်ငါးမိနစ် အချိန်တိုင်းမှာ ကျွန်တော်ဟာ အော်သံကို ကြားတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဟုတ်လား ဦး"

ဦးသုတက ခေါင်းညိတ်ပြသည်။

"အမှန်ပဲ၊ ဒါထက်ပိုပြီး လေးနက်တဲ့အဖြေကို ကိုယ်ထုတ် ပြီးမယ်"

ဦးသုတသည် စကားကိုခေတ္တရပ်ပြီး ဆေးတံအိုးထဲသို့ ဆေးမှုန့် ထည့် နေသည်။

သိခ်သူက ဦးသုတဆက်မည့်စကားကို စိတ်စောဟန်ဖြင့် ငံ့လင့်နေ

ဓာတ်ငွေ့မီးခြစ်ကလေးဖြင့် ဆေးတံကို မီးညှိအောင်ညှိကာ တစ်ဖွာ နှစ်ဖွာလိုက်ပြီးမှ ဦးသုတ စကားဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပထမ ကိုယ်ဒီလိုတွက်တယ်။ အော်သံကို စတင်ကြားရတဲ့ မနက်ခင်းကမောင်ရင် နာရီကိုကြည့်တယ်။ ခုနစ်နာရီနဲ့ နှစ်ဆယ့်ငါးမိနစ်နော်"

သိမ်းသူ ခေါင်းညိတ်သည်။

"အဲဒီ ပထမ မနက်ခင်းက ကြားလိုက်ရတဲ့ အော်သံဟာ တစ်ယောက်ယောက်က နောက်ပြောင်အော်လိုက်တာလဲဖြစ်နိုင်တယ်။ ဒါမှမဟုတ် အသံတစ်ခုခုကို မောင်ရင်နားကြားလွဲတာလဲဖြစ်နိုင်တယ်။ ဒါပေမယ့် အသံဟာ မောင်ရင့်စိတ်ထဲမှာစွဲသွားတယ်။ နောက်နေ့-နောက်နေ့တွေကျတော့ ခုနစ်နာရီနဲ့ နှစ်ဆယ့်ငါးမိနစ်မှာ ဒီအသံကို ပြန်ကြားဖို့ မောင်ရင့်စိတ်က တောင်းဆိုတယ်"

သိမ်းသူက ခေါင်းကို သွက်သွက်ကြီး ခါပစ်လိုက်၏။

"ဒါတော့ မဖြစ်နိုင်ဘူး ဦး။ ကျွန်တော့်စိတ်က ဘယ်လိုမှ မတောင်းဆိုတာ သေချာပါတယ်"

ဦးသုတက ပြုံးလျက် လက်ဝါးကာပြသည်။ ပြီးလျှင်. . .

"မသိစိတ်လေ မောင်ရင့်ရဲ့ သိစိတ်မဟုတ်ဘူး၊ မသိစိတ်ကို ဦးက ပြောတာ။ မသိစိတ်ရဲ့ သဘောသကန်ကို အလွယ်ဆုံး ဥပမာပေးရရင် သမုဒ္ဒရာထဲမှာ မျောပါနေတဲ့ ရေခဲတုံးကြီးတွေနဲ့ တူတယ်။ အဲဒီ ရေခဲတုံးကြီးတွေဟာ ဆယ်ပုံမှာ တစ်ပုံသာ ရေမျက်နှာပြင်အထက်မှာ ပေါ်နေပြီး ကျန်တဲ့ကိုးပုံက ရေမျက်နှာပြင် အောက်မှာနစ်မြုပ်နေသတဲ့။ အဲဒီနည်းတူပဲ မသိစိတ်ဟာ သိစိတ်ထက် အဆပေါင်းများစွာ အင်အားပိုကြီးတယ်ကွယ့်-မောင်ရင်ရဲ့"

ဦးသုတသည် စကားကို ရပ်နားပြီးဆေးတံ ဖွာနေသည်။

သိမ်းသူမှာ ဘာစကားမျှ တုံ့ပြန်ပြောဆိုရန် မရှိ၊ ဦးသုတဆက်ပြောမည်ကိုသာ အငေးသားနားစွင့်နေသည်။

ဦးသုတသည် ပါးစပ်ထဲမှ မီးခိုးများကို အမှုင်တန်းအောင် တဖြည်းဖြည်းတငွေ့ငွေ့ မှုတ်ထုတ်လိုက်ပြီးမှ စကားဆက်သည်။

"ကိုယ့်ရဲ့ ပထမတွက်ကိန်း ဖြစ်တဲ့ မသိစိတ်က တောင်းဆိုတယ် ဆိုတဲ့မှန်းဆချက်ကို ကိုယ် ပယ်ဖျက်လိုက်တယ်။ ဒီနေရာမှာ နာရီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အဓိကပဲ။ ပထမမှန်းဆချက်အတိုင်းဆိုရင် မောင်ရင်ရဲ့မသိစိတ် တောင်းဆိုမှုဟာ မောင်ရင်ရဲ့နာရီ အတိုင်းပဲဖြစ်သင့်တယ်။ မောင်ရင့်နာရီ နှေးတဲ့အတွက် အချိန်စောပြီး မတောင်းဆိုနိုင်ဘူး။နာရီမြန်တဲ့အတွက်လဲ နောက်ကျပြီးမှ မတောင်းဆိုနိုင်ဘူး။ ဒီတော့ ဒီကိစ္စမှာ အကောင်းဆုံး အဖြေထုတ်ရရင် မောင်ရင်ကြားရတဲ့ အော်သံဟာ အချိန်မှန် နေရာမှန်ထွက်ပေါ်လာတာ အမှန်ပဲဖြစ်တယ်''

''ခင်ဗျာ . . ''

''အချိန်က မနက်ခုနစ်နာရီနဲ့ နှစ်ဆယ့်ငါးမိနစ် . . . နေရာက ဟောဟိုတောင်ကြားအိမ်ကလေး အနီးအနားတစ်ဝိုက်၊ ဒါပဲ''

''ဒီလိုဆိုရင် ဦးရယ် . . အမှန်တကယ်ထွက်ပေါ်လာတဲ့ အော်သံကို ကြားသူဟာ ဘာကြောင့် ကျွန်တော်တစ်ယောက်တည်း ဖြစ်နေရတာလဲ၊ တို . . အိမ်ကလေးက အမျိုးသမီးလဲ မကြားဘူးတဲ့ဦးလဲ မကြားဘူးဆိုတော့''

''ဒီအကြောင်းကို ခုချက်ချင်း ဆုံးဖြတ်လို့မရသေးဘူး။ စိတ်ပညာမှာ သိပ္ပံပညာ လိုက်မမှီတဲ့ စိတ်နယ်လွန် ဖြစ်ရပ်တွေ အများကြီးရှိနေတယ်။ ဥပမာပြောရရင် စိတ်ချင်းဆက်သွယ်နိုင်တဲ့ တယ်လီပသီ(Telrpathy)၊စိတ်စွမ်းအားနဲ့ အရာဝတ္ထုတွေကို ရွေ့လျားစေနိုင်တဲ့ တယ်လီကိုင်းနက်ဆစ်(Telekinesis)နဲ့၊ ဖုံးကွယ်နေတဲ့ ပစ္စည်းတို့၊ ဝေးလံတဲ့အရပ်ဒေသမှာ ရှိတဲ့ အရာဝတ္ထုတို့ကိုမြင်တွေ့နိုင်တဲ့ ကလယ်ဗိုးယင့်စ်(Clairvoyance)စတဲ့ ပညာရပ်တွေကို လေ့လာနေကြရပြီကွယ်။ လူတစ်ထောင်မှာ တစ်ယောက်ဟာ ဂျူပီတာဂြိုဟ်ရဲ့ အရံလကို သူ့ရဲ့ပကတိမျက်စိနဲ့ မြင်ချင်မြင်နိုင်မယ်၊ ဒါကို အခြေအမြစ်မရှိဘူးလို့ မဖြစ်နိုင်ဘူး။ အနောက်နိုင်ငံတွေမှာ ဆိုရင် ဝိညာဉ်နဲ့ ဆက်သွယ်နိုင်တဲ့ စိတ်ပညာရှင်တွေတောင် ကိုယ်တွေ့ခဲ့ဖူးတယ်။ သူတို့အခေါ်ကတော့ မီဒီယမ်(medium)တဲ့၊ ကိုယ်တို့ဆီက နတ်ဝင်သည်နဲ့ ခပ်ဆင်ဆင်ပေါ့ကွာ။ ကဲပါလေ . . ဒါတွေ ထားလိုက်တော့''

ထားလိုက်တာတော့ ဟုတ်ပါပြီ ဦးရယ် . . . ခုရက်ပိုင်းမှာ ကျွန်တော်က ဘာဆက်လုပ်ရမလဲ၊ ဘယ်လိုနေရမလဲ''

သိခ်သူ၏ ကဲလေးဆန်ဆန် အပြောကြောင့် ဦးသာသည်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဟက်ဟက် ရယ်လိုက်၏။

"မောင်ရင်လား . . မောင်ရင်က ဟိုတယ်ကိုပြန်၊ အစာဝဝစားပြီး နေ့လယ်တရေးတမော အိပ်ချင်အိပ်၊ စာဖတ်ချင်ဖတ်။ အဲ–စာဖတ်ရင်တော့ လေးနက်တဲ့ စာတွေမဖတ်နဲ့၊ အပျော်ဖတ်ဝတ္ထုပဲဖတ်။ ဒါမှမဟုတ် မြို့ထဲသွားပြီး မောင်ရင့်ဘကြီးအိမ်မှာ တီဗီကြည့်။ ဗွီဒီယိုအခွေကောင်းကောင်းဖြစ်ဖြစ် ငှားကြည့်၊ အဘိုးကြီးက မောင်ရင့်ကိုအိမ်သော့ပေးခဲ့တယ် မဟုတ်လား"

သိခ်သူသည် ဘောင်းဘီအိတ်ကို အပြင်မှဖိစမ်းလိုက်ပြီး "ဟုတ်ကဲ့ အိမ်သော့ရော စာကြည့်ခန်းသော့ပါ ကျွန်တော့်ဆီမှာ ရှိပါတယ်"

"ကောင်းတယ် . . မောင်ရင် အနားယူနေတုန်း မောင်ရင့်ပြဿနာကို ဖြေရှင်းဖို့ ကိုယ်ဒီပတ်ဝန်းကျင်မှာ လှော့လာလိုက်မယ်လေ။ ဟို တောင်ကြား အိမ်ကလေးကို အနီးကပ်လေ့လာရမယ်"

သိခ်သူသည် ထိုင်ရာမှ ထရပ်လိုက်၏။

"ဦး . . အဲဒီအိမ်ကလေးကို ရောက်ရင် ကျွန်တော်က နှုတ်ဆက်လိုက်တယ်လို့ ပြောပေးပါ ဦးရယ်"

"ဘယ်သူ့ကိုလဲ"

"ဟို . . . ဟို . . ."

"ပန်းခင်းထဲက မိန်းကလေးကို ဆိုပါတော့–ဟဲ . . . ဟဲ"

[ ၄ ]

သိခ်သူသည် ဦးသုတအကြံပေးသည်ကို လိုက်နာလျက်၊ သူ့ဘကြီး၏ နေအိမ်တွင် တစ်နေ့လုံး အချိန်ဖြုန်းနေခဲ့သည်။ ညစာစားချိန် ရောက်မှ ဟိုတယ်သို့ ပြန်လာခဲ့၏။ ဟိုတယ်ဧည့်ခန်းတွင် ဦးသုတ စောင့်ဆိုင်းနေသည်ကို အသင့်တွေ့ရသည်။ ဦးသုတက သူနှင့်အတူ ညစာစားရန် ဖိတ်ခေါ်သည်။

"မောင်ရင့်ကို ပြောစရာတွေရှိနေတယ်"ဟု ဦးသုတက စကားစ ဒါန်း ပျိုးသည်။ ထို့နောက် "ကိုယ်တောင်ကြားအိမ်ကလေးကို ရောက်လာပြီး ပြီ"ဟု ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . . မိန်းကလေးကိုကော တွေ့ခဲ့ရဲ့လား ဦး"

သိမ်သူ မရည်ရွယ်ဘဲ လွှတ်ခနဲ မေးဖြစ်၏။

ဦးသုတ၏ မျက်နှာပြင်တွင် အပြုံးရိပ်ဖြတ်ပြေးသွားသည်။

"မတွေ့ခဲ့ပါဘူး . . ကိုယ် အိမ်ကလေးကို မလှမ်းမကမ်းကပဲ အကဲခတ်ခဲ့တာပါ။ ဒါပေမယ့် . . အိမ်ကလေးရဲ့ နောက်ကြောင်းရာဇဝင်ကိုတော့ ဒေသခံယာသမားတွေဆီက အတော်ရှုံရှုံလင်လင် သိခဲ့ရတယ်"

ဦးသုတသည် သူသိခဲ့ရသမျှ အိမ်ကလေးအကြောင်းကို သိမ်သူအားပြောပြသည်။

အိမ်ကလေး၏ မူလပိုင်ရှင်မှာ ယာသမားအဘိုးအိုနှင့် အဘွားအိုလင်မယားဖြစ်သည်။ အဘိုးအို ကွယ်လွန်သွားသောအခါ အဘွားအိုသည် သူ့သမီးရှိရာ မြေပြန့်သို့ ဆင်းလိုက်သွားသည်။ခြံနှင့်အိမ်ကို မြို့ပေါ်ကလူတစ်ယောက်က ဝယ်လိုက်သည်။ ထိုလူက အိမ်ကလေးကို ယခုတွေ့မြင်နေရသည့် အနောက်တိုင်း ယာတဲအိမ်ပုံစံပြန်ဆောက်သည်။ ထိုလူ့လက်ထဲက အဝေးမြို့ကြီးတစ်မြို့မှ သူဌေးတစ်ဦးကဝယ်သည်။ ထိုသူဌေးသည် နွေရာသီတွင်မှ အပန်းဖြေလေ့ရှိသည်။ လွန်ခဲ့သည့် တစ်နှစ်ကျော် ခံလောက်ကမှ ထိုအိမ်ကလေးသို့ လင်မယားနှစ်ယောက်ပြောင်းရွှေ့လာသည်။ အိမ်ရှင်သူဌေးထံမှ ဝယ်လိုက်သည်ဟု ဆိုသည်။ ယောကျ်ားနာမည်က "သာနိုးအောင်" ဖြစ်သည်။ အသားမည်းမည်း၊ တုတ်တုတ်ခိုင်ခိုင်နှင့် အရုပ်ဆိုးသူတစ်ယောက်ဖြစ်ကြောင်း သိရသည်။

"မနှင်းပွင့်" မှာမူ သူနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ နှင်းပွင့်လေးလိုဖြူစင်သည်။ သွယ်သွယ်နွဲ့နွဲ့နှင့် တကယ့်နန်းတွင်းသူမင်းသမီးလေးလိုလှပပြီး ချစ်စရာကောင်းသည်ဟု ဆိုသည်။ သူတို့လင်မယားသည် အပြင်လောကနှင့် အဆက်အဆံမရှိသလောက် နည်းပါးသည်။ တစ်စုံတစ်ခုကို လျှို့ဝှက်ဖုံးကွယ်နေကြသလို၊ အနေအထိုင် သိုသိပ်လွန်းသည်။သူတို့ကို ရာဇဝတ်မှုကျူးလွန်ပြီး ရှောင်တိမ်းလာကြသည်ဟု ပြောသူကပြောသည်။ အချို့ကလည်း နှင်းပွင့်ကို သာနိုးအောင်သည် အလိုမတူဘဲအကြမ်းဖက် အနိုင်ကျင့်ပြီး ခိုးယူထွက်ပြေးလာသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက်စောစောတွင် သာနိုးအောင်သည် အိမ်သော့ကို ပွဲစားတစ်ယောက်ထံ အပ်ထားခဲ့ကာ လင်မယားနှစ်ယောက်စလုံး ပျောက်ကွယ်သွားသည်။ရုတ်တရက်ကြီးဖြစ်သည်။ အနီးအနားပတ်ဝန်းကျင်က မည်သူမျှ မသိလိုက်ကြ။ အရိပ်ပင် မကျလိုက်။ ပွဲစားသည်'ရောင်းရန်' ဆိုင်းဘုတ်ကပ်ထားသော်လည်း တော်တော်နှင့် ဝယ်သူပေါ်မလာ။ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းတွေကို ဦးစွာရောင်းဖြစ်သည်။ နောက်မှ ဦးလောဘ ဆိုသူက ထိုအိမ်ကို ဝယ်သည်။ ငွေကို သာနိုးအောင်ပေးခဲ့သည့် ရန်ကုန်လိပ်စာအတိုင်း ပေးပို့ရသည်ဟု ပွဲစားကပြောသည်။

ဦးလောဘသည် ထိုတောင်ကြားအိမ်ကလေးတွင် ဆယ့်ငါးရက်ခန့် သာနေခဲ့သည်။ 'ရောင်းရန်''ငှားရန်' စာတန်းများ ချိတ်ထားသည်ကို တွေ့ကြရပြန်သည်။ ယခုနောက်ဆုံးနေကြသူများကား အငြိမ်းစား ကျောင်းဆရာကြီးနှင့် သမီးတို့ဖြစ်သည်။ ရောက်လာသည်မှာ မကြာသေး။ ဆယ်ရက်ကျော်ကျော်လေးပဲ ရှိသည်။

သိမ်သူသည် ဦးသုတပြောသမျှကို တိတ်ဆိတ်စွာ နားထောင်နေသည်။ ဦးသုတ စကားရပ်သွားတော့မှ–

"ဒီအကြောင်းအချက်တွေက ကျွန်တော့်ကိစ္စနဲ့သက်ဆိုင်လို့လား ဦးရယ်"ဟု မေးလိုက်၏။

ဦးသုတက အလေးအနက်တွေးတောဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့လျက် မသိမသာ မျက်မှောင်ကြုတ်ထားသည်။ ထို့နောက် သိမ်သူဘက်သို့လှည့်ကာ တည်ငြိမ်အေးဆေးစွာပြောသည်။

"သာနိုးအောင်တို့လင်မယား အကြောင်းကို ကိုယ်ဒီထက်ပိုပြီး သိချင်နေတယ်၊ သူတို့မနက်အစောကြီး ရုတ်တရက် ပြောင်းသွားကြတယ်ဆိုတာ မောင်ရှင် သတိထားမိတယ်နော်၊ ပြီးတော့ သူတို့ကို ဘယ်သူမှ မမြင်လိုက်ကြဘူး။ သာနိုးအောင်ကို နောက်ဆုံးတွေ့လိုက်ရတာ ပွဲစားဆိုတဲ့လူ တစ်ယောက်ပဲရှိတယ်၊ မနှင့်ပွင့်ကို ဘယ်သူများ တွေ့လိုက်လို့လဲ ခု သာနိုးအောင် ရန်ကုန်မှာရှိနေတယ် ဆိုတာ ပွဲစားရဲ့ပြောစကားအရ သိရပေမယ့် မနှင်းပွင့်လဲ သာနိုးအောင်နဲ့အတူ ရှိနေတယ်လို့ . . . ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



အတပ်ပြောနိုင်မလဲ. . . ဟင်"

သိခ်သူ ကြက်သေ သေသွားသည်။ အုံ့ဩ တွေဝေစွာဖြင့် ဦးသုတအား အကြောင်သားငေးကြည့်နေသည်။ အတန်ကြာတော့မှ လေသံ အထစ်အငေါ့ဖြင့်–

"ဦး ဆိုလိုတာက မနုဿပွင့်ဟာ အသတ် . . . အံသတ်ခံလိုက်ရတယ် ဆိုတဲ့ အဓိပ္ပာယ်တော့ မဟုတ်ပါဘူးနော်"

ဦးသုတက သိခ်သူ ပခုံးစွန်းကို အသာအယာ ပုတ်သည်။

"သိပ်လဲ စိတ်လှုပ်ရှားမသွားပါနဲ့ မောင်ရင်ရဲ့၊ ကိုယ်က ဖြစ်နိုင်ခြေ တွေကို ပြောပြနေတာပါ။ အင်း. . . ရက်ရက်စက်စက် အသတ်ခံရပြီး အထိတ် တလန့် သေဆုံးသွားရသူတွေရဲ့ ဝိညာဉ်ဟာ အခင်းဖြစ် ပတ်ဝန်း ကျင်အပေါ်မှာ သိပ်အစွဲအလမ်းကြီးဆိုပဲ၊ အခင်းဖြစ်စဉ်က အခြေအနေနဲ့ တူညီတဲ့ ပတ်ဝန်းကျင် အနေအထားနဲ့ ရာသီဥတုမျိုးကြုံကြိုက်လာရင် သေသူရဲ့ ရုပ်ကြွင်းဖြစ်စေ၊ အသံဖြစ်စေ တုံ့ပြန်မှု ပြုတတ်တယ်လို့ ကိုယ် လေ့လာဖူးတယ်"

"ခင်ဗျာ"

"ခု . . . မောင်ရင် ကြားခဲ့ရတဲ့ အော်သံဟာ မနုဿပွင့်ရဲ့ အော်သံပဲလို့ ကိုယ်ကောက်ချက်ချချင်တယ်"

"ဒါပေမယ့် . . . ဒီအသံကို ကျွန်တော်တစ်ယောက်တည်း ကြားတာ ဘူတော့"

"ဒါပေါ့ . . . စိတ်ရဲ့ တွေပြားဆန်းကြယ်မှုဆိုတာ၊ ကိုယ် ထင်တယ်၊ မောင်ရင့်မှာ ဝိညာဉ်ပူးနိုင်တဲ့ ဓာတ်ခံတစ်စုံတစ်ခုရှိနေရမယ်၊ အနောက်တိုင်းက မီဒီယမ်မျိုး၊ ကိုယ်တို့ဆီက နတ်ဝင်သည်မျိုးပေါ့ကွာ"

သိခ်သူသည် စိတ်မသက်မသာဖြင့် သက်ပြင်းရှည်တစ်ချက်ကာ ချခိုက်သွားလေသည်။

"ကဲပါလေ . . . ဒီညနေအဖို့ ဒီကိစ္စ ခဏမေ့ထားလိုက်ကြရ အောင်"

ဦးသုတက သိခ်သူ ပခုံးကိုခပ်တင်းတင်းဆုပ်ကိုင်လျက် ပြောသည်။

www.burmeseclassic.com



သိမ်ခ်သူသည် ခေါင်းညိတ်ပြလိုက်ရသော်လည်း သည်ကိစ္စကို မေ့ထား၍ကား မရနိုင်။ ရင်ထဲမှာ လေးလံတင်းကျပ်လျက်၊ ခေါင်းထဲမှာ မူကား သပွတ်အူလိုက်လျက် ရှိလေသည်။

[ ၅ ]

သိမ်ခ်သူသည် နံနက်ခင်းလမ်းလျှောက်သည့်အကျင့်ကို စွန့်လွှတ်လိုက်၏။ သည်ရက်များအတွင်း သူသည် တောင်ကြားအိမ်ကလေးနှင့် ပတ်သက်၍ အလျှဉ်းသင့်သလို စူးစမ်းချင်သည်။ သို့သော် သူ၏တွေ့ရှိချက်မှာ ဦးသုတလောက်ပင် မစုံလင်သဖြင့် သူ့ကိုယ်သူအတော် စိတ်ပျက်သွားရပြန်လေသည်။

တစ်ညနေ သူအခန်းထဲမှာရှိစဉ် အမျိုးသမီးတစ်ယောက်က တွေ့လိုက်သည်ဟု ဟိုတယ်အလုပ်သမားလေးက လာ၍ သတင်းပို့သည်။ သူ တအံ့တဩဖြင့် ဆင်းလိုက်လာခဲ့သည်။ ဧည့်ခန်းတွင် သူ့အား စောင့်နေသူကို မြင်လိုက်ရသောအခါ သူမျက်လုံးအစုံ ပြူးကျယ်သွားသည်။ ပါးစပ် ဟောင်းလောင်းဟသွားသည်။ အမြင်မှားသည့် ပြဿနာတစ်ခု ထပ်တက်ပြန်ပြီလား . . . ဟု သံသယဖြစ်သည်။

မိန်းကလေးသည် ထိုင်ရာမှ ထရပ်ကာ သူ့အား ရက်သွေးဖြန်းသောမျက်နှာဖြင့် ကြည့်၏။

တောင်ကြားအိမ်က မိန်းမလှလေးဖြစ်သည်။

"ဩော် . . . မ . . . မ"

"ကျွန်မနာမည် မချောပါရှင်"

သူ အိုးတိုးအမ်းတမ်းဖြစ်နေသဖြင့် မိန်းကလေးက စကားထောက်သည်။

"ဩော် . . . နာမည်နဲ့လိုက်အောင် ချောတဲ့ မချောလေးပါလား ကွယ်" ဟု သိမ်ခ်သူရင်ထဲမှာ စကားဆိုနေသည်။

သိမ်ခ်သူ နှုတ်ဆိတ်နေဆဲဖြစ်၍ မိန်းကလေးကပင် စကားစသည်။

"ကျွန်မ အစ်ကို့ကို ပြောပြစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သိန်သူ လှုပ်ရှားလာသည်။ ပျာပျာသလဲဖြစ်သည်။

"အိုး . . . ဟုတ်လား မချော၊ ညီမ . . . အစ်ကို ဘာအကူအညီပေးရမလဲ"

"မချောဆိုသော မိန်းကလေးက မလုံမလဲဟန်ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည့် သိန်သူ သဘောပေါက်သွားသည်"

"ကဲ . . . လာ . . . လာ"

သိန်သူက မချောကို ယခုအခါ ညှော်သည်ကင်းမဲ့နေသော အမျိုးသမီးနားနေခန်းဆီသို့ ဦးဆောင်ခေါ်သွားသည်။

"ကဲ . . . ထိုင်၊ ပြီးတော့ ပြောစရာရှိတာ အေးအေးဆေးဆေး ပြောပေါ့"

မချောသည် ကုလားထိုင်စွန်း ကျုံ့ကျုံ့ယို့ယို့ကလေး ဝင်ထိုင်သည်။ အထက်အောက် ချယ်ရီရောင် ဆင်တူ ဝတ်ဆင်ထားသော မချော၏ အသားရောင်မှာ တောက်ပနေသလား ထင်ရသည်။ ဖွံ့လည်း မဖွံ့၊ ကျစ်လည်း မကျစ် အနေတော်ကိုယ်ဟန်ကလေးမှာ စွဲမက်စရာ ကောင်းသည်။

သိန်သူသည် မချောနှင့် အနီးကပ်ထိုင်ရသောအခါ ရင်ခုန်နေလေသည်။

မချောက စကားစတင်သည်။

"ဒီလိုပါ အစ်ကို၊ ကျွန်မက ဒီကို ရောက်လာတာ သိပ်မကြာသေးပါဘူး။ ရောက်ကတည်းက ဆိုပါတော့ အစ်ကိုရယ်၊ ကျွန်မတို့ရဲ့ အိမ်ကလေးမှာ တစ္ဆေခြောက်တယ်လို့ ပြောကြတယ်။ အိမ်ဖော်တောင် ငှားလို့ မရဘူး ဒါကတော့ ကိစ္စမရှိဘူးလေ၊ ဖေဖေနဲ့ ကျွန်မ နှစ်ယောက်တည်း ဆိုတော့ အိမ်အလုပ်ကလည်း သိပ်မရှိလှပါဘူး။ ဥယျာဉ် ပန်းခြံအလုပ်ကလည်း သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်တော့ ကျွန်မ ကောင်းကောင်း လုပ်နိုင်ပါတယ်"

တစ္ဆေခြောက်တာကနေ ဘယ်ရောက်သွားပါလိမ့်မှာ တွေးမိသော်လည်း။ သိန်သူ ဘာမျှ ဝင်မပြော။ မချော၏ မျက်နှာဝင်းဝင်း ညက်ညက်ကလေးကို တစိမ့်စိမ့်ကြည့်ရင်း နားထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေသရဲဆိုတာလည်း ကျွန်မမယုံခဲ့ပါဘူး။ အဲ ကုန်ခဲ့တဲ့ လေးရက်အထိ ဆိုပါတော့လေ။ ကုန်ခဲ့တဲ့ လေးညလုံးလုံးမှာတော့ ကျွန်မဟာ အိပ်မက်တစ်ခုတည်းကို ဆက်တိုက်မက်နေခဲ့ပါတယ်။ အိပ်မက်ထဲမှာ အသားဖြူဖြူ ကိုယ်ဟန်သွယ်သွယ်နွဲ့နွဲ့နဲ့ သိပ်လှတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ရတယ်။ အမျိုးသမီးဟာ အပြာရောင်ပန်းအိုး တစ်လုံး ကိုင်ထားတယ်။ သူဟာ တရွေ့ရွေ့ ကျွန်မနဲ့ နီးလာပြီး သူ့လက်ထဲက ပန်းအိုးကို ကျွန်မဆီလှမ်းပေးတယ်အစ်ကို၊ သူ့မျက်လုံးတွေထဲမှာ ကျွန်မက ပန်းအိုးကို ယူပြီး တစ်ခုခုကို လုပ်စေချင်တဲ့ ပုံစံမျိုး ကျွန်မ မြင်နေရတယ်။ ကျွန်မက လှမ်းမယူတော့ သူဟာ စိတ်ပျက်သွားသလိုပဲ၊ မျက်နှာ ညှိုးလာတယ်။ ပြီးတော့ . . . တဖြည်းဖြည်းပျောက်သွားတယ် အစ်ကိုရယ်၊ အဲဒီလို နှစ်ညဆက်တိုက်မက်ပြီး တတိယညကြတော့ တစ်မျိုးပြောင်းသွား ပြန်တယ်၊ ပန်းအိုးကိုင်ထားတဲ့ အမျိုးသမီးကို ခပ်လှမ်းလှမ်းက ဝိုးတဝါးသာ မြင်ရတယ်၊ အမျိုးသမီးရဲ့ ပုံရိပ်ဟာ အငွေ့တစ်ခုလို ရွေ့မျောနေတုန်းမှာ စူးခနဲ အသံ တစ်သံကို ကြားလိုက်ရတယ်။ အသံကတော့ ကယ်ကြပါ ရှင်၊ ကျွန်မကို သတ်နေပါပြီ . . . တဲ့"

သိင်္ဂသူ ကိုယ်ခန္ဓာသည် တွန့်ခနဲ လှုပ်သွား၏။

"ဟုတ်တယ်၊ အစ်ကိုကြားလိုက်ရတဲ့ အသံအတိုင်းပါဘဲ၊ အိပ်ရာက နိုးလာတော့ ကျွန်မအလွန့်ပင် တုန်လှုပ်နေမိတယ်၊ ခြောက်အိပ်မက် ဖြစ်မှာပါလို့ ကျွန်မကို ကျွန်မ ဖြေသိမ့်ပေမယ့်၊ အစ်ကို ကြားရတဲ့ အော်သံနဲ့ တစ်ထပ်တည်း ဖြစ်နေတာကို တွေးမိပြီး ကျွန်မ အံ့သြမဆုံးအောင် ဖြစ်ရ တယ်။ လွန်ခဲ့တဲ့ ညကလည်း ဒီအိပ်မက်ပဲ ထပ်မက်ပြီး ဒီအော်သံကို ကြားရပြန်တယ်၊ အဲဒါ . . . အစ်ကိုနဲ့ ကျွန်မတို့မှာ တစ်ခုခုတော့ ထူးခြားနေတာ အမှန်ပဲ မဟုတ်လား အစ်ကို၊ ကျွန်မတို့ ဘာလုပ်ကြမလဲ"

မချော၏ မျက်နှာကလေးတွင် ကြောက်ရွံ့ဟန်ပေါ်လာသည်။ လက်ဝါးကလေးနှစ်ဖက်ကို အချင်းချင်း ပွတ်ကပ်ဆုပ်နယ်ရင်းက သိင်္ဂသူကို အားကိုးစွာ ကြည့်သည်။

သိင်္ဂသူသည် "ဟူး" ခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ဒီအတိုင်းဆိုရင် ညီမခဏနေဦးနော် ၊ ကိုယ့်မိတ်ဆွေ တစ်ယောက်ကို ညီမအခု ကိုကို ပြောတဲ့အတိုင်း ပြန်ပြောပြ ဟုတ်လား။ သူဟာ ကိုယ့်ကို အကူအညီပေးနေပါတယ်။ ညီမကိုလည်း အကူအညီပေးနိုင်မှာပါ။"

သိခ်သူ ဦးသုတကို ရှာရန် အခန်းအပြင်သို့ ထွက်လာခဲ့သည်။

မိနစ်အနည်းငယ်အကြာတွင် ဦးသုတနှင့်အတူ ပြန်ရောက်လာ၏။

သိခ်သူက မချောနှင့် မိတ်ဆက်ပေးသောအခါ ဦးသုတသည် လေးနက်လေးစားသော အသွင်ဖြင့် အသိအမှတ်ပြုသည်။

မချောသည် သူမ၏ အိပ်မက်ကို ဒုတိယအကြိမ် ပြောပြရပြန်၏။ မချောပြောပြသည်ကို ဦးသုတသည် အထူးစိတ်ဝင်စားဟန်ဖြင့် နားထောင်နေသည်။

"တော်တော်တော့ ထူးခြားတာပဲ"

မချော စကားအဆုံးတွင် ဦးသုတက မှတ်ချက်ချသည်။

"အဲဒီ အိပ်မက်အကြောင်း မင်းအဖေကို ပြောပြသေးသလား"

မချောက ခေါင်းခါလျက် "ကျွန်မဖေဖေ့ကို စိတ်အနှောက်အယှက် မပေးချင်တာနဲ့ တမင်မပြောဘဲထားပါတယ် ဖေဖေက ကျန်းမာရေး သိပ်မကောင်းဘူးလေ" ဟု ဖြေရင်းက မျက်လုံးအစုံတွင် မျက်ရည်များ ဝဲလာသည်။

"အင်းပေါ့လေ . . . " ဟုဦးသုတက ဂရုဏာသံဖြင့် ပြောသည်။ ပြီးလျှင် . . . "ခုလိုတူမကြီးက လာပြောပြတာ ဦးအဖို့ သိပ်တန်ဖိုးရှိပါတယ်။ တူမကြီးအဖြစ်မျိုး သိတဲ့အတိုင်းပဲလေ . . ဟောဒီက တူတော်မောင် သိခ်သူမှာလဲ တူမကြီးအဖြစ်မျိုးဆန်ဆန် ကြုံတွေ့နေရတော့ ဦးအထင် ခြင့် ဒါဟာပြဿနာ တစ်ခုတည်းပဲ ဖြစ်ရမယ်၊ တစ်နွယ်ဝင် တစ်စင်ပါ ဆိုသလို တစ်ယောက်ရဲ့ ကိစ္စကို ဖြေရှင်းလို့ရရင် နောက်တစ်ယောက်ရဲ့ ပြဿနာဟာလဲ အလိုလို ပြေလည်သွားမှာပေါ့"

မချောသည် တစ်စုံ တစ်ခုကို သတိရသလို ဆတ်ခနဲ လှုပ်ရှား သွား၏။

"ကြည့်စမ်း . . . ကျွန်မရှုံများ နေရော့သလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးဆုံးအချက်ကိုမှ မေ့နေလိုက်တာ. . . . ။ ဒီမှာကြည့်စမ်းပါဦး ဦးရယ် . . . . ဒီရှိုနဲ့ နံရံကြား လျှောကျနေတဲ့ စာရွက်တစ်ရွက်ကို တွေ့လို့ ကောက်ယူလာတာ''

မချောသည် ပခုံးလွယ်သားရေအိတ်ထဲက စက္ကူထူထူတစ်ခုကို ထုတ်ယူလျက် ပြန်ပြသည်။ ဖူးလ်စကက်အရွယ်ထက် နည်းနည်းကြီးသော ပုံဆွဲစက္ကူတစ်ရွက်ဖြစ်သည်။ အတော်ကလေးပင် ဟောင်းနွမ်း ညိုညစ်နေပြီ ဖြစ်သည်။ စက္ကူပေါ်တွင် အမျိုးသမီးတစ်ယောက်၏ ပုံကို ခဲဖြင့် ဆွဲထားသည်။ အမျိုးသမီး၏ ကိုယ်ဟန်မှာ သေးသွယ် နွဲ့နှောင်းသည်။ နှာတံ၊ နှုတ်ခမ်းနှင့် မျက်လုံးတို့မှာ ထင်ရှားပေါ်လွင်၍ တစ်ခါမြင်ရုံမျှဖြင့် နောင်တစ်ကြိမ် ပြန်တွေ့လျှင် တရေးရေး မြင်ယောင်လောက်အောင် လှပသည်။ သူမသည် စားပွဲခုံတစ်လုံး အနီးတွင် ရပ်လျက် စားပွဲခုံပေါ်တွင်ကား ပန်းအိုးတစ်လုံး။ ပန်းအိုး၏ ကိုယ်ထည်ပတ်လည်တွင် နဂါးနှစ်ကောင်ရစ်ပတ်နေပုံ သရုပ်ဖော်ထား၏။

''ကျွန်မ ဒီမနက်တွေ့လာတာပဲဦး၊ ဒီပုံထဲက အမျိုးသမီးရဲ့ မျက်နှာဟာကျွန်မအိမ်မက်ထဲက အမျိုးသမီးရဲ့ မျက်နှာပါပဲ၊ ပြီးတော့ အိမ်မက်ထဲက ပန်းအိုးဟာလဲ ဒီပန်းအိုးမျိုးပါဘဲ'' ဟု မချောက လက်ညှိုးကလေးဖြင့် ထောက်လျက်ပြောနေသည်။

''ထူးတော့ ထူးဆန်းနေတာပဲ'' ဟု ဦးသုတက ခပ်တိုးသဲ့သဲ့ပြောသည်။ ''ပြဿနာရဲ့သော့ချက်ဟာ ဒီပန်းအိုး ဖြစ်နိုင်တယ်။ ပန်းအိုးပုံစံကလဲ ရှားရှားပါးပါးထဲကပဲ။ ရှေးဟောင်းပန်းအိုးတစ်လုံးပဲ။ ဒါမျိုးကျွန်တော့်ဘကြီးဆီမှာ တစ်လုံးရှိတယ်။ ကျွန်တော် မြင်ဖူးတာတောင် သိပ်မကြာလှသေးဘူး''

သိခ်သူက ဦးသုတ၏ မှတ်ချက်ကို ထောက်ခံလိုက်သည်။

''တရုတ် ရှေးဟောင်း ပန်းအိုး. . . ဟုတ်လား''

ဦးသုတသည် မိနစ်အနည်းငယ်မျှ ငြိမ်သက်လျက် အတွေးနက်နေသည်။ နောက်–ခေါင်းကိုဆတ်ခနဲ မော့လိုက်၏။ စိတ်အား တက်သန်မှုဖြင့် ဦးသုတ၏ မျက်လုံးများ တောက်ပလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ အဲဒီပန်းအိုး မောင်ရင့် ဘကြီးဆီရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"အဲဒါတော့ ကျွန်တော် အတိအကျမသိဘူးခင်ဗျ"

"စဉ်းစားစမ်းပါဦးကွာ၊ သူ ဒီပစ္စည်းကို ဝယ်လိုက်တာ သိပ်မကြာသေးဘူး မဟုတ်လား"

"ဟုတ်လိမ့်မယ် ထင်ပါတယ်၊ အင်း--ကျွန်တော် ရေးရေးတော့ သတိရလာပြီ။ ဟုတ်တယ်--ကျွန်တော် အဲဒီပန်းအိုးကို တွေ့ခဲ့ရတာ သိပ်ကြာလှမသေးဘူး။ ဘကြီးက သူနောက်ဆုံးဝယ်ထားတဲ့ ပစ္စည်းတွေကို ထုတ်ပြတော့ ကျွန်တော် ဒီပန်းအိုးကို သတိထားခဲ့မိတယ်"

"နှစ်လအတွင်း ဖြစ်လိမ့်မယ် မောင်ရင်၊ ဘာကြောင့်လဲ ဆိုတော့ သာနီးအောင်တို့ ဒီက ထွက်သွားတာက နှစ်လဘဲ ကြာသေးတာကိုး"

"ခင်ဗျာ"

"ရှင်းနေသားပဲ မောင်ရင်၊ ဒီပုံထဲက အမျိုးသမီးဟာ မနှင်းပွင့်ပဲ။ ဒီပန်းအိုးဟာ မနှင်းပွင့်ရဲ့ ပန်းအိုးဘဲ"

သိန်းသူ နှင့် မချောတို့ အကြည့်ချင်းဆုံလိုက်ကြသည်။ နှစ်ဦးစလုံး၏ မျက်လုံးများထဲတွင် ထိတ်လန့်တုန်လှုပ်မှု အရိပ်များ ပေါ်လွင်နေသည်ကို သတိထားမိကြ၏။ နဂိုက ဖြူနုသော မချော၏ မျက်နှာကလေးမှာ သွေးတစ်စက်မျှ မရှိတော့သလို ဖျော့တော့သွားလေသည်။

ဦးသုတ၏အသံကို ကြားနေရသည်။

"ဒီပန်းအိုး ဘယ်သူ့ဆီက ဝယ်လိုက်တယ်ဆိုတာ မောင်ရင့်ဘကြီးဆီမှာ အမြန်ဆုံး မေးပေးနိုင်မလား"

သိန်းသူက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခေါင်းကို ဖြေးညင်းစွာ သယ်ခါပြလိုက်၏။

"အဲဒါ မလွယ်ဘူး ဦး။ ဘကြီးဘယ်ရောက်နေတယ် ဆိုတာတောင် ကျွန်တော်မသိဘူး။ ဒါက သူ့အကျင့်ဘဲလေ။ သွားချင်တဲ့ဆီကို ထွက်သွားပြီး ဘယ်ရောက်နေတယ်၊ ဘယ်တော့ ပြန်လာမယ်ဆိုတာ ဘယ်တော့မှ အကြောင်းကြားလေ့မရှိဘူး။ အိမ်ကို ပြန်ပြီး အဆက်အသွယ်လည်း မလုပ်

www.burmeseclassic.com



ဘူး။ အိမ်မှာထားခဲ့တဲ့ သူ့တပည့်အစောင့်အရှောက်တွေကလည်း စိတ်ချရတော့ ဒီလိုပဲ ရှေးဟောင်းပစ္စည်း ရနိုင်မယ်ထင်တဲ့နေရာတွေ လျှောက်သွားနေတတ်ပါတယ်''

''ဒီလိုဆို သူဘယ်တော့ ပြန်ရောက်လာမယ် ဆိုတာလဲ မောင်ရင် မပြောနိုင်ဘူးပေါ့''

''ဟုတ်ပါတယ်၊ ဒီနေ့ မနက်ဖြန် ပြန်ရောက်ချင်လည်း ရောက်လာမယ်၊ နောက်တစ်လ နှစ်လကြာချင်လဲ ကြာမယ် ပြောလို့ မရဘူးခင်ဗျ''

တိတ်ဆိတ်သွားသည်။

မချောသည် ဦးသုတနှင့် သိန်းသူတို့၏ မျက်နှာများကို တစ်လှည့်စီ အကဲခတ်သလို ကြည့်နေသည်။

ခဏအကြာတွင် မချော၏ တိုးတိမ်တုန်ယင်သော အသံကလေး ပေါ်ထွက်လာသည်။

''ဒီအတိုင်းဆို မနှင်းပွင့်ဟာ အသတ်ခံရတာပဲပေါ့၊ ဟုတ်လား ဦး''

ဦးသုတ ခေါင်းညိတ်သည်။ တစ်စုံတစ်ခုကို နက်ရှိုင်းစွာ တွေးတောနေဟန်ဖြင့် အောက်နှုတ်ခမ်းကို မသိမသာ ကိုက်ထားသည်။

''ကျွန်မနှင့် အစ်ကို သိန်းသူကို မနှင်းပွင့် သရဲက ခြောက်နေတယ်လို့ ဆိုလိုတာလား ဦးရယ်''

''အမှန်ပဲ''

''မြတ်စွာဘုရား''

မချောသည် ကတုန်ကယင်ဖြင့် သိန်းသူလက်မောင်းကို လှမ်း၍ ဆုပ်ကိုင်ထားလိုက်သည်။

သိန်းသူ စောင်းငဲ့၍ အကြည့်တွင် မျက်ရည်များဖြင့် စိုလဲ့နေသော မျက်လုံးလေးများနှင့် အကြည့်ချင်းဆုံသည်။

''ကျွန်မတို့ ဘာလုပ်ကြမလဲ အစ်ကို''

သိန်းသူ သက်ပြင်းချရုံမှ အပ ဘာစကားမှ မဆိုနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်နိုင်တာ တစ်ခုတော့ ရှိတယ်" ဟု ဦးသုတက စကားစသည်။ "အဲဒီနည်းကတော့ ချုံဖုတ်ထဲကို ခဲပစ်တဲ့နည်းပဲ ၊ အမဲလိုက်တဲ့မုဆိုးဟာ ချုံထဲမှာ သားကောင်ရှိမရှိ မသေချာပေမဲ့ ခဲနဲ့ ပစ်ကြည့်တယ်၊ သားကောင်ရှိရင် ထွက်ပြေးမယ်၊ ဒီတော့မှ သေနတ်နဲ့ လိုက်ပစ်မယ်၊ ကံကောင်းရင် ပထမ စမ်းပစ်ကြည့်တဲ့ခဲဟာ သားကောင်ရဲ့ သေကွင်းကို တိုက်ရိုက်မှန်ချင်လဲ မှန်နိုင်တယ်။ အဲ. . . . ချုံထဲမှာ သားကောင် မရှိရင်လဲ အရှုံးတော့ မရှိဘူးပေါ့။ ကိုယ် လက်တွေ့ စမ်းကြည့်ချင်တယ်၊ ကိုယ် အနောက်တိုင်းမှာ လေ့လာခဲ့ဖူးတဲ့ နည်းနဲ့ မနှင်းပွင့်ရဲ့ ဝိညာဉ်ကို ခေါ်ကြည့်မယ်၊ မောင်ရင်က ဟို တရုတ်ပန်းအိုးကို ခဏယူလာနိုင်မလား"

သိန်းသူ စိတ်မသက်မသာဖြင့် ခေါင်းညိတ်သည်။

"ဒီက တူမကြီးကကော တူမကြီးတို့ အိမ်ကလေးမှာ ညဘက် စမ်းသပ်ခွင့်ပေးနိုင်မလား"

"ဘယ်အချိန်လဲ ဟင်"

"ညဉ့်နက်ပိုင်းပေါ့၊ အာရုဏ်မတက်မီ အထိဆိုပါတော့"

"အသံဗလံတွေကော ထွက်လာဦးမလား ဦး၊ ဒီလို မေးရတာ ကတော့ ဟို ဖေဖေ နေမကောင်း "

ဦးသုတက လက်ဝါးကာပြလျက် . . . . "ဘာအသံမှ မထွက်ဘူး၊ ထုံးဝတိတ်တိတ်ဆိတ်ဆိတ်ပဲ" ဟု စကားဖြတ်ပြောသည်။

"အဲဒီလို ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

မချောက သဘောတူသည်။ တစ်ဆက်တည်းပင် မချောသည် သိန်းသူဘက်သို့ လှည့်လျက် . . . .

"အစ်ကိုက ပန်းအိုးကို ဘယ်တော့ ယူလာမှာလဲဟင်"

သိန်းသူက နှုတ်ခမ်းလှုပ်ရုံမျှ လှုပ်လျက် စိတ်မပါတပါဖြင့် ဖြေသည်။

"မနက်ဖြန်"



www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

သိမ်သူနှင့် ဦးသုတတို့ တောင်ကြားအိမ်ကလေးသို့ ရောက်သွားချိန်မှာ ည(၁၁း၀၀)နာရီ ဖြစ်သည်။ မချောက အသင့်စောင့်နေပြီ ဖြစ်၍ သူတို့ တံခါးမခေါက်မှီမှာပင် တံခါးရွက်ကို ညင်သာစွာ ဖွင့်ပေးသည်။ ''ဝင်ခဲ့ပါ''ဟု လေသံတိုးတိုးဖြင့် ပြောသည်။

''ဖေဖေတော့ အထပ်ခိုးပေါ်မှာ အိပ်ပျော်နေပါတယ်၊ သူနိုးသွားလို့တော့ မဖြစ်ဘူးရှင့်''

မချောသည် သိမ်သူတို့အား ခေါင်းရင်းဘက်ရှိ ညှိခန်းကလေးဆီသို့ ဦးဆောင်ခေါ်သွားသည်။

''ဦးတို့အတွက် ကော်ဖီဖျော်ထားပါတယ်၊ ကော်ဖီအရင် သောက်လိုက်ကြပါဦး''

အခန်းလယ်ရှိ စားပွဲခုံပု ကလေးပေါ်တွင် လသာမီးအိမ်တစ်လုံး ထွန်းထားသည်။ မချောက မီးအိမ်ပေါ်မှ ကျော်၍ ကော်ဖီ ပန်းကန်များ ကမ်းပေးသည်။

သိမ်သူသည် ရစ်ပတ်ထားသော စက္ကူများကို တစ်လွှာချင်း ခွာပြီးလျှင်၊ နဂါးရစ် ပန်းအိုးပြာကို စားပွဲပေါ်တင် လိုက်၏။ မချော၏ မျက်လုံးအစုံသည် မီးရောင်အောက်တွင် လက်ခနဲ တောက်ပသွားသည်။

''အို . . . ဒီပန်းအိုးပေါ့၊ ဒီအရောင်အတိုင်းပါဘဲ၊ ကျွန်မ အိပ်မက်ထဲမှာ မြင်ရတာလေ''

လေသံကို ခပ်အုပ်အုပ်ပြောသော်လည်း စိတ်အားထက်သန်မှုမှာ ပေါ်လွင်နေသည်။

ထိုအချိန်တွင် ဦးသုတသည် သူ၏စမ်းသပ်မှုအတွက် စတင်ပြင်ဆင်လေသည်။ သူသည် စားပွဲခုံပေါ်က ပစ္စည်းအားလုံးကို ဖယ်ထုတ်လိုက်သည်။ စားပွဲကို အခန်းအလယ်တည့်တည့်သို့ ရွှေ့သည်။ ကုလားထိုင်သုံးလုံးကို စားပွဲ ပတ်လည်၌ ခပ်ခွာခွာပြုလျက် ဝိုင်းရံထားသည်။ နောက်ဆုံးတွင် ဦးသုတသည် သိမ်သူလက်ထဲက ပန်းအိုးကို လှမ်းယူကာ စားပွဲ အလယ်ဗဟို၌ ချထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . . အားလုံး အသင့်ဖြစ်ပြီ၊ မီးကို ငြိမ်းလိုက်တော့၊ တို့ အမှောင်ထဲမှာပဲ နေကြရအောင်"

ကုလားထိုင်တစ်လုံးစီတွင် ဝင်ထိုင်လိုက်ကြသည်။ မီးကို ငြိမ်းသတ်လိုက်၏။ အမှောင်ထဲတွင် ဦးသုတ အသံတိုးသဲ့သဲ့က ထွက်ပေါ်လာသည်။

"ဘာကို မစဉ်းစားနဲ့။ ခေါင်းထဲမှာ ဘာအတွေးခေါ်ကိုမှ ထည့်မထားနဲ့. စိတ်ကို အလုပ်မပေးနဲ့- လွှတ်ထား။ တို့အထဲက တစ်ယောက်ယောက်ဟာ သေသူ့ဝိညာဉ်နဲ့ ဆက်သွယ်နိုင်တဲ့သူ ဖြစ်လိမ့်မယ်။ ဖြစ်ပေါ်တွေ့ကြုံလာတဲ့ မှန်သမျှမှာ ကြောက်စရာလန့်စရာ မရှိဘူးနော်၊ အဲဒါကို မြဲမြဲမှတ်ထား။ ကြောက်စိတ်ကို ဖယ်ရှားပစ်- မကြောက်နဲ့ မကြောက်နဲ့"

သူ့အသံသည် တဖြည်းဖြည်းတိုးတိမ် ဝေးလွင့်ပျောက်ကွယ်ကာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ တစ်မိနစ်ပြီး တစ်မိနစ် တိတ်ဆိတ်ခြင်းသည် ရှိန်းလာနေသည်။ ငြိမ်သက်ခြင်းသည် အထုအထည် အစိုင်အခဲတမျှ လဲလာသည်။

ယခုအချိန်တွင် သိခ်သူ စိတ်မှာ "သိမှတ်မဲ့"အခြေအနေသို့ ဆိုလို ရောက်နေသည်။ ကြောက်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ သို့မဟုတ် ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း ဘာတစ်ခုမျှ ဖြစ်ပေါ်မလာခဲ့။ ခံစားချက် နေသည်။ ရုတ်တရက် မချော၏ အလန့်တကြားအော်သံ တိုးသဲ့သဲ့ကို ကြားရသည်။

"ဟော. . . တစ်ခုခုဖြစ်တော့မယ် ထင်ပါရဲ့၊ ကျွန်မကြောက် တယ် ကြောက်တယ်"

"မကြောက်နဲ့. . . . မကြောက်နဲ့၊ ဖြစ်ပေါ်လာတဲ့ အခြေအနေကို နဲ့. . . အလိုက်သင့်နေ"

ဦးသုတ၏ အေးစက်တည်ငြိမ်သော အသံကိုလည်း ကြားရသည်။

အမှောင်သည် ပို၍သိပ်သည်းကာ၊ ငြိမ်သက် တိတ်ဆိတ်ခြင်း သည် ပို၍ ထုထည်ကြီးမားလာနေသယောင် ရှိသည်။ တစ်ခုခုသည် တစ် ရာက ရုတ်တရက် ပေါက်ကွဲလွင့်ထွက်လာတော့မည့် အနေအထားမျိုး သည်။ မုန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်သူ လည်ချောင်းထဲမှာ ပူလောင်ခြောက်ကပ်လာသည်။ ရေဆာလာသည်။ အခန်းတွင်း တစ်နေရာက ပြင်းပြသော အသက်ရှူသံ လိုလို ကြားရသည်။ သူသည် စောစောက မချော ပြောခဲ့သလိုပင်၊ တခုခု ဖြစ်တော့မည်ဟု ထင်လာသည်။ ကြောက်စိတ်ဝင်လာသည်။

ထိုခဏမှာပင် သူ့ကိုယ်ခန္ဓာထဲရှိ အကြောအခြင်နှင့် ကြွက်သားများ နွမ်းလျပျော့ခွေသွားသည်။ သူသည် စမ်းရေစီးတွင် မျောပါသွားသလို "ငြိမ့်"နေသည်။ မျက်ခွံများ လေးတွဲ့ ပိတ်ကျသွားသည်။

ပြီးတော့ . . . အမှောင်၊ ပို၍ မှောင်သောအမှောင်။

[ ၇ ]

နေရောင်ခြည် တောက်ပနေသည်။

ကျေးငှက်တွန်ကျူးသံများကို ကြားရ၏။

မျက်လုံးအစုံကို ဖွင့်လိုက်သောအခါ ကောင်းကင်ပြာနှမ်းနှမ်းကို မြင်ရသည်။ အားယူ၍ ခေါင်းထောင်ထသည်။ သူ့ဦးခေါင်းသည် လေးလံနေ၏။

အတွေးများ ချာချာလည်နေသည်။

တောင်ကြားအိမ်ကလေး . . . မှောင်ပိန်းနေသော ညည်ခန်း . မချော . . . ၊ ဦးသုတ။

သိမ်သူ အားယူ၍ ထထိုင်သည်။ နံဘေးဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ သူသည် တောင်ကြားအိမ်ကလေးနှင့် မလှမ်းမကမ်း မြက်ခင်း ပြင်ပေါ်တွင် ရောက်နေ၏။ အနီးအနားတွင် တစ်စုံတစ်ယောက်မျှ မရှိ လက်က နာရီကို ကြည့်လိုက်သည်။

မြတ်စွာဘုရား ကယ်တော်မူပါ၊ မွန်းတည့် (၁၂း၀၀)နာရီပင် ခွဲခဲ့ ပေပြီတကား။

သိမ်သူသည် ဒယိမ်းဒယိုင်နှင့် ထရပ်ကာ တောင်ကြားအိမ်ကလေး ဆီသို့ အပြေးတစ်ပိုင်း လှမ်းလာခဲ့သည်။ လာရင်း ခေါင်းထဲမှာ အတွေး တွေ ဟိုကဒီက ရောက်လာနေသည်။ သူဘယ်လိုလုပ် အပြင်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာလဲ။ သူထွက်ပြေးလာခဲ့တာလား။

အိမ်ကလေးဆီသို့ ရောက်လာသည်။ တံခါးမှကို ကျယ်ကျယ် လောင်လောင်ခေါက်သည်။ အိမ်ထဲက တုံ့ပြန်မှုမရှိ၊ အိမ်ထဲမှာ ဘယ်သူမှ မှိုဟန်မတူ။ ဘယ်ရောက်သွားကြပြီလဲ။ သူ့ကို လိုက်ရှာနေကြသလား။ အနွှရာယ်တစ်ခုခု ကျရောက်သွားပြီလား။ အကူအညီသွားတောင်းနေတာလဲ ဖြစ်ချင်ဖြစ်မည်။ ညက ဘာတွေဖြစ်ခဲ့သလဲ။ ဘယ်သူတွေ ဘာဖြစ်ကုန် သလဲဆိုတာ သိခ်သူ လုံးဝစဉ်းစား၍ မရတော့။

သူသည် ဟိုတယ်သို့ အမြန်ဆုံး ခြေကုန်သုတ်လာခဲ့သည်။

ဟိုတယ်ဂိတ်ဝတွင် မားမားကြီး ရပ်နေသူကို မြင်လိုက်ရသော အခါ နောက်ပြန်ယိုင်လဲကျလုမတတ် ဖြစ်သွားရလေသည်။

ဘကြီး . . . ။ ဘကြီး ဦးသီဟ။

"ဘယ်လိုလဲကွ၊ မင်းညကတည်းက ပြန်မအိပ်ဘူးဆို ခြေရှည် ရှည်လားကွာ၊ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား"

သိခ်သူသည် အရှက်ပြေတစ်ချက် ရယ်လိုက်ကာ –

"ရိုးရိုးသားသားပါ ဘကြီးရဲ့၊ ဒါထက် ဘကြီးဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"ငါဒီမနက် (၅)နာရီက ရောက်တယ်၊ အဲဒါထားဦး။ မင်းငါ့စာကြည့် ခန်း မှန်ဗီရိုထဲက တရုတ်နဂါးမန်းအိုးကြီး ယူသွားတယ်ဆို၊ အဲဒါ ဘာလုပ်စရာလဲ"

သိခ်သူ ရင်ကို အလုံးကြီးဆင်ဆောင့်သည်။ မျက်စိပျက် မျက်နှာ ပျက်နှင့် ပြန်ပြောစရာ စကားလုံး ရှာမရနိုင်အောင် ဖြစ်နေသည်။

"ဟို . . . ဟို ဒီလိုပါ ဘကြီး ကျွန်တော် . . . အဲ . . ကျွန်တော် ဘာမှ မစားရသေးလို့ တစ်ခုခုစားရင်း ပြောပါရစေ"

စားသောက်ခန်းသို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြသည်။

ကော်ဖီနှင့် ကြက်ဥကြော်၊ ပေါင်မုန့်ကြော်များ စားသောက်ရင်း သိခ်သူသည် သူတွေ့ကြုံခဲ့ရသမျှကို သူ့ဘကြီး ဦးသီဟအား အစအဆုံး ပြန်ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခု သူတို့ ဘယ်ရောက် သွားကြတယ်ဆိုတာ ဘုရားသခင် မှဘဲ သိနိုင်တော့မယ်"

သိခ်သူက စကားအဆုံးသတ်သည်

ဦးသီဟသည် သိခ်သူ မျက်နှာကို စိမ်းစိမ်းကြီး စိုက်ကြည့်လျက်–

"ပန်းအိုးကကော. . . ပန်းအိုး ဘယ်ရောက်သွားသလဲ၊ ဘာ ဖြစ်သွားသလဲ"

ဟု မေးချလိုက်သည်။

သိခ်သူမှာ အဖြေမရှိ။

"အဲဒီ ပန်းအိုးဟာ ဘယ်လောက်တန်ဖိုးရှိသလဲ . . . သိလား။ ကမ္ဘာ့ ရှေးဟောင်း ပစ္စည်း ဈေးကွက်မှာ ဒေါ်လာ တစ်သောင်းရှိတယ် မောင်၊ ဒီပန်းအိုးမျိုး ကမ္ဘာပေါ်မှာ သုံးလုံးထဲ တွေ့ရသေးတယ်လို့ သုတေသန ဆောင်းပါးတစ်ပုဒ်မှာ မကြာခင်က ဖတ်လိုက်ရတယ်၊ အဲဒါကြီးကို မင်းဘာလုပ်ပစ်လိုက်သလဲ . . . ပြော"

သိခ်သူ ပြောမနေနိုင်တော့။

ဝုန်းခနဲ ခုန်ထကာ ဦးသုတ တည်းခိုနေသည့် အခန်းသို့ ပြေးလာ ခဲ့သည်။ သော့ခလောက် တန်းလန်းနှင့်သာ တွေ့ရ၏။ ဟိုတယ် ရုံးခန်း ကောင်တာသို့ သွားစုံစမ်းသည်။ စာရေးမလေးက သူ့ကိုအေးစက်စက် ကြည့်လျက်

"ဦးသုတ ညဆယ့်နှစ်နာရီကပဲ ထွက်သွားပြီ၊ အစ်ကိုလေး အတွက် စာတစ်စောင် ပေးထားခဲ့တယ်"

ဆိုကာ စာအိတ်ကလေးကို လှမ်းပေးသည်။

သိခ်သူသည် စာအိတ်ကိုကမျာကယာဖွင့်သည်။ အထဲက စာရွက် ကို ဖြန့်၍ဖတ်လိုက်သည်။

စာမှာ လိုရင်း တိုရှင်းပင်ဖြစ်သည်။

စာရေးဆရာ မောင်ရင်လေး . . .

"စိတ်ကူး ယဉ် အိပ်မက် ဝက်ပါကနိုးထလာခဲ့ပြီလား။ 'စိတ်နဲ့ ပတ်သက်တဲ့ ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာကို 'စိတ်ကူးယဉ် ဖတ်



www.burmeseclassic.com

www.burmeseclassic.com



သမ်း ဖန်တီးကာ 'စိတ်'ညစ်အောင် လုပ်ခဲ့မိတာကို 'စိတ်'မကောင်းဖြစ်မိပါတယ်။''

ဦးသီဟ ဆီက ဒေါ်လာတစ်သောင်း ကျော်တန် တရုတ်ရှေးဟောင်းနဂါး ပန်းအိုးကြီး လက်ဆောင်ရတဲ့ အတွက် မောင်ရင့်ကိုရော ဦးသီဟကိုပါ ကျေးဇူးတင်လို့မဆုံးနိုင်တော့ပါဘူး။

နှုတ်ဆက်ခဲ့ပါတယ် မောင်ရင်။ မချောကလဲ နှုတ်ဆက်တဲ့အကြောင်း ပြောပါတယ်။ တကယ်တမ်း မရှိတဲ့ မချောရဲ့အဖေ (အငြိမ်းစား ကျောင်းဆရာကြီး ဆိုတာကတော့) နှုတ်ဆက်နိုင်ခွင့် မရှိဘူးပေါ့ကွယ်။

ဦးသုတလို့ မောင်ရင်လေး

သိထားတဲ့

ဘလုအောင်

မှောင်ခိုရာဇာ

[ ၈ ]

သိခ်သွှသည် ယခုမှ တကယ်ပင် ရှုးချင်လာလေသည်။

**အောင်သာမိုး**

စစ်ပြန်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# နှစ်သက်မှာ တစ်ခါဆိုတယ်

[ ၁ ]

သေက်မရောက် သက်မပျောက်ဟူသော စကားပုံရှိသည်။

ဒါဆိုလျှင် သေက်ရောက်၍ အသက်ပျောက်ရသူများလည်း
တစ်ကယ်ပင်ရှိပေဦးမည်။

[ ၂ ]

ကျုပ်ကိုတော့ ငှက်ဆောင်သမား "ငရမာန်" အဖြစ်ဒီနားတစ်
ရွာတွေမှာ မသိသူမရှိပါဘူး။

အမှန်ကတော့ ကျုပ်နာမည်မောင်ပြည်စုံပါ။ ကျုပ်ကိုမွေးတုန်း
ကျုပ်မိဘတွေက ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ထဲကပါ။

လယ်ကေတစ်ရာကျော်နဲ့ နွားအကောင်ငါးဆယ်လောက် ပိုင်
ခဲ့ပါတယ်။ ကျုပ်တို့ပိုင်လယ်တွေကို ဆွေမျိုးသားချင်းအချို့နဲ့ လူငှား
လုပ်ခဲ့ရတာပါ။

ဒါပေမယ့် ဖြစ်ချင်တော့ ကျုပ်တို့ရွာတွေမှာ သရောကြီးနိုင်
အဖြစ်မျိုးနဲ့ ကြုံခဲ့ရပြီး နွားတွေတဖြုတ်ဖြုတ်သေကြ။ လူတွေလည်း အ
အပြုတ်ပြုတ် အဖြစ်နဲ့ကြုံရ။ ဆက်မနေနိုင်တဲ့လူတွေ ရွာကိုစွန့်ခွာပြ
ကျုပ်တို့ ပေါက်တောရွာကြီးဟာ ကျိုးနဲ့ဖုတ်ဖုတ် ဖြစ်ခဲ့ပါကသာလ

ဒီကြားထဲ ကျောက်ကြီးက ဝင်ပြီးပေါက်လိုက်သေးတယ်
အဲဒီအချိန်က ကျောက်ကြီးရောဂါတို့၊ ဝမ်းရောဂါတို့ဆိုရင် "ကာလနာ"



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ခေါ်နေကြတာကလား။ ကျုပ်အဖေနဲ့ အမေလည်း ကျောက်ကြီး ရောဂါပေါက်ပြီး ရွှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့တယ်။

ကျုပ်ကျတော့ ဟော့ဒီလောကကြီးအလယ်မှာ "ကံဆိုးမှဝင့်ဆင်းရဲ ကြီးကို လူ့ဘဝရောက်တုန်း အပြည့်အဝယူသွားဟော့လို့" လောကကြီးက ဒဏ်ခတ်ပြီး ထားခြင်းခံရသလို မိဘမဲ့တစ်ကောင်ကြွက်အဖြစ် ကျန်ခဲ့ရတယ်လေ။

ကိုယ်လက်အင်္ဂါပြည့်ပြည့်စုံစုံတော့ ကျန်ခဲ့တာ မဟုတ်ဘူးဗျာ။ ကျုပ်မိဘတွေကတစ်ဆင့် ကူးစက်ခဲ့တဲ့ ကျောက်ရောဂါကို သေလုမြောပါး ခံစားရပြီး မျက်စိထဲကျောက်ဝင်ပြီး မျက်စိတစ်ဘက် ကွယ်ခဲ့ရတဲ့ တစ်ဖက် ကန်းဘဝနဲ့ ကျန်ခဲ့ရတယ်လေ။ မောင်ပြည့်စုံရဲ့ မပြည့်စုံတဲ့ဘဝပေါ့ဗျာ။

ကျုပ်ကို ရွာဦးဘုန်းတော်ကြီးက ကြည့်ရှုကုသပေးထားလို့ အသက်မသေရုံ ကျန်ခဲ့ရတာပါ။

ကျုပ်တို့လယ်တွေကတော့ ကျုပ်တို့ဆွေမျိုးတွေ လက်ထဲမှာ သူတို့လက်ထက်ပွားတွေဖြစ်ပြီး၊ တစ်ချို့လည်း သူတို့အပိုင် လုပ်သူလုပ်။ တစ်ချို့လည်း ချစ်တီးဆီမှာ ချရောင်းပြီး မြို့ကို တက်ပြေးလိုပြေးနဲ့ ကျုပ်မှာ ရွာအနောက်ဘက် သချိုင်းကုန်းနားက လယ်ကလေးငါးဧကပဲ လက်ဝယ် ကျန်ပြီး မိဘအမွေအဖြစ် ရလိုက်ပါတယ်။

ကျုပ်မိဘတွေနဲ့နေခဲ့တဲ့ အိမ်ကြီးကိုတော့ ဆွေမျိုးမစပ်တစပ်လူတွေက ဖျက်ယူမယ် တကဲကဲလုပ်ကြလို့ ဘုန်းတော်ကြီးအမိန့်နဲ့ ကပ္ပိယကြီးသွား ပြီး တားထားလို့ ကျုပ်အရွယ်ရောက်တဲ့အထိ နေနိုင်ဖို့ ရွာလယ်မှာ ကျန်ရှိ သေးတာပေါ့ဗျာ။

ဘုန်းတော်ကြီးက ကျုပ်အပေါ်မှာ အတော့်ကိုကောင်းပါတယ်။ ကောင်းဆို ကျုပ်မိဘတွေရှိစဉ်က ပဒ္ဒင်းဒါယိကာ၊ ဒါယိကာမတွေ ဖြစ်ခဲ့တာ ကိုးဗျ။

ဆွေမျိုးဆိုတာ သိတော်မူကြတဲ့အတိုင်းပါပဲ။ အရင်းလဲရင် အငြင်း ထင်းရလို့ သဘောထားတတ်တဲ့ လူမျိုးတွေက အများကြီးပါကတော့ချိုးပဲ။ တစ်ယောက်ကောင်းစားတာကို တစ်ယောက်မရှုစိမ့်တာတွေလည်း အပုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ သာတုန်းနားမယ်။ နာတုန်းသွားမယ် ဆိုတဲ့ဟာမျိုးတွေပေါ့ဗျာ။

ဉာတကာနုဥ္စသင်္ဂဟောလို့ မင်္ဂလသုတ်မှာပါတာကို ကြည့်လေ။ ဆွေမျိုးကို ကျွေးမွေးထောက်ပံ့ ကူညီရခြင်းဟာ မင်္ဂလာတစ်ပါးတဲ့။ ဒါဟာ ကျွေးမွေးထောက်ပံ့နိုင်တဲ့ လူတွေအတွက်နေ့ာ။ ဆင်းရဲလူက ဘယ်မှာလာပြီး ကျွေးမွေးထောက်ပံ့နိုင်ပါ့မလဲ။ ဒါပေမယ့် ဉာတကာနုဥ္စမင်္ဂလာနဲ့ အကျုံးဝင်အောင် နှုတ်၏ဆောင့်မခြင်း၊ လက်၏ဆောင်မခြင်းတော့ ရှိသင့်တယ် မဟုတ်လား။ ဒါဟာလည်း မင်္ဂလာတစ်ပါးပါပဲ။

ဒါပေမယ့် ကျုပ်တို့အမျိုးတွေက အဲဒီလိုမင်္ဂလာနဲ့ ညီတာမဟုတ်ဘူး။ တစ်ကောင်ကြွက်မျက်နှာမွဲကျန်ရစ်ခဲ့တဲ့ ကျုပ်ကို ဘယ်သူမှ ကာကွယ်စောင့်ရှောက်မှု မပေးခဲ့ကြပါဘူး။

တစ်နေ့မှာတော့ ဘုန်းတော်ကြီး ပျံလွန်တော်မူခဲ့တယ်။ အဲဒီနောက်တော့ ကျုပ်လည်း ဘုန်တော်ကြီးကျောင်းမှာ မနေနိုင်တော့ဘူးလေ။

ဒီလိုနဲ့ ကျုပ်ဟာ ရွာတောင်ဖျားက ဦးဖိုးထောင်ဆီကို ရောက်သွားတယ်။ ဦးဖိုးထောင်က ဘုန်းကြီးကျောင်းက ကပ္ပိယကြီးနဲ့ တူတော်တာကိုး။ သူက သူ့ဦးလေးကပ္ပိယကြီးနဲ့တော့ ဆန့်ကျင်ဘက်ပဲ။

နွေ၊ မိုး၊ ဆောင်းတစ်နှစ်ပတ်လုံး ရာသီအလိုက် ငှက်ထောင်စားတဲ့လူပဲ။ မိုးတွင်းဆိုရင် ဗျိုင်း၊ လင်းဝက်၊ မယ်ညို၊ ရေစစ္စလီ၊ ရေဘဲ၊ ရေကြက်မျိုးစုံကို ထောင်ပိုက်၊ ကွင်းပိုက်မျိုးစုံနဲ့ ဖမ်းလေ့ရှိတယ်။ နွေနဲ့ ဆောင်းဆိုရင် ဟသ်ာ၊ ကြက်တူရွေး၊ စာကလေးအစမကျန်အောင်ဖမ်းပြီး မြို့ပေါ် တက်ရောင်းလေ့ ရှိတယ်လေ။

ကျုပ်ကငှက်ဖမ်းရတာ ပျော်သလို၊ သူနဲ့ မြို့ပေါ်တက်ပြီး ငှက်ရောင်းရတာ ပိုပြီးပျော်တာဗျ။

ကျုပ်သူ့အိမ်ရောက်သွားတော့ သူ့သမီးဖွေးဥက သုံးနှစ်သမီးကလေးပဲ ရှိသေးတာကလား။ သူ့မိန်းမ ကြီးတော်အေးစိန်ကလည်း ယောက်ျားလေးမရှိလို့ ကျုပ်ကို သားကြီး၊ သားကြီးနဲ့တော့ ချစ်ရှာလိုက်တာလေ။

ကျုပ်မွေးစားအဖေ ငှက်ထောင်သမားကြီး ကိုဖိုးထောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရိုးကြီးပါဗျာ။ ကျုပ်ကိုရှင်ပြုပေးဖို့ ငွေရှာရင်း ငွေမပြည့်တာကြောင့် တစ်ခြားကဆွဲလွှဲပြီး ရှင်ပြုဖြစ်အောင် ပြုခဲ့ပါသေးတယ်။

ဒါပေမယ့် အကြွေးဆိုတာ သိတယ်မဟုတ်လား။ တင်ပြီးရင် ဆပ်ဖို့မလွယ်တော့ဘူးလေ။ အတိုးနဲ့အရင်း ထပ်ပေါင်းပြီး တိုးလာလိုက်တာ နောက်ဆုံးတော့ ရှုံးရောက်ဂါတ်ရောက်ဖြစ်ကုန်တယ်။

အဲဒီမှာ လောကကြီးများပြောပါတယ်။ တကယ့်ကို မယုံရင် မုံပြင်ပါပဲဗျာ။ ကျုပ်အတွက် ရှင်ပြုဖို့ ပိုက်ဆံချေးမိတာက ကျုပ်အဖေရဲ့ ညီမဝမ်းကွဲဆီမှာလေ။ အဲဒီ ညီမဝမ်းကွဲ ဒေါ်စာပုံဟာ သူ့ယောက်ျားနဲ့ ပေါင်းပြီး ကျုပ်တို့လယ်တွေကို အပိုင်စီးရာက၊ စီးပွားရေးထူထူထောင်ထောင် ဖြစ်လာပြီး ငွေတိုးပေးစားတော့တာကိုးဗျာ။

ကျုပ်အတွက် ကျုပ်မွေးစားအဖေဦးဖိုးထောင် ထောင်ကျတော့မယ် အဖြစ်မျိုး။ ကျုပ်က ဘယ်ကြည့်ရက်နိုင်ပါ့မလဲ။ ဒါကြောင့်ကျုပ်ရဲ့ နောက်ဆုံးပိုင်ဆိုင်တဲ့ ရွာလယ်က အိုးအိမ်ကို အကြွေးနဲ့ချေဖြတ်ပြီး ထိုးဆပ်လိုက်ရတယ်။

ဆွေမျိုးများ လောဘဇောဝင်ပြီဆိုရင် အဲဒီလောက်ဗျာ။ သွားလေသူ ကျုပ်အဖေ အမေတွေ့ရဲ့ မျက်နှာကိုမှ မထောက်ဘူး။

ကျုပ်ဟာ ခုမှ ငှက်ထောင်သမား ဦးဖိုးထောင်ရဲ့ အမွေဆက်ခံရတဲ့ သား ဖြစ်လာရတော့တယ်။ ကျုပ်ရှင်လိင်ပြန်ပြီးတဲ့နောက် ငှက်ထောင်သမား ဘဝအမွေကို ခံယူလိုက်တာပါပဲ။ ငှက်ထောင်ရတာ တကယ်တော့ ပျော်ရာကောင်းတဲ့အလုပ်ဗျ။ လယ်လုပ်ငန်း၊ ရေလုပ်ငန်းတွေထက် အများကြီး သက်သာတဲ့ အလုပ်ပဲဗျာ။ အလုပ်ကျွမ်းကျင်ဖို့နဲ့ ငှက်တွေရဲ့အထာကို သိဖို့တော့လိုတယ်နော့။

ကျုပ်မွေးစားအဖေ ဦးဖိုးထောင် ငှက်ထောင်ရင်း လောကစည်းစိမ် ခံစားပုံကိုလည်း ကြည့်ပါဦး။ ချက်အရက်ကလေး တစ်လုံးယူသွား။ အရင်နေ့က မရောင်းဘဲချန်ထားတဲ့ ငှက်သားကို အမြည်းလုပ်ပြီး မြိန့်နေတော့တာကိုး ဗျ။ ကျုပ်ကတော့ လူငယ်ဆိုတော့ သူ့ရှေ့မှာ ဘယ်သောက်ရဲပါ့မလဲ။ မြို့ပေါ်တက်ပြီး သူ့ဖေါက်သည်တွေဆီ ငှက်ရောင်းရင်းရတဲ့ငွေနဲ့ ကျုပ်အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထောင် မြို့ပေါ်က အဝိုင်းဆိုင်မှာ အရက်သောက်ရင် ကျုပ်ကတော့ ခေါက်ဆွဲစားပေါ့ဗျာ။

ဒီလိုနဲ့ ကျုပ်လည်းအရွယ်ရောက်လာ ဦးဖိုးထောင်သမီး ဖွေးဥ လည်း အရွယ်ရောက်လာ ကျုပ်တို့ချင်း သွေးသားမတော်စပ်ဆိုတော့ မစွမ်းရင်ကရှိပြီး ကန့်စွန်းခင်းငြိသွားရာက လူကြီးတွေပေးစားရတဲ့အဆင့် ကို ရောက်ခဲ့ရတယ်။ ဗျာ . . . အသက်မကွာဘူးလား။ ဟုတ်လား ယောက်ျားပဋ္ဌင်း။ မိန်းမပုခက်တွင်းလို့ စာဆိုတောင်ရှိသေးမဟုတ်လားဗျာ

ကျုပ်အဖို့ ငယ်ငယ်က ပြည့်ပြည့်စုံစုံ မွေးလာလို့၊ မောင်ပြည့် ကြီးကောင်ဝင်မှ ကျောက်ပေါက်လို့ မျက်စိတစ်ဖက် ကျောက်ဝင်ပြီးကန် ခဲ့လို့ ငရမာန်ပြည့်စုံရယ်လို့ နာမည်တွင်နေတော့ ကျုပ်ကို ကြိုက်မယ် ရွယ်တူတန်းတူ ရှားမှရှားပဲ မဟုတ်လား။

အမှန်တော့ ကျုပ်ဖြစ်သင့်တာက ကျုပ်အဖေရဲ့ ညီမဝမ်းကွဲ ဒေါ်သာပုံကြီးဟာ သူ့သမီး ရွှေမိ အချောအလှ ပေါက်တောရွာရဲ့ ကွမ်းတောင် ကိုင်မလေးနဲ့ ကျုပ်ကိုစပ်ဟပ်ပြီး ပေးစားဖို့ ကြံဆောင်မှာ သေချာပါတယ် ဗျာ။

အခုတော့ စီးပွားပျက်၊ မိဘမဲ့မျက်စိတစ်ဖက်လပ် ငရမာန် ပြည့် ငှက်ထောင်သမားဆိုတော့ ကျုပ်လိုအောက်တန်းစားကို လားလားမှ မစဉ်းစား ဘဲ ရွာထဲက အင်းပိုင်ရှင်ရဲ့သား ကိုလှမောင်နဲ့ ပေးစားပစ်လိုက်တယ်ဗျာ ဘယ်လောက်အသည်းနာဖို့ ကောင်းသလဲဟင်။

ဒါပေမယ့် ကျုပ်ဘဝမှာတော့ ဖွေးဥနဲ့ထိုက်တန်လို့ ဖွေးဥကို ရလိုက်တယ်လို့ ဖြေသာတွေးတွေးနေပြီး နေသာအောင် နေလိုက်ရတာပေါ့ ဗျာ။

စိတ်ထဲကတော့ ဒေါ်သာပုံကြီးနဲ့ ရွှေမိတို့မိသားစုကို လုံးဝ ကျေနပ်နိုင်ဘူး။ တစ်ကယ်ကို ဘုရားစူးရပါစေ့ဗျာ။

[ ၃ ]

"အမယ်လေး . . . သမီးလေးရွှေမိရယ် မြွေမှဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်ရွယ်ရွယ်နဲ့ သေရွာကိုမြန်းရပါပေါ့လားကွယ်" ဒါဟာ ကျုပ်ရဲ့ မိုက်ပြစ်တွေပါတော့။ ဟုကယ့်ကို ကျုပ်ရဲ့ မိုက်ပြစ်တွေပါ။ သူ့ယောက်ျား မောင်လှမောင်က အင်းသူကြီးသားမို့ ငွေကြေး ချမ်းသာတော့ မြို့ပေါ်ကဆေးရုံမှာ တက်ပြီး သူ့မိန်းမကျုပ်သမီး မရွှေမိ မီးဖွားဆို့ကိစ္စ ပြောခဲ့ပါသေးတယ်။

ကျုပ်ကတော့ လှေကြီးထိုးရိုးရိုးသမား။ ကျုပ်အမေအဖေတုန်းကလည်း ရွာက ရွာဝမ်းဆွဲသည်နဲ့ မွေးတာ။ ကျုပ်ကျတော့လည်း ရွာ က ရွာဝမ်းဆွဲလက်သည်နဲ့ပဲ မွေးခဲ့တာပဲ။ ဒါ့ကြောင့် ကျုပ်သမီး ရွှေမိ ကျုပ်ရဲ့ အိမ်ကြီးပေါ်မှာပဲ ကျုပ်မျက်စိအောက်တင် မွေးပစေပေ့ါ။

ခုတော့လည်း ကျုပ်သမီး ရေတိမ်နစ်ရပါပေါ့ရှင်။ ရွာလက်သည်နဲ့ မီးမဖွားနိုင်ဘဲ ဆုံးရှာပြီလေ။ သားလေးကိုလည်း အသေမွေးတယ်။ သူ့ခမျာလည်း သားသေလည်း အပြင်ရောက်၊ သူလည်းအသက်ပျောက်ပေါ့လေ။

ကျုပ်သမီးလေး ကံကိုဆိုးပါတယ်ရှင်။ သေတာတောင် သမီးလေး အလောင်းကို ကြာကြာကြည့်ခွင့် မရလိုက်ပါဘူး။

သမီးလေးသေတာ သင်္ကြန်အတက်နေ့ဆိုတော့ ကျုပ်တို့ မြန်မာ ရိုးရာထုံးစံအတိုင်း နောက်နှစ်မကူးအောင် နေ့ချင်းပြီး ချလိုက်ရတာကိုး။

နှစ်ဆန်းတစ်ရက်နေ့မကူးအောင် ဒီနေ့သေ၊ ဒီနေ့ချ၊ သမီးလေး ရယ် ဖြစ်မှဖြစ်ရလေ။ သေတာတောင် ကံဆိုးလှချည်ရဲ့ သမီးလေးရယ်။

[ ၄ ]

ပထမတော့ ရွှေမိလေးသေတယ်ကြားလို့ စိတ်မကောင်းဖြစ်မိသား။ ကျုပ်မိန်းမဖွေးဥ နေ့ခင်းထမင်းတောင်းလာပို့ တုန်းက ဒီသတင်းကို ကြား ခဲ့ရတာလေ။

"ဒီနေ့ သင်္ကြန်အတက်နေ့ဆိုတော့ ညနေကျရင် အားချင်းချ မယ်လို့ ပြောနေကြတယ် ကိုပြည့်စုံရဲ့"

"အေးပေါ့ကွာ။ စိတ်ကောင်းမရှိတဲ့ဟာတွေ၊ အတုံ့အလည့်ဆိုတာ ဒီလိုပဲ ရှိတော့မပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ဟာလေ။ အဃာတ တော်တော်ကြီးမားတဲ့လူ။ ပြီးခဲ့တာတွေလည်း ပြီးပါပြီ။ ကိုယ့်အိမ်မှာလည်း အဖေက မမာကြီးနဲ့။ စိတ်ကောင်းမွေးမှပေါ့တော်"

"အေးပါကွာ။ ဖွေးဥ မ,စိတ်ကောင်းကြီးရေ ငါက တစ်ညနေလုံး ဒီတောစပ်မှာ မိုးအလင်းနေရမှာဆိုတော့ ငါ့အတွက် ချက်အရက်မီးတောက်လေး အလုံအလောက်ပါခဲ့ရဲ့လား"

"ပါပါတော် ပါပါ။ တစ်လုံးကြီးများတောင် ယူလာခဲ့တယ်။ တဖြည်းဖြည်း မှုန်းမှုန်းသောက်နော်။ အရမ်းသောက်ပြီး မှောက်နေလို့ ပိုက်မရုပ်နိုင်ဘဲ နေဦးမယ်"

"မိန်းမရယ်။ ငါ့မှာ မူးပြီးမှောက်တဲ့ ရာဇဝင် မရှိပါဘူး။ စိတ်သာချပါကွာ"

"အဘက နေမကောင်းတော့ တော့်ကိုပဲ တစ်အိမ်လုံးအားကိုးနေရတာနော်။ ကဲ . . . ကျုပ်ဟိုအနောက်ဖျားက သံဒင်းစုဘက်ကို အဘအတွက် ဆေးသွားဝယ်လိုက်ဦးမယ်"

ကျုပ်မိန်းမဖွေးဥ သူ့အဖေအတွက် ဆေးဝယ်ဖို့ သံဒင်းစုရွာက ဆေးဆရာဆီကို ထွက်သွားလေရဲ့။ ဒါက သူ့အလုပ်လေ။ ကျုပ်ဆီကို ထမင်းလာပို့ ပြီးတော့ အနောက်ဘက်ရွာက ဆေးဆရာဆီမှာ ဆေးသွားဝယ်။

သံဒင်းစုရွာနဲ့ ကျုပ်တို့ရွာက အလယ်မှာ သချိုင်းတစ်ခုရယ်၊ ကြပ်ကုန်းယာပျက်ကြီးတစ်ခုရယ် ခြားနေတာကြောင့် နှစ်နာရီလောက်တော့ လျှောက်ရတယ်။ အသွားအပြန် လေးနာရီလောက်တော့ ကြာတတ်ပါတယ်။

ကျုပ်မိန်းမပြန်လာရင် ကျုပ်ဆီလှည့်ဝင်ချင်လည်း ဝင်တယ်။ မဝင်ဘဲလည်း ဖေါက်တောကို တန်းပြန်ချင် ပြန်တယ်လေ။

ကျုပ်တို့ ငှက်ထောင်သမားဆိုတာက နေရာကို အတည်တကျ ထားရတာမျိုး မဟုတ်ဘူး။ ဒီကနေ့ ဒီဘက်မှာ ဖမ်းရင် နောက်နေ့ ဟိုဘက် ပြောင်း ဖမ်းချင်ဖမ်းရတာ။ ငှက်အကျပေါ်မှာ မူတည်ပြီး တစ်နေ့တည်း သုံးလေးနေရာ ရွှေ့ချင် ရွှေ့ရတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မိန်းမထွက်သွားပြီးလို့ နှစ်နာရီလောက်အကြာမှာ ရွာထဲက ရွှေမိအသုဘချလာတယ်။

ကျုပ်အခု ငှက်ထောင်ထားတဲ့နေရာက သင်္ချိုင်းကုန်းအစွန် တောအစပ်ဆိုတော့ အတိုင်းသား လှမ်းမြင်နေရတာကလား။

မသာကျင်းတူးတဲ့ကောင်တွေကလည်း ကျုပ်တို့ရွာသားတွေထဲက မူးငရူးတွေဆိုတော့ စောစောကတင် ကျင်းတူးကြေးရတဲ့ သူတို့ဆီက အရက်ကို ကျုပ်က ရောယောင်ပြီး သောက်လိုက်သေးတယ်။

ဒီကောင်တွေက မူးမူးနဲ့ ကျင်းတူးတာဆိုတော့ ကျင်းကနက်သင့်သလောက် မနက်ဘူး။ ဒါပေမယ့် မသာပဲဗျာ။ သေရင်ပစ်လိုက်ရတာပဲဟာ။ ကျင်းနက်တာ မနက်တာ အကြောင်းမဟုတ်ပါဘူး။ အခေါင်းမြှုပ်ရင် ပြီးတာပါပဲ။

ရွှေမိခေါင်းကို ထမ်းပြီး ကာလသားတွေ သင်္ချိုင်းထဲ ဝင်လာတော့ ရွာထုံးစံတိုင်း "နောက်လာဦးမလား ... နောက်လာဦးမလား" ဆိုပြီးတော့ သင်္ချိုင်းမှာ ကျင်းလာတူးတဲ့လူတွေ နောက်ထပ်အလောင်း မလာအောင် ထီး ခဲနဲ့ပစ်ပေါက်ပြီးမေးတဲ့အခါမှာ လူတွေက "နောက်မလာတော့ပါဘူး နောက်မလာတော့ပါဘူး"လို့ ပြန်ပြောနေကြရတဲ့အခိုက် ကျုပ်က အသံတိုးတိုးနဲ့ ဘယ်လိုပြောနေတယ် ထင်သလဲ။

"နောက်လာခဲ့ဦး နောက်လာခဲ့ဦး။ နင့်အမေ မသာပုံကြီးလာခဲ့လို့ လူများတွေမကြားအောင်ပြောပြီး ဒေါ်သာပုံကြီးနဲ့ ရွှေမိယောက်ျားလူမောင်ကို ခဲနဲ့ မှန်အောင်ပစ် မူးမူးနဲ့ အရသာရှိလိုက်တာဗျာ။

[၉]

အို ... ဒုက္ခပါပဲရှင်။ ကျွန်မဘယ်ကို ရောက်နေတာလဲ။ မွှန်းကျပ်လိုက်တာ။ အသက်ရှူလို့လည်း မဝဘူး။ ကျွန်မဘယ်ကို ရောက်နေတာလဲ။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့လည်း အားလုံးမှောင်နေတယ်။ လက်တွေကို လှုပ်ကြည့်တော့လည်း အပ်ချည်ကြိုးနဲ့ ချည်ထားတာ။ ခြေထောက်တွေကိုကော၊ အို ... ခြေထောက်တွေကိုလည်း အပ်ချည်ကြိုးနဲ့ ချည်ထားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတံတောင်နဲ့ ဘေးဘီကိုဆောင့်ကြည့်တော့ သစ်သားသံတဝုန်းဝုန်းထွက်လာတယ်။ ကြိုးစားပြီး ရုန်းတော့မှ အပ်ချည်ကြိုးတွေ ခြေထောက်နဲ့လက်က ပြုတ်ထွက်ကုန်တယ်။

လက်နဲ့ အပေါ်ကို စမ်းကြည့်တော့ အပေါ်မှာလည်း သစ်သားအဖုံးကြီးအုပ်ထားပါလား။ အို့ . . ဖြစ်မှဖြစ်ရလေ။ ဒီလိုပုံစံမျိုးဆိုရင်တော့ ကျွန်မကို သေပြီထင်ပြီး အခေါင်းထဲကို အမေနဲ့ ကိုလူမောင်တို့ ထည့်ထားလိုက်ကြပြီနဲ့တူတယ်။

ကျွန်မသတိရပြီ။ ကျွန်မမီးဖွားဖို့ ဝေဒနာခံစားခဲ့ရတယ်။ ဗိုက်ထဲကကလေးကြောင့် အလူးအလိမ့်ခံစားခဲ့ရတာပါ။ မွေးရခက်ပြီး သတိတွေလစ်ပြီး မေ့မြောသွားတယ်။ ဒါကို အမေနဲ့ကိုလူမောင်က သေပြီလို့ ထင်သွားကြတယ်နဲ့ တူပါတယ်။ ဖြစ်မှဖြစ်ရလေ အမေနဲ့ ကိုလူမောင်ရယ်။

အစကတော့ ရွှေမိကို ချစ်လှချည်ရဲ့ဆို။ အခုတော့ သေတယ်ထင်ပြီး မစူးမစမ်း အခေါင်းထဲထည့် ထားလိုက်ကြပြီးလားဟင်။

"ကျွန်မမသေဘူး။ ကျွန်မကို ကယ်ပါ။ ကယ်တော်မူကြပါ။ ကယ်တော်မူကြပါရှင်။

[ ၆ ]

ကျုပ်အရက်ကလေး တွေတွေနဲ့ သင်္ချိုင်းကုန်းက ဒုတ်ဂူတွေကြားထဲမှာ မှေးနေတုန်း ခပ်လှမ်းလှမ်းမှာရှိတဲ့ ရွှေမိမြေပုံက အသံတွေကြားလာရတယ်။

"ဝုန်း . . . . ဝုန်း" "ဒုတ် . . . ဒုတ်"

ပထမတော့ ကျုပ်လည်း လန့်ဖျတ်သွားတာပေါ့လေ။

နောက်တော့မှ သေသေချာချာ ဆက်နားထောင်မိတော့။ အဲဒီအသံတွေကို ဆက်ပြီး ကြားနေရပြန်တယ်။

"ဝုန်း . . . . ဝုန်း"

"ဒုတ် . . . . ဒုတ်"

ကျုပ်ဆိုတဲ့အကောင်ဟာ ဒီသင်္ချိုင်းကုန်းဝန်ကျင်မှာ အဦးပါးပြီးသား အကောင်ဆိုတော့ ကြောက်စိတ် နည်းနည်းလေးမှ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိရဲ့ လတ်လတ်ဆတ်ဆတ်မြေပုံကိုသွားပြီး မြေပုံပေါ်မှာ နား ကို စွင့်ပြီး ကပ်နားထောင်လိုက်မိတယ်။

"ကျွန်မ မသေသေးပါဘူး။ ကျွန်မကို ကယ်ပါ။ ကယ်တော်မူကြပါ ကယ်တော်မူကြပါရှင်။ ကျွန်မ မသေသေးပါဘူး။"

ကျုပ်နားထောင်ရင်း နားထောင်ရင်း သဘောပေါက်လာတယ်။ အမှန်က ရွှေမိတကယ်သေတာမှ မဟုတ်ဘဲ။ မြေသွားတာကို။ နောက်နှစ် ဘူးအောင် မထားဘဲ ပူနွေးနွေး သင်္ဂြိုဟ်လိုက်ကြတာကို။

ခုသင်္ဂြိုဟ်ပြီးတော့ မသာပို့တဲ့လူတွေပြန် သွားမှ သတိပြန်ဝင်ပြီး အသက်ပြန်ရှင်သလိုဖြစ်ပြီး အော်နေတာကို။

ကျုပ်ဘာလုပ်ရမလဲ . . ဘာလုပ်ရမလဲ။

ရွာကို ပြေးပြီး သူ့အမေ ဒေါ်သာပုံကြီးကို ပြောရရင်ကောင်းမလား သူ့ယောကျ်ားကိုလူမောင်ကို သွားခေါ်ရကောင်းမလား။ ဒါမှမဟုတ် ကျုပ်မှာပါ လာတဲ့ ပေါက်တူးတွေ သံတူရွင်းတွေနဲ့ အခေါင်းကို ပြန်ဖော်ရရင် ကောင်းမလား။

ကျုပ်အတွေးတွေနှင့် တွေဝေနေတုန်းမှာ သူ့အမေဒေါ်သာပုံကြီးရဲ့ မျက်နှာ၊ ကျုပ်ကို နှိမ်သလိုကြည့်ကြည့်နေတတ်တဲ့ ကိုလူမောင်တို့ ရွှေမိတို့ ရဲ့ မျက်နှာတွေကို ပြန်မြင်ယောင်ပြီး ကျုပ်စောစောက အုတ်ဂူဘေးမှာပဲ ငြိမ်ထိုင်နေခဲ့တယ်။

အသံတွေကို ကြားနေတုန်းပေါ့လေ။ ဘယ်တတ်နိုင်မလဲဗျာ။ သူတို့က ရက်စက်လို့ ကိုယ်ကပြန်ရက်စက်ရတာပဲ။ သူ့ထိုက်နဲ့ သူကံပေါ့။

ကျုပ်လည်း ကျုပ်ဆီမှာ စောစောကကျန်တဲ့ အရက်တစ်လုံးကို ဖွင့်သောက်ပြီး ငှက်သားကြော်နဲ့ ဖိမ်ရှိရှိမြည်းနေလိုက်တော့တယ်။

ရွှေမိမြေပုံက အသံကတော့ ကြားနေရတုန်းပါပဲ။

ကျုပ်ပဲ မူးလာလို့လား မသိဘူး။ အဲဒီအသံဟာ တဖြည်းဖြည်း သေးတိုးသွားတယ်။

ကျုပ်မူးပြီး အိပ်ပျော်သွားရာက တစ်ရေးနိုးတဲ့အချိန်မှာ အဲဒီအသံ သဲ့သဲ့ကို ကြားနေရတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ကယ်ကြပါ။ ကယ်ကြပါဦး"

"နင်တို့လို လူတန်းစားမျိုး ကယ်လည်း အပိုပေါ့ဟာ။ ငါ့ကို ဒုက္ခပေးတဲ့ဟာတွေ တစ်ခါသေရုံမကဘူး။ နှစ်ခါပြန်သေလည်း ငါက ဂရုမစိုက်ဘူး"

ကျုပ်နာနာကျည်းကျည်း ပြောပြီး အရက်ကို ဆက်သောက်နေလိုက်တယ်။ ခါတိုင်းတုန်းက ဒီအရက်တစ်လုံးဟာ ကျုပ်အဖို့ အလုပ်လုပ်နိုင်ရုံ စားကောင်းသောက်ကောင်းရုံပါပဲ။

"ကယ်တော်မူကြပါ . . . . . ကယ်တော်မူကြပါ"

အဲဒီအသံမျှဉ်းမျှဉ်းနဲ့အတူ ဂူတွေကြားမှာ ကျုပ်မူးပြီး အိပ်ပျော်သွားပြန်တယ်။ ရွှေမိရဲ့ အကူအညီတောင်းသံဟာ ကျုပ်ကို သီချင်းဆိုသိပ်နေသလိုပဲ။ အရသာရှိလိုက်တာဗျာ။

[ ၇ ]

မနက်မိုးလင်းလို့ ဖောကြက်တွေ တွန်သံကျူးတဲ့အချိန်မှာ ကျုပ်မူးမူးနဲ့ အိပ်ရာက လန့်ပြီးနိုးလာတယ်။

ကျုပ်ထောင်ထားတဲ့ ပိုက်တွေ ညွှတ်တွေကို ရုပ်ရတော့ အမယ်လေး။ အမှန်က မနက်လေးနာရီ အုန်းမောင်းခေါက်ကတည်းက ညင်္ဂက်ဖမ်းတဲ့ကိစ္စကို လက်စသိမ်းရမှာ။

ခုတော့ နည်းနည်းတောင် နောက်ကျနေပြီ။

ကျုပ် ထရပ်ပြီး ရွှေမိမြေပုံက အခြေအနေကို လှမ်းကြည့်လိုက်တယ်။ ရွှေမိတကယ်သေသွားပြီနဲ့တူတယ်။ သူ့မြေပုံဆီက ဘာသံမှ မကြားရတော့ဘူး။ ကျုပ်မျက်နှာမှာ အပြုံးတစ်ခုတော့ အဲဒီအချိန်မှာ ပေါ်သွားမယ်ထင်ပါရဲ့။

"ကယ်တော်မူကြပါ အင်း ဟင်း ဟင်း ကယ်ကြပါ"

ဒီတစ်ခါ အသံကြားရတာက ရွှေမိမြေပုံနဲ့ ခပ်လှမ်းလှမ်း ချုံစပ်ကကြားရတဲ့အသံပဲ။ အမူးပြေနေပြီဆိုတော့ ကျုပ်လို ငှက်မုဆိုးတစ်ယောက်အနေနဲ့ ဘယ်ကလာတဲ့ အသံဆိုတာ ကျုပ် အကဲခတ်မိပြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါ . . ကယ်ကြပါ"

အသံက ကျုပ်မိန်းမ အသံနဲ့တူသလိုလို၊ဘာလိုလို။ ကျုပ်မိန်းမဖွေးဥ အစစ်ပါပဲ။ ချုံစပ်မှာ လဲကျလို့။ တစ်ကိုယ်လုံးလည်း ပြာမွဲနေပြီလေ။ ဒါဟာ မြွေဆိုးတစ်ကောင်ကောင် အကိုက်ခံလိုက်ရတဲ့ လက္ခဏာပဲ။

"ဖွေးဥ . . .. ဖွေးဥ၊ နင် . . .. ဘယ်လိုဖြစ်တာလဲ။ သတိထားလေ သတိထား"

"ကို ကို ပြည့်စုံလား။ ဖွေး... ဖွေးဥ... အဖေ့အတွက်ဆေးယူပြီး ညနေစောင်းက ဒီဘက်လှည့်အပြန် မြွေကိုက်ခံ... ခံ... "

ပြောရင်းက ဖွေးဥကျုပ်လက်ပေါ်မှာ အသက်ပျောက်သွားပါတော့တယ်။

ဖြစ်ရလေ ဖွေးဥရယ်။ ဖြစ်ဖြစ်ချင်းက သိလိုက်ရင် ဖွေးဥအသက်ကို ရနိုင်ပါသေးတယ်။ ဖွေးဥ သချိုင်းကအဖြတ် မြွေကိုက်ခံရပြီး လဲကျအသွားမှာ ကျုပ်ကို တမ်းတအားကိုးလို့ အကူအညီ တောင်းနေပုံရပါတယ်။

ဒီအချိန်မှာ မသေသေးတဲ့ ရွှေမိအော်သံနဲ့ ရောထွေးပြီး ကျုပ်ရွှေမိအော်သံတစ်ခုတည်းလို့ ထင်မိပြီး အဘိဓ္ဓါ ၁မျှားနေတာကိုးဗျ။

တကယ်လို့ အဘိဓ္ဓါ ၁မများဘဲ ရွာကလူတွေကို ရွှေမိ မသေသေးကြောင်း သွားပြောပြီး ခေါ်လာခဲ့ရင် လူအများနဲ့ဆိုတော့ ကျုပ်မိန်းမဖွေးဥမြွေကိုက်ခံရပြီး လဲနေတာကို တစ်ယောက်မတွေ့ တစ်ယောက်တော့တွေ့ကြမှာပါပဲ၊

အဲဒီအခါမှာ ရွှေမိအသက်လည်းကယ်၊ ကျုပ်မိန်းမဖွေးဥကိုလည်း အချိန်မီဆေးကုပေးနိုင်မှာ။

ခုတော့ဗျာ. . .. ခုတော့ ဖြစ်ရလေ ဖွေးဥရယ်။

မေတ္တာတရား ပွားများနိုင်ကြပါစေ။

**ကျော်မင်းနိုင်**

လျှို့ဝှက်ဆန်းကြယ် နိုဝင်ဘာလ၊ ၂၀၀ ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

## မြွေအလှမွှာယ် ကျောက်ခဲ

အချိန်ကား ၁၉၄၂ခုနှစ်၊ အင်္ဂလိပ်အပြေး ဂျပန်ဖက်ဆစ်တို့ မြန်မာပြည်သို့ ဝင်လာစဖြစ်သည်။

အင်္ဂလိပ်တို့က စစ်ပြေးခါနီးတွင် မိုင်းထောင် ဖောက်ခွဲ ဖျက်ဆီး ခဲ့သဖြင့် ဘီ-အို-စီ ရေနံချက်စက်ရုံကြီးလည်း မီးဟုန်းဟုန်းတောက်အော ပေါက်ကွဲပျက်စီးနေသည့်အချိန် ဖြစ်သည်။

ဂျပန်စစ်လေယာဉ်ပျံများကလည်း ဗုံးမိုးများ အပြင်းအထ ကြဲချရွာသွန်းနေချိန်မို့ သန်လျင်တစ်မြို့လုံး ပြေးလွှားအော်ဟစ် ငိုယိုသံမျာ ပြောင်းရွှေ့လူးလာ လှုပ်ရှားသံများ လူသေကောင်များ စစ်ပြေးများ၊ စစ်ပု ရှောင်များနှင့် ပျားပန်းခပ်နေ၏။

တစ်လခန့်ကြာတော့မှ ဂျပန်အုပ်ချုပ်ရေးစနစ် စတင်ကာ မြို့ ငြိမ်ဝပ်ပိပြားရေးအတွက် လူဖမ်းပွဲများ စတင်တော့လေသည်။

***

ဂျပန်ကင်ပေတိုင်သည် အင်္ဂလိပ် အစိုးရလက်ထက်က ဌာနဆို ရာ အကြီးအကဲလုပ်ခဲ့သူများ၊ အင်္ဂလိပ်အုပ်ချုပ်ရေး စွမ်းစွမ်းတမံ ပါဝင်ကူညီ သူများ အင်္ဂလိပ်စစ်တပ်မှာ ပါဝင်အမှုထမ်းခဲ့သူများကို အခါမလပ် အကဲခတ် ရှာဖွေနေ၏။ မြန်မာပြည်သူထုက အစကနဦး၌ ဂျပန်ကို ကယ်တင်ရှင်ဟု ကြသော်လည်း မျက်မြင်ကိုယ်တွေ့ ကြုံကြရသော အခါ ဂျပန်ဖက်ဆစ်သ အလွန်ရိုင်းစိုင်း ရက်စက်ကြမ်းကြုတ်သည့် စစ်ဦးဘီလူးများပါလား ဆိုသည် အကြွင်းမဲ့ ယုံကြရလေသည်။

www.burmeseclassic.com



ရှိင်းသမှ ရဟန်းသံဃာများတောင် သွမ်းမခံရဲအောင် ဖြစ်ခဲ့ရခဲ့လေသည်။

အဲဒီ အချိန်တုန်းက နေ့ချင်းညချင်း ဆိုသလို ဘုန်းတန်ခိုးကြီးလာသူကား စိန်ကုလားပင် ဖြစ်သည်။

စိန်ကုလားက လူလိမ်လူကောက် အရက်သမား လူရမ်းကားတစ်ဦး ဖြစ်၏။ အချောင်များရမည် ဆိုပါလျှင် ဘနဖူးကိုတောင် သိုက်တူးမည့်သူ ဖြစ်သည်။

သို့သော် သူက လည်သည်။ နပ်သည်။ ပါးသည်။

အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေစဉ်က မကောင်းမှု ဒုစရိုက်များအများလွန်လွန်း၍ အချုပ်ထဲခဏခဏ ရောက်သူဖြစ်၏။

အင်္ဂလိပ်အပြေး မြို့ထဲမှာ ဂျပန်အုပ်ချုပ်ရေးစတင်ပြီး ဂျပန်ကင်ပေတိုင်ရုံး စဖွင့်သည်နှင့် အရက်တစ်ပုလင်းကြက်ဥက အလုံး(၂၀) ကြက်အရှင်ကတစ်ကောင် စသည်တို့ ယူခဲ့ကာ ဂျပန်ကင်ပေတိုင်ရုံးသို့ လက်ဆောင်ပို့၍ မိတ်ဆက်လိုက်လေသည်။

သို့ကလို စားကောင်းသောက်ဖွယ်မျိုး သုံးကြိမ်ခန့် ပို့ပြီးသည့်နောက် စိန်ကုလားသည် ဂျပန်ကင်ပေတိုင်အဖွဲ့၏ လူယုံတော်ဖြစ်ခဲ့ကာအများမကြာခင် ဂျပန်စကားများကို ဟိုလူ့ဒီလူ့က သင်ယူပြီး ဂျပန်စကားပြန်လူယုံတော် အတွင်းလူဘဝသို့ ရောက်ရှိ ကောင်းစားခဲ့သည်။

သူဂျပန်ကင်ပေတိုင် လူယုံတော် စကားပြန်ဖြစ်သည့် အချိန်မှစ၍အင်္ဂလိပ်ခေတ်တုန်းက သူ့ကို ဒုက္ခပေးခဲ့ကြသည့် ခုနစ်ရက်သားသမီးအပေါင်းဖြိုးငယ်တို့အား သူကပြန်လည် ဒုက္ခပေးတော့သည်။ အချို့ မြို့ပေါ်မှာနေခဲ့၍ ခရမ်း၊ သုံးခွ ကျောက်တန်းဘက်ရှိ အစွန်းအဖျား ကျေးရွာများသို့ပြေးသွားခိုလှုံကာ ပုန်းအောင်းနေကြရ၏။

ပြေးမလွတ်သူ အချို့ကတော့ စိန်ကုလား သံတော်ဦးတင်ချက်ဖြင့်အင်္ဂလိပ်စပိုင်တံဆိပ် အရိုက်ခံရကာ ကင်ပေတိုင်အချုပ်ခန်းထဲမှာ အစာငတ်ရေငတ် ရက်ရက်စက်စက် အနှိပ်စက်ခံရတော့သည်။ အချို့ အသက်ပါဆုံးရှုံးခဲ့ကြရသည်။ အချို့တစ်သက်လုံး လုပ်မစားနိုင်တော့သည့် ဒုက္ခိတဘဝ



www.burmeseclassic.com

www.burmeseclassic.com



သို့ လုံးလုံးရောက်ရှိသွားခဲ့ရ၏။

ဆိုရလျှင် အဲဒီအချိန်က ဂျပန်ကိုလည်း ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရ၏။ ဂျပန်ထက် စကားပြန်စိန်ကုလားကိုလည်း မော်မကြည့်ရဲအောင် ကြောက်ကြရလေသည်။

စိန်ကုလားက လူဆင့်လျှင်လူ လှည်းဆင့်လျှင်လှည်း အမြန်ပို့ပေးကြရသည်။ မလိုက်နာလျှင် အင်္ဂလိပ်စပိုင် လုပ်ပစ်လိုက်သည်။ သို့က လို ဖထွေးများ အရှိန်အဝါနှင့် အာဏာပါဝါရှိလာသည့်အတွက် အခြွေအရံ ကပ်ပါးရပ်ပါးများလည်း ပေါများလာကာ သူ့ကိုယ်သူ သန်လျင်မြို့စားအလား ထင်မှတ်နေ၏။

အရပ်တကာလှည့်၍ မိုက်ကြေးခွဲ၏။ အနိုင်ကျင့်၏။ ဂျပန်ကိုမိန်းမ ရှာပေး၏။ လုယက်၏။ အရက်ရှာပေး၏။ စိန်ကုလား မျက်စောင်းအထိုးခံရ သူကား သေလျှင် သေ၊မသေလျှင် အကျိုးကန်း ဒုက္ခိတဘဝသို့ ရောက်ရ စမြဲ။ စိန်ကုလားတို့ကို မြင်လျှင် အမျိုးသမီးပျိုရှိသည့် မိဘများသည် သမီးပျိုများအား ပုန်းရှောင်ကွယ်ဝှက်၍ နေခိုင်းရ၏။ အကြောင်းမူ စိန်ကုလား နှင့် ဂျပန်ဖက်ဆစ်သည် အပျိုရော အအိုရော မည်သူ့ကိုမျှ ချမ်းသာမပေး သောကြောင့် ဖြစ်လေသည်။

****

ထိုထိုသော ဣတ္ထိယတို့အနက် စိန်ကုလား နှလုံးခွေ့ မျက်စိကျနေ သူ တစ်ဦးရှိခဲ့ဖူး၏။

သူမကား အနီးဆန်စပါး ဆန်ကော၊ ဇန်းများ ရက်လုပ် အသက် မွေးကြသည့် ဦးဘိုးစိန် ဒေါ်လှမေတို့သမီး ခင်အေးညိုပဲ ဖြစ်လေသည်။

ခင်အေးညိုသည်(၁၇)နှစ်ခန့်ရှိ၏။ အသားဖြူ၏။ ပြုံးလိုက်လျှင် အလွန်ချစ်စရာ ကောင်း၏။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဖွံ့ဖွံ့ထွားထွား တင့်တင့်ကားကားမို့ မြင်သူတိုင်းငေးကြည့်ယူရ၏။ အင်္ဂလိပ် အုပ်ချုပ်စဉ်က လျှင် အင်္ဂလိပ်စာတတ် ကာလသားများပင် စိတ်ဝင်စားကြသည့် အနီးမရှေး ကဆေးဖြစ်သည်။

တစ်နေ့ စိန်ကုလား ခင်အေးညို ဈေးသွားဝယ်စဉ် ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



စကားလိုက်၍ ပြောခဲ့သည်။

သည်မှာ ခင်အေးညိုက–

"နင့်လို အရက်သမား ၊ဖဲသမားမျိုးငါက လုံးဝ မစဉ်းစားဘူး" ဟု ရင့်သီးစွာပြောခဲ့ဖူး၏။

"ဒါဖြင့် နင်က မြွေလမ္ပာယ်ပြတဲ့ကောင်းမျိုးမှ ကြိုက်တယ်ပေါ့"

"ဘာပြောတယ်"

"ဟား ဟား ဟား ကျောက်ခဲလိုကောင်ကို သဘောကျတယ် ပေါ့လို့ ပြောတာလေ၊ အဟား ဟား ဟား"

"အေး ဟုတ်တယ်၊ နင့်ထက်တော့ တန်းဖိုးရှိတယ် ဖယ်ငါသွား မယ်"

အဲဒီတုန်းက သူ့ကို ခင်အေးညိုက 'ထွီ''ထွမ်' လုပ်သွားသည်။

ဒါကို မြင်ကြသည့် ဖော်ဖေတို့ နိုင်ဝင်းတို့ မင်းကြည်လှိုင်တို့က ဝိုင်းဟားခဲ့ကြသည်။ သူဒီအဖြစ်များက မနေ့တစ်နေ့က အဖြစ်များအဖြစ် မေ့ပျောက်လို့မရခဲ့။

နင်က မြွေလမ္ပာယ်ကောင်ကိုတော့ ကြိုက်တယ်ပေါ့လို့ ပြောရ သည်ကလည်း အကြောင်းရှိသည်။

ကျောက်ခဲဆိုသည့် အကောင်သည် မြွေလမ္ပာယ်ပြသသည် နေရာမှာ အလွန်ကျွမ်းသည့်ကောင် ဖြစ်၏။ ဒီကောင်က ဘယ်လိုဘယ်လို မြွေများကို နိုင်ခဲ့သည် မသိ။ အင်္ဂလိပ်ခေတ် တစ်လျှောက်လုံး တောကြိုအုံ ကြားမကျန်၊ တွေ့သမျှမြွေများကို ဖမ်းသည်။ မြွေလမ္ပာယ်ဆရာများထံ ရောင်းစားသည်။ အဲဒီမှာ မြွေပွေးလည်း ပါသည်။ မြွေဟောက်ကြီးများလည်း ပါသည်။ ငန်းကောင်များ စပါးကြီးများလည်း ပါသည်။ အားလုံးသော အဆိပ်ရှိ သည့် မြွေများသည်။ အခြားလူနှင့် ခွားများကို ကိုက်ချင်ကိုက်ကြမည်။ ကျောက်ခဲကိုကား လုံးဝမကိုက်။

"ဒီကောင် မြွေပြီးသည်" ဟု အချို့က ဆိုကြသည်။

သူ့ဆရာမှာ မြွေအလမ္ပာယ်ဆရာကြီး ဦးရင့်သွေးဖြစ်၏။ ဆရာကြီး ဦးရင့်သွေးသည် မြွေကိုက်လျှင်ဂါထာကိုမန်း၍ ရေနှင့်သပ်ချလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



မြေအဆိပ် ပြန်ကျ၏။ အဆိပ်ပြင်းသည့် မြေဟောက်များ၊ ငန်းစောင်းများ ဒေါပွ၍ ပါးပျဉ်းထောင်နေသည်ကို ရေမြွေကဲ့သို့ ဖြစ်သွားအောင် လုပ်နိုင်၏။

ကျောက်ခဲသည့် သူ့ခံရာထံမှ နည်းပညာကောင်းများရ၍ ရပ်တကာ နယ်တကာလှည့်ကာ မြွေအမွှာယ်ပြစားနေသူဖြစ်သည်။

ရပ်ကလည်းချော အပြောကလည်းကောင်းတော့ ငယ်ပေါင်းများဖြစ်သည့် ခင်အေးညိုနှင့် ရည်ငံသွားကြသည်ဟု ကြားရသည်။

စိန်ကုလားက ဒီအကြောင်း သိ၍ထိုစကားပြောလိုက်သောအခါ ခင်အေးညို အနာပေါ် တုတ်ကျသလို ဖြစ်ပြီး

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူကနှင့်ထက်တော့ တန်ဖိုးရှိတာ" ဆိုသည့်စကားကို နင့်နင့်သီးသီး ပြောဆိုလိုက်သောအခါ ကျောက်ခဲကို စိန်ကုလားက မနာလိုဖြစ်ခဲ့သလို အလွန် မာနကြီးသော ခင်အေးညိုကိုလည်း အဲဒီအချိန်တုန်းက 'နေနှင့်ဦးပေါ့'ဟု ကြိမ်းဝါးခဲ့ဖူးသည်။

အခုစိန်ကုလားခေတ်ကို ရောက်ခဲ့ပါပြီ။

ကျောက်ခဲနှင့် ခင်အေးညို နင်တို့ဘယ်ပြေးမလဲ။

နင်တို့မာနကို စိန်ကုလား အစိမ်းဝါးစားပြမည် ကြည့်လှည့်...။

***

တစ်နေ့မနက် ခင်အေးညို၏မိဘများ အိမ်မှာ ဆန်ကော ဆန်ခါရက်ရန် နှီးဝါးများကို သင်နေစဉ် စိန်ကုလားနှင့် အရပ်လူကြီးနှစ်ဦး ရောက်ချလာသည်။

"ဩော်–မောင်စိန်ကုလားတို့ပါလား ကြွပါ၊ ကြွပါ ထိုင်ကြပါ ဘာကိစ္စများပါလိမ့်"

ခင်အေးညိုမိဘများက ဖုတ်ဖတ်ခါကာ ဖျာခင်း၍ နေရာပေးထိုင်စေတော့ လူကြီးနှစ်ဦး ခြေရင်းဘက်မှာ ထိုင်၍ စိန်ကုလားက ခေါင်းရင်းဘက်မှ ခပ်မြိန်မြိန် ထိုင်လိုက်သည်။ ထိုင်ရင်းမှ အိမ်အတွင်းခန်းသို့ မျက်စိ စားလိုက်ပြီး"

"ခင်အေးညိုတစ်ယောက်ရောဗျ"

"မင်းနှမ ထမင်းချက်နေသကွယ့် ဟဲ့သမီး ခင်အေးညို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အမေ"

"ဒီမှာ မောင်စိန်ကုလားတို့ ရောက်နေတယ်ဟဲ့ ထွက်ခဲ့လိုက်ဦး"

မိခင် လုပ်သူက အသံလှမ်းပြုသည့်တိုင် စိန်ကုလားဆိုသည့် အသံကိုကြားရသည့် အချိန်မှစ၍ ခင်အေးညိုအိပ်ရှေ့သို့ လုံးဝမထွက်ခဲ့။

"အဟင်း ဟင်း ဒီလို ဒီလိုဒေါ်လှမေရေ့ ဟောဒီ မောင်စိန်ကုလားက ခင်ဗျားတို့သမီး ခင်အေးညိုကို ချစ်မြတ်နိုးလို့ ကျုပ်တို့လူကြီးတွေနဲ့ နားဖောက်ပေးပါဆိုတာနဲ့ အဲဒါ . . . "

"ရှင် ကျွန်မသမီးနဲ့ သူ . . . သူ . . . ဟို"

"ကျုပ်နဲ့ ခင်ဗျားသမီး မတန်လို့လား"

စိန်ကုလားက ကျားဟိန်းသလိုချက်ချင်း ဟိန်းလိုက်သည်။

"အို . . . ဒီ. . . ဒီ. . . လို့မဟုတ်ပါဘူးကွယ်၊ ဟို ဆိုလေ လူငယ်ချင်းလက်ခံကြရင် နှစ်သက်ကြရင်"

"အိုဗျာ. . . . . . . မလှမေကလည်း မောင်စိန်ကုလားက ချမ်းအုပ်ချုပ်ရေးမှာ အရေးပါ အရာရောက်နေတဲ့လူပါဗျ၊ ပြီးတော့ ဆာထူး၃ာနနဲ့ရန်! လူငယ်ချင်းမသင့်မြတ်သည့်တိုင် ဒီလိုခေတ်ကာလမှာ မိဘများက သဘောတူရင် ပြီးတာပဲဥစ္စာ ဟုတ်ဖူးလား ကိုဘိုစိန်"

"ဒီလိုရှိတယ် ဦးဘအောင် လူငယ်ချင်းလက်ခံသဘောတူရင် ကျွန်တော်တို့ငြင်းစရာ မရှိပါဘူး၊ သမီး လက်မခံရင်တော့ဗျာ. . . . "

"အိုဗျာ. . . . . တော်တိတ် ဒီမှာ ဦးဘိုစိန် ခင်ဗျားသမီး ခင်အေးညိုကို ကျုပ်မြတ်နိုးတယ်။ ကျုပ်အလကားလူမဟုတ်ဘူး။ ဂုဏ်နဲ့ငြိမ်နဲ့ ဆာထူးနဲ့ အာဏာနဲ့ဗျ။ အခု လူကြီးစုံရာနဲ့ လာတောင်းရမ်း စေ့စပ်တာပဲ၊ လက်ခံမယ် မခံဘူး တိတိကျကျ ကျုပ်သိချင်တယ်၊ ကျုပ်အလိုကို ဆန့်ကျင်ခဲ့တော့ ဟင်း ဟင်း ဟင်း စိန်ကုလားအကြောင်း ခင်ဗျားတို့ သိပါတယ် ဗျာ တဲ-ပြန်ကြစို့"

စိန်ကုလား ဒေါပွပွနှင့် ရှေ့မှဆင်းချသွားသည်။ လူကြီးမိစိုးများလည်း ဦးဘိုးစိန်တို့ လင်မယားအား–



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်လုပ်ကြကွာ တော်ကြာဒုက္ခရောက်ကုန်ဦးမယ်' တု တီတိုးပြောရင်း အိမ်ပေါ်မှ ဆင်းသွားကြသည်။

သူတို့ အားလုံးပြန်သွားကြသောအခါ အတွင်းထရံနားကပ်၍ ချောင်းနားထောင်နေသည့် ခင်အေးညိုသည် ပြေးထွက်လာပြီ မိခင်နှင့် ဖခင်ကို ဖက်ကာငိုချလိုက်တော့သည်။

"မငိုနဲ့ သမီး ဒီလိုအမျိုးယုတ်သစ္စာဖောက် လူယုတ်မာ ဂျပန်ကျွန်နဲ့ ငါ့သမီးကို အဖေမပေးစားဘူး အသက်သေချင် သေပစေ၊ နက်ဖြန်တို့အားလုံးရွာက ပြေးကြစို့"

***

သို့သော် နောက်ကျသွားခဲ့ကြပါပြီ၊ စိန်ကုလားကလည်း ပါးသည်။ ပိုနပ်သည်။ ခင်အေးညိုတို့အိမ် ဝန်းကျင်မှာ သူတပည့်များကို ကင်းစောင့်လူကြည့်ချထားခဲ့သည်။

အဲဒီနေ့ မနက်က ခင်အေးညိုတို့ မိသားစုသုံးယောက် အထုပ်အပိုးများ ပိုက်၍ ထွက်လိုက်သည်နှင့် စိန်ကုလားတပည့်များက လက်ဦးမှုရယူကာ ဦးဘိုးစိန်တို့ကို ထိန်းလိုက်သည်။ မကြာခင် စိန်ကုလားနှင့် ဂျပန်ကင်ပေတိုင် စစ်ဗိုလ်ရောက်ရှိလာပြီး ဦးဘိုးစိန်အား အင်္ဂလိပ်စပိုင်ဟု တံဆိပ်ရိုက်ကာ ဖမ်းလိုက်ကြသည်။

ခင်အေးညိုရဲ့ အလှကို တွေ့သွားသည့် ဂျပန်ကင်ပေ တိုင်စစ်ဗိုလ်သည် ခင်အေးညိုရဲ့ တစ်ကိုယ်လုံးကို စားမတတ်ကြည့်ပြီးနောက် လက်ညှိုးထိုးပြကာ သူမကိုပါ အခုချက်ချင်း ခေါ်ခဲ့ရန် အမိန့်ပေးလိုက်သည်။

ဂျပန်စစ်သားများက ဒေါ်လှမေကို ပြန်လွှတ်လိုက်ပြီး ခင်အေးညိုတို့ သားအဖကို အဓမ္မခေါ်ကြလေတော့သည်။ ခင်အေးညိုက အော်ဟစ်ရုန်းကန်သည်။ ရုန်းကန်းရင်းငိုရင်းနှင့် ဂျပန်စစ်သားများ နောက်သို့သားအဖနှစ်ဦး ပါသွားခဲ့လေသည်။

တိုတိုဆိုလျှင် ဂျပန်ကင်ပေတိုင် အချုပ်ခန်းမှာ ဦးဘိုးစိန်တစ်ယောက် စိန်ကုလား၏ ချွန်းတွန်းမှုနှင့် အင်္ဂလိပ်စပိုင်ဟု စွပ်စွဲခံရကာ ဂျပန်ကင်ပေတိုင် လက်ချက်နှင့် သေပွဲဝင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်အေးညို တစ်ယောက်လည်း ဂျပန်ဖက်ဆစ် ကင်ပေတိုင်စစ်ပိုလ် အီတို၏ ယုတ်မာပက်စက် အဓမ္မပြုခြင်းကို ခံလိုက်ရကာ ဘဝပျက်ခဲ့ရသည်။

ဒါမျှနှင့် အားမရသေး၊ စိန်ကုလားဆိုသည့် လူယုတ်မာသစ္စာဖောက် ကလည်း သခင့်ပွဲတော်ကျကို တဝစားသောက်ကာ လက်မထောင်ခဲ့လေ သည်။

***

နောက်နေ့ ညနေသို့ရောက်သာအခါ ခင်အေးညိုတို့အိမ်မှ ခင်အေးညို အမေရဲ့ ငိုကြီးချက်မ အော်ဟစ်လိုက်သံကို အိမ်နီးနားချင်းများ ကြားကြ၍ ဝိုင်းအုံပြေးလာခဲ့ကြသည်။

မြင်ရသည့် မြင်ကွင်းက အားလုံးကို ရင်ဆို့နင့်စရာ ဖြစ်ခဲ့ရသည်။

မြင်ကွင်းကား ခင်အေးညို တစ်ယောက်အိပ်ရာထက်မှာ အဆိပ် သောက်၍ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်သည့်မြင်ကွင်း။

ဒေါ်လှမေသည် လင်သေ၊ သမီးဆုံး၍ မပဋာမြေလူး ဖြစ်နေသည်။ ငိုရင်းမှ သတိလစ်သွားသဖြင့် အသက်ကြီးအမျိုးသမီးများက အချိန်အတန် ကြာ နာနှပ်ပြုစုခဲ့ရသည်။

အိမ်နီးနားချင်း ယောကျ်ားကြီးငယ်တို့ကား နေနှင့်ဦးပေါ့ စိန်ကုလားတို့ရာ မင်တို့မိုးကောင်းတုန်း စိတ်ကြိုက်ရှာနှင့်ပေ့ ဟုတောက်ခတ် အံကြိတ်ရင်းကြုံဝါးဒေါသထွက်နေကြသည်။

သားအဖနှစ်ဦးကို သင်္ဂြိုလ်သည့်နေ့ကခင်အေးညိုရဲ့ ချစ်သူ ကျောက်ခဲမမျှော်လင့်ဘဲ ရောက်လာခဲ့သည်။

ချစ်သူရဲ့ ဆိုးဝါးလှသည့် သတင်းကို ကြားသိလိုက်သောအခါ ယောကျ်ားတန်မဲ့ မျက်ရည်များ ပါးပြင်ပေါ် စီးကျလာခဲ့ပြီး တောက်တခတ်ခတ် ဖြစ်နေသည်။ လူကြီးများက စိတ်ထိန်းဖို့ သတိပေးကြသည်။

အလောင်းကို မြေဖို့ပြီးနောက် အသုဘ လိုက်ပါပို့ဆောင်သူများ ပြန်ထွက်ခွာသွားခဲ့ကြသည်။

ကျောက်ခဲက ချစ်သူမြေပုံအနီးမှ မပြန်နိုင်သေးဘဲ မြေပုံအနားမှာပဲ ထိုင်၍ ငေးနေမိသည်။ အချိန်အတန်အကြာသည်အထိ သူနှင့် ခင်အေးညို



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အသက်တမျှချစ်ကြသော ငယ်ရည်စားဘဝများ ကို ပြန်စဉ်းစား၍ ချစ်သူ့အပါးမှ မခွာနိုင်ခဲ့။

မိမိငွေကြေးများ စုဆောင်းရှာဖွေ၍ ချစ်သူရှိရာသို့ အခုပြန်လာခဲ့သည်။ မြို့က ထွက်ကတည်းက ချစ်သူကို ကတိပေးပြီးသား ။ငွေစုမည်။ ရလျှင် တင့်တောင်းတင့်တယ် လက်ထပ်ယူမည်။

ခုတော့ အလာကောင်းသော်လည်း အခါက နှောင်းခဲ့ပြီ။ သူ့မျက်ရည်များကို လက်ခုံနှင့်သုတ်ရင်း မြေပုံပေါ်မှ မြေကြီးအချို့ကို လက်ငါးချောင်းနှင့် ဖျစ်ညစ်ဆုပ်ယူလိုက်သည်။

သူ့ချစ်သူသည် ဖက်ဆစ်နယ်ချဲ့နှင့် အမျိုးသားသစ္စာဖောက် လောက်ကောင်လက်ချက်ကြောင့် ဘဝ အရှုံး အသက်ဆုံးခဲ့ရပြီ။

သူတုန်ယင်သော အသံနှင့် သစ္စာစကားကို ဆိုလိုက်သည်။

"ခင်အေးညို နင့်ဘဝ နင့်အဖေရဲ့ ဘဝ၊ ငါတို့အားလုံးရဲ့ ဘဝကို ဖျက်ဆီးသွားခဲ့တဲ့ လူယုတ်မာတွေကို နင်တို့လိုပဲ အသေဆိုးနဲ့ သေရစေမယ်။ အားလုံးအတွက် ငါလက်စားချေပါ့မယ်။ ခင်အေးညိုငါကတိပြု သစ္စာဆိုခဲ့မယ်။ အားလုံးအတွက် လက်စားချေမယ်၊ စိတ်ချ"

***

ခင်အေးညိုတို့ သားအဖ သင်္ဂြိုဟ်ပြီးသည့် အချိန်မှစ၍ ပျောက်သွားခဲ့သည့် ကျောက်ခဲသည် တစ်ပတ်ခန့် ကြာသောအခါ အရှည် နှစ်ပေ အကျယ်ရှစ်လက်မခန့် ရှိသည့် ကြိုးတပ်သစ်သား သေတ္တာတစ်လုံးနှင့် သည်မြို့ကလေးသို့ ပြန်ရောက်လာခဲ့သည်။

ကျောက်ခဲပြန်ရောက်သည့်အသံကြား၍ မုန်းသူကို ကျူပင်ခုတ် ကျူငုတ်မကျန် အပြတ်ရှင်းလိုသည့် စိန်ကုလားသည် ဂျပန်စစ်သားအချို့ကို ခေါ်ကာ ကျောက်ခဲကို ပိုက်စိပ်တိုက်၍ လိုက်ရှာတော့သည်။

ကျောက်ခဲကလည်း စိန်ကုလားလို လူယုတ်မာ အကြံပက်စက် ဆန်ကောလောက်မှ ဖောက်မနက်သည့် အကောင်အကြောင်း သိသူမို့ ရုပ်ဖျက်၍ ရှောင်ပုန်းနေလိုက်သည်။

ကျောက်ခဲကလည်း ရုပ်အမျိုးမျိုးဖျက်၍ စိန်ကုလားတို့ သွားလာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေထိုင်မှုများကို တိတ်တဆိတ် လေ့လာနေလိုက်သည်။ အများအားဖြင့် ညဘက်လူခြေတိတ်မှ တွေ့လိုသူများကို တွေ့လေ့ရှိသည်။

တစ်နေ့သောအခါ ကျောက်ခဲသည် ဂျပန်ကင်ပေတိုင်စခန်းမှာ အဝတ်လျှော်သည့် ဒေါ်မိန်းကလေးဆိုသည့် အဒေါ်ကြီးကို ပေါင်း၍ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်အီတို နေ့စဉ်အသုံးပြုသည့် လက်ကိုင်ပဝါတစ်ထည်ကို ရရှိလာခဲ့သည်။

အဲဒီအတွက် ဒေါ်မိန်းကလေးကို ဂျပန်ငွေစက္ကူတစ်ထပ်ကြီး ချီးမြှင့်ခဲ့သည်။ ဒေါ်မိန်းကလေးက အံ့သြဝမ်းသာ၍ မဆုံးနိုင်ခဲ့။

"ဒီမှာ ဒေါ်မိန်းကလေးရဲ့။ ခင်ဗျား ဒီ့ထက် ပိုက်ဆံများများ မလိုချင်ဘူးလားဗျာ ဟင်"

"ဒီလို လွယ်လည်းလွယ်မယ် အန္တရာယ်လည်း မရှိနိုင်ဘူးဆိုရင် လိုချင်တာပေါ့ ကျောက်ခဲရယ်"

"ဒါဆိုရင် ဒီလိုလုပ်ပေးဗျာ၊ ကျုပ်ဂျပန်စကားပြန် စိန်ကုလားဝတ်တဲ့ အင်္ကျီအဟောင်းတစ်ထည် လိုချင်တယ်ဗျာ၊ စုတ်ရင်လည်း ရတယ်၊ မလျှော်ရသေးတာနော်"

"ဘာလုပ်ဖို့ရယ်"

"ဒါက ကျုပ်ကိစ္စပါဗျာ၊ အဲဒါကို ရအောင်လုပ်ပေးနိုင်ရင် ကျုပ် ဒေါ်မိန်းကလေးကို အခုပေးတာရဲ့နှစ်ဆပေးမယ်ဗျာ ဘယ့်နှယ့်"

"အဒေါ်ကြီးစားကြည့်မယ်ကွယ်နော်"

သို့နှင့် နောက်နှစ်ရက်မြောက်သောနေ၌ ဒေါ်မိန်းကလေးက စိန်ကုလားအင်္ကျီများ လျှော်ဖွပ်ပေးရင်းမှ စိန်ကုလားဝတ်နေကျ အင်္ကျီဟောင်းတစ်ထည်ကို ထုတ်၍ ယူလာပေးခဲ့သည်။ ကျောက်ခဲဝမ်းသာလွန်း၍ ကတိအတိုင်း ဂျပန်ငွေစက္ကူများကို နှင့်နှင့်ပိုးပိုး ပေးပစ်လိုက်သည်။ ဒေါ်မိန်းကလေး ဖောင်မလဲသ်ကော် ငွေစက္ကူများကို အဝတ်နှင့်ထုပ်၍ ဝမ်းသာအားရ ပြန်သွားခဲ့လေသည်။

***



www.burmeseclassic.com

www.burmeseclassic.com



ည. . . ။

အမှောင်က နိုင်လိုမင်းထက်ကြီးစိုးစပြုသည်။ အချိန်က (၁၀)နာရီခန့် ရှိပြီး စိန်ကုလားဂျပန်ဆာကေးရော ချက်အရက်ရော မူးပြီး အပေါင်းအသင်းများနှင့် ပြန်လာနေသည်။ ပါးစပ်ကလည်း စည်းမကျ ဝါးမကျဟာစ်အော်ဆိုလာသည်။ သူ့အပေါင်းအဖော်များက သူ့ကို သူ့မယားငယ်အိမ်ခြံပေါက်ဝရောက်သည့်တိုင် လိုက်ပို့ကြပြီး ဒယိမ်းဒယိုင်နှင့် ပြန်သွားကြသည်။

စိန်ကုလားသည် မူးမူးနှင့် ခြံဝမှာ မယားငယ်လုပ်သူကို အော်ခေါ်နေ၏။ မကြာခင် မယားငယ်လုပ်သူ ထွက်လာပြီး တွဲယူကာ အိမ်ပေါ်သို့ တက်လိုက်ကြသည်။

BURMESE CLASSIC

အိမ်ပေါ်သို့ရောက်သည်နှင့် မယားငယ်လုပ်သူကို ပွေ့ဖက်နမ်းရှုံ့ပြီး ခုတင်ပေါ်သို့ တွန်းလှဲချလိုက်သည်။

မယားငယ်က မီးအိမ်ကို ငြိမ်းရန်ပြောသည်အား ခေါင်းယမ်းလိုက်ပြီး တဏှာရာဂ အဆိပ်တက်စွာဖြင့် လူးလွန်းပွေ့ဖက်ဆုပ်ခြေ နမ်းရှုံ့ကာ အချစ်နှစ်ပါး သွားကြတော့သည်။

ရာဂမီးလျှံအော်ပရာကို စိတ်ကြိုက်ကပြီးနောက် ချွေးသံတရွှဲရွှဲနှင့် နှစ်ဦးစလုံး အိပ်မောကျ၍ သွားခဲ့လေသည်။

သည့်အချိန်မှာပဲ၊ ခြံထောင့်မှောင်ရိပ်မှာ ခြင်ကိုက်ခံ၍ ဖွဲနပဲကြီးစွာစောင့်မျှော်ငုံ့လင့်နေသည့် လူတစ်ယောက်။

အခြားသူတော့ မဟုတ်။

မြွေအလမ္ပာယ်ကျော်ခဲ။

အိပ်ခန်းထဲမှာ ဟောက်သံများကြားရသောအခါ ကျော်ခဲသည် ပါလာသည့် သစ်သားသေတ္တာကို အသာဖွင့်ပြီး အထဲမှာ ပစ္စည်းတစ်ခုကို လက်နှစ်ဖက်နှင့် ထုတ်ယူလိုက်သည်။

ထုတ်ယူလိုက်သည့် ပစ္စည်းကား လက်မောင်းလုံးခန့်ရှိသည့် မြွေဟောက်ကြီး တစ်ကောင်။

မြွေဟောက်ကြီးသည် အပြင်သို့ ရောက်သည်နှင့် ပါးပြဲကြီးကို ထောင်ကာ သခင်အမိန့်ပေးရာကို ငုံ့လင့်နေသည့်အလား အသင့်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲက လွယ်အိတ်ထဲမှ အကျီတစ်ထည်ကို မြွေဟောက်ကြီးရဲ့နှာခေါင်းရှေ့အနံ့ပေးလိုက်သည်။ မြွေကြီးသည် ခွေနေသည့် အကျီကို သုံးကြိမ်သုံးခါ နမ်းရှုံ့လိုက်သည်။ သည့်နောက် ကျောက်ခဲက အကျီမှ အစအနည်းငယ်ကို ကိုက်၍ ဆုတ်ဖြဲလိုက်ပြီး မြွေဟောက်ကြီးရဲ့ လည်ပင်းမှာ ချည်နှောင်ပေးလိုက်ကာ အိပ်မောကျနေသည့် ဂျပန်စကားပြန်စိန်ကုလားအိပ်ရာရှိရာသို့ လမ်းညွှန်၍ တီးတိုးစကား ပြောလိုက်ပြီး ကျောသပ်လွှတ်လိုက်သည်။ သခင့်စကားကို နားလည်သည့်မြွေဟောက်ကြီးသည် လူးကာလွန့်ကာနှင့် စိန်ကုလားအိမ်ပေါ်သို့ရောက်ကာ စိန်ကုလားအနံ့ကိုခံရင်း စိန်ကုလား၏ အခန်းသို့ ဝင်သွားခဲ့လေသည်။

***

မနက် မိုးလင်းသောအခါ စိန်ကုလား၏မယားငယ် စိန်ကြည်က သူ့လင်ကို ပွတ်သပ်၍ နှိုးသည်။ အကြိမ်ကြိမ်လှုပ်နှိုး၍ မနိုးနိုင်သောအခါ စောင်ကို ဆွဲချလိုက်ပြီး မျက်နှာကို အသေအချာ ကြည့်လိုက်သည်။

သူမသည် စိန်ကုလားရဲ့ ပါးစပ်၊နှာခေါင်းနှင့် နားပေါက်များမှ သွေးစေးသွေးမည်းများကို ရုတ်ခြည်းမြင်လိုက်ရသောအခါ ပါးစပ်ဟ၍ သွားခဲ့သည်။

စိန်ကုလား၏ တစ်ကိုယ်လုံးသည် မည်းညို၍နေပြီး မျက်နှာကသည်း ဝေဒနာတစ်ခုကို မချိမဆံ့ခံစားပြီး ငြိမ်သက်နေ၏။ ဒါ့အပြင် ခန္ဓာကိုယ်က အေးစက်တောင့်တင်းနေသည်။ သူမ လန့်၍အော်ပြီး စူးစူးဝါးဝါးအသံနှင့် အိမ်နီးနားချင်းများကို အလန့်တကြားအော်ခေါ် အကူအညီတောင်း လိုက်သည်။

အိမ်နီးနားချင်းများ အိမ်ပေါ်သို့ရောက်လာကြပြီးနောက် စိန်ကုလားမှာ သေဆုံးနေပြီဖြစ်ကြောင်းကို သိလိုက်ရသောအခါ သူမကြီးစွာ ထိတ်လန့် ခံစားခဲ့ရလေသည်။

မကြာခင် စိန်ကုလားရဲ့ သူငယ်ချင်းများနှင့် သူတို့ဆရာ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်အိတိုတို့ ရောက်ရှိလာခဲ့ကြသည်။ အားလုံး ခုတင်ပေါ်မှ စိန်ကုလားအလောင်းကို ဝိုင်းဝန်း စစ်ဆေးကြည့်ရှုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဖြေကား စိန်ကုလားသည် အဆိပ်ရှိသောသတ္တဝါတစ်ကောင်ကိုက်၍ သေဆုံးရသည်ဟု အစိပ္ပါယ်ဖွင့်ဆိုကြတော့သည်။

အဲဒီမှာ သူတို့အားလုံး စိန်ကုလားခုတင်ခြေရင်းမှ ပစ္စည်းတစ်ခုကို တွေ့လိုက်ကြသည်။ အခြားမဟုတ်၊ လက်နှစ်လုံးခန့်ရှိသည့် စိန်ကုလားရဲ့ အင်္ကျီစုတ်အစတစ်စ။ ဝလုံးပုံ ချည်နှောင်လျက်။

***

နက်ဖြန်မနက်ဆိုလျှင် စိန်ကုလားအသုဘချတော့မည်၊ မသာအိမ်ကားသူ့သူငယ်ချင်းတစ်စု ဖဲရိုက်နေသည်မှလွဲ၍ အခြားမည်သူမျှ မရှိ။

ဂျပန်ကင်ပေတိုင်ရုံးသည် မီးရောင်အောက်မှာ လူဝင်လူထွက် နည်းကျဉ်းစွာဖြင့် ရှိနေသည်။

ဂျပန်ကင်ပေတိုင်ဗိုလ် အီတိုသည်မျိုးချစ်တော်လှန်ရေးသမားတစ်ဦးအား ရိုက်နှက်စစ်ဆေးပြီးနောက် မောမောနှင့်ပက်လက်ကုလားထိုင်မှာ ထိုင်ချလိုက်သည်။ ပြီးနောက် အရက်ပုလင်းကို ငှဲ့၍ အရက်တစ်ခွက်သောက်လိုက်သည်။ ထွက်လာသည့် နဖူးမှချွေးများကို လက်ညှိုးနှင့်သပ်ပစ်လိုက်ပြီး တံတွေးတစ်ချက်ထွေးလိုက်ကာ နောက်တစ်ခွက်သောက်လိုက်ပြန်သည်။ သုံးခွက်မြောက်မှာ သူ မူးရစ်ရီဝေလာခဲ့သည်။

သို့နှင့် ပက်လက်ကုလားထိုင်မှာ ဆန့်လိုက်ရင်း အင်္ဂလိပ်သူလျှိုများအကြောင်းနှင့် မြန်မာမျိုးချစ်တော်လှန်ရေးသမားများ အကြောင်း စဉ်းစားနေလိုက်သည်။ အချိန်မည်မျှကြာအောင် စဉ်းစားခန်း ဝင်နေမိသည်မသိ။

"ရှူး . . . . ရှူး"

"ဖူး . . . . ရှူး"

ကျယ်လောင်သော နှာမှုတ်သံကြောင့် အလန့်တကြား မူးယစ်နေသောမျက်လုံးများ ဖွင့်ကြည့်လိုက်သောအခါ အီတို အမူးပျောက်ချင်သလို ဖြစ်ကာ မျက်စိရှေ့မှ အရာကို မျက်တောင်မခတ်စိုက်ကြည့်နေမိသည်။

သူမြင်လိုက်ရသည့် အရာကားပါးပျဉ်းထောင်ရင်း နီရဲသော မျက်လုံးနှစ်လုံးနှင့် သူ့ကို စားမတတ် ဝါးမတတ် စိုက်ကြည့်ညို့နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မြွေမည်းမည်းကြီး တစ်ကောင်။ မြွေကြီးသည် ထမင်းစားပန်းကန်ခန့်ရှိသော ပါးပျဉ်းကိုစွက်၍ ထောင်၍ သူ့ရှေ့မှာ ဂါမ်းကသလို လှုပ်ကာ တရှူးရှူး မာန်ဖီနေသည်။

သူကြောက်လန့်အံ့သြကြီးစွာဖြင့် ချွေးသီးများ စို့ပျံတက်ကာ ကြက်သေသေသလို ဖြစ်သွားခဲ့သည်။

ထိုသို့ကြည့်နေရင်း မမျှော်လင့်ဘဲ မြွေကြီး၏လည်ပင်းမှာ ချည်နှောင်ထားသည့် ပစ္စည်းတစ်ခုကို မီးရောင်ဖြင့် လှမ်းသတိပြုကြည့်လိုက်သည်။

အလို၊ ယင်းပစ္စည်းသည် အခြားမဟုတ်ပါတကား။ ပြီးခဲ့သည့် အပတ်က ပျောက်သွားခဲ့သည့် သူ့လက်ကိုင်ပဝါပါကလား။ ထောင့်စွန်းမှာ ချည်အဝါနှင့် ထိုးထားသည့် သူ့နာမည် ဂျပန်စာကို တွေ့နေရသည်။ အံ့သြစရာ ကောင်းနေသည်မှာကား ဤလက်ကိုင်ပဝါသည် ဘယ့်နှယ်လုပ်၍ မြွေကြီးရဲ့လည်ပင်းမှာ လာပတ်ချည်နေပါလိမ့်။

ထိုစဉ် မြွေကြီးသည် တဖြည်းဖြည်း ရှေ့သို့ လူးကာလွန့်ကာ သူ့ခြေရင်းမှာ ရပ်လိုက်တော့မှ သူအသိများပြန်ဝင်လာပြီး ခါးကြားမှ ဓားတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။

"ဖောက်"

"အား အားအား။ အစ်အစ်အား အီး အား"

မြွေကြီးက သူ့ခြေဖမိုးခွကြားကို အစွယ်နှင့် ပေါက်ချလိုက်သည်။ အီတို၏ မျက်လုံးထဲမှာ မိုးကြိုးဆယ်စင်း ပစ်လိုက်သလို ခံစားလိုက်ရပြီး ချက်ချင်း မြွေအဆိပ်များ ကိုယ်အထက်ပိုင်းသို့ ပျံ့နှံ့လာကာ ဂုလားထိုင်ပေါ်မှ အော်ဟစ်ရင်း ပြုတ်ကျသွားတော့သည်။

မြွေကြီးသည် ဂျပန်စစ်ဗိုလ် အီတိုကို ပေါက်သတ်ပြီးနောက် မှောင်ရိပ်ထဲသို့ လှစ်ခနဲ ပြန်ပြေးထွက်သွားတော့သည်။

အချုပ်ခန်းမှာ စစ်ဆေးနေကြသည့် ဂျပန်စစ်ပုလိပ်များသည် သူတို့အကြီးအကဲ၏ အလန့်တကြား အော်ဟစ်လိုက်သံကို ကြားကြရ၍ ရရာလက်နက်များကို ကိုင်ဆွဲကာ အပြေးအလွှားရောက်လာကြသည်။ သူတို့ရောက်ရှိသည့် အချိန်မှာပင် ဂျပန်ကင်ပေတိုင်ဗိုလ်သည် ပါးစပ်မှ သွေးများ အမြှုပ်များ အန်ကာအတန်ကြာ အကြောဆွဲရင်း အသက်ထွက်သွားခဲ့သည်။

www.burmeseclassic.com



ကျောက်ခဲသည် မှောင်ရိပ်ထဲမှနေ၍ သူ့ထံပြန်လာသည့် အချစ်တော်မြွေဟောက်ကြီး၏ ခေါင်းကို သုံးကြိမ်ပွတ်သပ်ပြီးနောက် သစ်သားသေတ္တာကို ပခုံးမှာလွယ်ရင်း မှောင်ရိပ်လျက် ပြန်ထွက်လာခဲ့လိုက်သည်။

ထိုအချိန်တွင် ဂျပန်စစ်သားများသည် သူတို့ အကြီးအကဲ၏ အလောင်းခြေရင်းမှ တွေ့လိုက်ရသော ထူးဆန်းစွာ တုပ်ချည်ပြီး ကွင်းသဏ္ဌာန်ကျန်ခဲ့သည့် သူတို့ စစ်ဗိုလ်၏ လက်ကိုင်ပဝါကို ကောက်ယူကြည့်ကာ ဂျပန်လို ဆူညံစွာ ဝေဖန်ပြောဆို ကျန်ရစ်ခဲ့ကြလေသည်။

***

တစ်ခုသော သုသာန်၌ ဂျပန်ကင်ပေတိုင် စစ်ဗိုလ်အီတို၏ [illegible]သာကို စစ်အခမ်းအနားနှင့် အလေးပြု သေနတ်မြှောက်၊ သေနတ်ဖေ[illegible]ကာ ဂုဏ်ပြုသင်္ဂြိုဟ်နေသည့်အချိန် . . . ။

ညောင်သုံးပင် သုသာန်သချိုင်းမှ ခင်အေးညို၏မြေပုံအနီးတွင် လူတစ်ယောက်သည် မြေကြီးကျစ်စာခဲတချို့ကို ညာလက်နှင့် ခြေမွဆုပ်ကိုင်ကာ ကျေနပ်ပီတိများနှင့် ရေရွတ် ပြောဆိုနေ၏။

သူကား ကွယ်လွန်သူ ခင်အေးညို၏ချစ်သူ မြွေအလမ္ပာယ်သမား လေးကျောက်ခဲ။

"ခင်အေးညိုရေ နင်တို့သားအဖဘဝ တို့မြန်မာ အမျိုးသားများရဲ့ ဘဝကို ခြေမွဖျက်ဆီးခဲ့တဲ့ လူယုတ်မာနစ်ကောင်ကို ငါ့ကတိအတိုင်း နင်တို့ကို စားငါကလဲ့စားချေ ဒဏ်ခတ်လိုက်ပြီ ခင်အေးညို။ ငါ ဒီနေ့ကစပြီး လွတ်လပ် ရေးအတွက် လုပ်စရာရှိနေလို့ သွားတော့မယ် ငါ့ကို ခွင့်ပြုပါ ခင်အေးညိုရယ်" တို့ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့ နေ့ကျရင် မင်းတို့အားလုံးကို ငါအမျှဝေပေးပါ့မယ်၊ အဲဒီကျမှ အားရပါးရ သာဓုခေါ်ကြပါတော့"

သည့်နောက်သူသည် မြေပုံပေါ်မှာ အတန်ကြာ မျက်နှာအပ်၍ ငိုကြွေးခဲ့ပြီး ငို၍ ဝသောအခါ မြွေထည့်ထားသည့် သစ်သားသေတ္တာ ပခုံးထက်မှာလွယ်၍ ဟိုးအဝေးသို့ တစ်လှမ်းချင်းထွက်ခွာသွားတော့သည်။

မောင်သိန်းနိုင်(သန့်လျှင်)

သုရဿ မေလထုတ်၊ ၂၀၀၅ ခု

www.burmeseclassic.com

www.burmeseclassic.com

## နေမထူး အောင်စိန်

ကြီးမားလေးလံသော ခန္ဓာကိုယ်ဖြင့် ဆင်အို တစ်ကောင် ရွှေ့လျား လမ်းလျှောက်သွားသည်နှယ် အိပဲ့ အိပဲ့ မောင်းနှင်သွားသော ခရီးသည်တင် ဘတ်(စ်)ကား အအိုအဟောင်း၏ နောက်ပိုင်းမှ တထောင်းထောင်းထ နေသော ဖုန်ထုကို အမှုမထားဘဲ သူရှာထဲသို့ ဝင်ခဲ့သည်။ စလွယ်သိုင်း လွယ်ထားသော လွယ်အိတ်ဟောင်း၏ အပေါ်ယံမှ မြင်းချေးရောင် တဘက် အနွမ်းကို အသာဆွဲထုတ်ကာ မျက်နှာပြင်ပေါ်မှ ချွေးများကို သုတ်ရင်း ရွာလမ်းမကြီးအတိုင်း တစ်လှမ်းချင်း လျှောက်လာသည်။ သစ်ပင်ရိပ်အောက် မှာ ဆော့ကစားနေကြသော ကလေးများက သူ့ကိုမြင်သည်နှင့် ပါးစပ် အဟောင်းသားဖြစ်ကာ ရွာထဲသို့ အလန့်တကြား ပြေးဝင်သွားကြသည်။ လူကြီးတချို့က ကလေးများ၏ ထူးခြားသော အပြုအမူကို တအံ့တသြဖြစ်ရင်း

'ဟဲ့ ဒီကလေးတွေ ဘာဖြစ်လာကြတာလဲ၊ မထိတ်သာ မလန့်သာ'

'ဟို ဟိုမှာ'

ကလေးများ ညွှန်ပြရာသို့ လှမ်းကြည့်ရာမှ 'စိတ်ကောင်း' လွှတ်ကနဲ အရွတ်မိသည်။

'ဟင် အောင်စိန် ထောင်ကလွတ်လာပြီ'

'သေချာရဲ့လား စိတ်ကောင်း'

'သေချာပါတယ် ဖိုးတေရာ၊ ဒီလူနဲ့ ဒီလူတွေ မမှတ်မိ စရာ လူမှားစရာ အကြောင်း မရှိပါဘူး'

ဖိုးတေ သောက်လက်စ အရက်ခွက်ကို တစ်ရှိန်ထိုးမော့ချရင်း ရှုံ့မဲ့သွား သော စားပွဲ မျက်နှာပြင်ထက်သို့ ဖန်ခွက်ကို အသာပြန်ချလျက်


www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုရော သူမြင်သွားသေးလား'

'ဟင့်အင်း မမြင်လို့ပေါ့ ဖိုးတေရာ၊ နို့မို့ဆို'

စိတ်ကောင်းက စကားစကို မှားသွားပြီဟူသော အမိပ္ပါယ်ဖြ... ရပ်လိုက်သည်။

'ဒီလိုတော့ မငြေါပါနဲ့ ဖိုးတေရာ၊ စိတ်ကောင်းဆိုတာ ... နိုင်ဘက်ပါ၊ အောင်စိန်လို လူကိုမပြောနဲ့ တွေ့သမျှ ရွာရှိလူကုန် နိုင်... လုပ်ပေးနေရတာပါ။ အခုဟာက မင်းမနိုင်းခင် ငါကသိတတ်ပြီး သ... လာပေးတာပဲ ကဲ မင်း ငါ့ကိုဘာနိုင်းဦးမလဲ၊ နိုင်းစရာမရှိရင်ပြန်မယ်၊ တော်... မင်းဆီ အချိန်မီ လာသတင်းပေးတာ အောင်စိန် သိသွားရင် ငါ့ကိုသတ်မှာ...

ဖိုးတေ တစ်ခဏမျှ ငေးငိုင်စဉ်းစားရင်း

'နိုင်းစရာတော့ မရှိပါဘူး၊ သိချင်တာလေးတစ်ခုပဲ၊ တောင်ပေါ်မြ... ဆင်းလာတဲ့ ဘတ်(စ်)ကား ငါတို့ တောင်ခါးပန်းရွာကို ဘယ်အချိန်လော... ရောက်တတ်သလဲ'

'ဒီနေ့တော့ မရှိတော့ဘူး၊ ထွက်သွားပြီ'

'ဒါတော့ ငါသိတာပေါ့ကွ၊ မနက်ဖြန်အတွက် မေးနေတာ'

'တောင်ပေါ်က မနက်ခုနစ်နာရီ စထွက်လာတာဆိုတော့ ရွာအ... မှတ်တိုင်ကို ရှစ်နာရီ ကိုးနာရီလောက် ရောက်တယ်၊ ဘာလဲ၊ ... အောက်မြို့ကို သွားမလို့လား၊ အတော်ပဲ၊ ငါလဲ မနက်ဖြန်ဆိုသွားမ...

'ငါကရန်ကုန်အထိ ပြေးရမှာ၊ ဒီအနား တစ်ပိုက်တင်က... ရက်ပိုင်းအတွင်းမှာ ငါရှိတဲ့နေရာ အောင်စိန် သိပြီး အသေလာသတ်...

နှစ်ယောက်သား နှုတ်ဆိတ်သွားကြသည်။

အတော်ကြာမှ စိတ်ကောင်းကညည်းညူလိုက်သော လေသံ...

'အင်းနော်၊ သေခါကျတာတောင် မသေနိုင်ဘဲ လွတ်ငြိမ်းချမ်းသာ... တိုးပြီး လွတ်လာရတယ်လို့၊ အောင်စိန်တကယ် ကံကောင်းတာပဲ'

'ဟူး ငါအပါအဝင် တောင်ခါးပန်းရွာသားတွေ ကံဆိုးဖို့ ဖြစ်လာ... ပေါ့ကွာ၊ ကဲရော့ မင်းအတွက် မုန့်ဖိုး၊ ပိုတဲ့အရက်လဲ မင်းသောက်... တော့'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းက လက်ကျန်အရက်ပုလင်းကို အဖုံးကောက်ပိတ်ရင်း ခါးကြားမှာထိုးရာက စားပွဲပေါ်ရှိ ငွေစက္ကူတချို့ကို ဖိုးတေဘက်သို့ ပြန်တွန်းပေးလျက်

'ငါ ငွေသုံးလိုနေတာတော့ အမှန်ပဲ ဖိုးတေ၊ ဒါပေမယ့် မင်းက ပိုအရေးကြီးတယ်၊ ဒီတော့ငါမယူဘူး၊ မင်းပြန်ယူသွား၊ မနက်ကျမှ ကားပေါ်မှာ ဆုံကြမယ်'

ဖိုးတေက အစိမ့်ပွါယ်ပါသော အပြုံးဖြင့် ခေါင်းညိတ်ရင်း ပိုက်ဆံများကို ကောက်လျှက်

'ဟေ့ ဒီပိုင်းအတွက် ရှင်းမယ်'

***

အောင်စိန်၊ ဖိုးတေနှင့် စိတ်ကောင်းတို့သည် ပြိုင်တူဖွား မဟုတ်ကြသော်ငြားလည်း တောင်ခါးပန်းရွာသား အသက်မတိမ်းမယိမ်း လူရွယ်များဖြစ်ကြသည်။ ဖိုးတေက အသက်ကြီးဆုံး၊ စိတ်ကောင်းက ဖိုးတေ့ထက်သုံးလေးမျှ ငယ်သည်။ ငအောင်စိန်က ဖိုးတေထက် နှစ်နှစ်မျှငယ်သည်။ ဖိုးတေက နာမည်နှင့်လိုက်အောင်တေသည်။ အင်း မဟုတ်သေး၊ အမှန်စင်စစ် တေလွန်းပေလွန်း၍ တစ်ရွာလုံးက ဖိုးတေဟု ခေါ်ကြရင်း နာမည်တွင်သွားရသူဖြစ်သည်။ စိတ်ကောင်းကတော့ လူပျော့ လူအေး တစ်ရွာလုံး၏၊ တောက်တိုမယ်ရ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးရင်း ဘုန်းကြီးကျောင်းမှာ ကပ်နေရသူဖြစ်သည်။

အောင်စိန်။

သူ့ကို မွေးသည့်နေ့က သူတို့ရွာမှာ ဇာတ်လာ ကသည်။ ဇာတ်အဖွဲ့က သရဲလေးအောင်စိန်။ သူ့အမေက ဗိုက်ကြီးတကားကားနှင့် ပွဲကြည့်ရင်း ပွဲခင်းထဲမှာ မီးဖွားသဖြင့် ဇာတ်မင်းသား သရဲလေးအောင်စိန်က လာဘ်ကောင်းသည်ဟု ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုကာ ဆုတော်ငွေအစိတ် ချီးမြှင့်ခဲ့သည်။ ထိုကာလက ရွှေတစ်ကျပ်သားကို ကျပ်တစ် ရာမျှ ရှိသေး၍ ငွေအစိတ်မှာ ရွှေတစ်မတ်သားဖိုးမျှရှိသည်မို့ နည်းသည်ဟုမဆိုနိုင်။ အောင်စိန်၏ မိဘများကလည်း ဇာတ်မင်းသား သရဲလေးအောင်စိန်ယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဆုရှိုးမြှင့်ရင်း တရင်းတနှီး ဆက်ဆံသွားသည်ကို မမေ့တဲ့နိုင် ဖြစ်ရလေကား
သားဓါ်နာမည်ကို ဇာတ်မင်းသား အောင်စိန်၏အမည်ပင် ပေးလိုက်
သည်။

အောင်စိန်ကြောင့် သရဲလေးအောင်စိန် ဇာတ်အဖွဲ့ လာဘ်ကောင်း
မကောင်း မည်သူမျှအတပ်မသိသော်ငြား တောင်ခါးပန်း ကျေးရွာတစ်ရွာလုံး
ကတော့ အောင်စိန့် ကြောင့် ကံဆိုးမိုးမှောင် ကျခဲ့ရသည်ကို မေးစရာမလို
တစ်ရွာလုံးရှိ လူအားလုံးအသိပင်။

***

မွေးရာပါ ဇီဇဉာဏ်ဆိုးကြောင့် မိဘများစိတ်ကသိကအောက်ဖြစ်
ရသည်မှာ ကလေးဘဝကလည်း ကလေးဘဝကမို့ ကြီးလာရင် ကောင်း
လာတန်ချေရဲ့လေဟု မျှော်လင့်ပြီး မွေးခဲ့ရသည်။ လေကျောရှည်ရာ ကျမည့်
အကျယ်ကို မဆိုသာတော့ပြီ။ အသက်နှစ်ဆယ်ကျော် နှစ်ဆယ့်တစ်
လောက်တွင် လူပျိုပေါက်ဖြစ်နေပြီဖြစ်သော ရွာကျော်ဖိုးတေ၏ နောက်လိုက်
တပည့်အဖြစ် ဝင်ပေါင်းရင်း မကောင်းတာမှန်သမျှ အတုယူအတတ်သင်
ပညာစုံ ဆည်းပူးခဲ့သည်။ အသက်ဆယ့်ငါးနှစ်လောက် ရောက်သောအခါ
အောင်စိန်က ပညာလွန် ဖြစ်သွားခဲ့ပြီ။ အတတ်ကျူး ဘီလူးဖြစ်ခဲ့ရသည်။

ဖိုးတေခမျာ ကိုယ်တင်သည့်စစ်ကဲ ကိုယ်ပြန်မချနိုင်တော့။ ဆရာထက်
တပည့်လက်စောင်းက ပိုထက်နေခဲ့သည်။ ခဏတာအချိန်တွင်းမှာ အောင်စိန်
က ခေါင်းဆောင်၊ ဖိုးတေက နောက်လိုက်ဖြစ်ခဲ့ရသည်။ ကိုယ်ဖော် သည့်
ကိုယ်မစားဝံ့ဆိုသော်လည်း ဖိုးတေမှာတော့ ခပ်ရွံ့ရွံ့ဖြင့် နှာခေါင်းပိတ်
သက်ရှူအောင့်ရင်း ကြိတ်မှိတ် မျိုချနေရသည်။ အောင်စိန်နှင့် လက်
ဖြုတ်ရမှာလည်း သူနှင့်အောင်စိန်တွဲလုပ်ထားသမျှ နှစ်ကိုယ်သိ မကောင်း
များကြောင့် အောင်စိန်ကရွာမှာ လက်မတွဲရလျှင် နှစ်ယောက်ပေါင်း
ကျခံပြီး ထောင်ထဲမှာ လက်တွဲနေမည်ဟု အတိအလင်း ကြေညာ
အောင်စိန်ကို ကလန်ကဆန်မလုပ်ရဲ။

မှတ်မိသေးသည်။ ကျေးတောရွာမှ အလှူပြန် မိသားစု အနုကြ
စဉ်က ဖိုးတေ်နှင့် အောင်စိန်နှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပင် ကဲခဲ့ဖူးသည်ဆိုစေ၊ ရာဇဝတ်မှု တစ်ခုကို နဖူးတွေ့ဒူးတွေ့စတင် ကျူးလွန်ရမည်ဆိုတော့ ဖိုးတေကြောက်စိတ်ဖြင့် ရင်ခုန်နေခဲ့သည်။

သို့တစေ၊ ဖိုးတေ၏ အဋ္ဌေဝါသိက လက်ရင်းတပည့် ဖြစ်ခဲ့ဖူးသော အောင်စိန်မှာ ပွဲဦးထွက်မှာပင် လက်ဖျားခါလောက်အောင် မတုန်မလှုပ် တည်တည်ငြိမ်ငြိမ် လက်စွမ်းပြ သွားခဲ့သည်။

လူပြတ်သော တောစပ်လမ်းရှာ တရကြမ်း မောင်းနှင်လာသော လှည်းလမ်းအလယ်သို့ အောင်စိန် ဘွားခနဲ ထွက်ရပ်၊ မတ်တပ်ကြီး လက်ကိုက်ထားလိုက်သည်။ လှည်းသမားက အယောင်ယောင်အမှားမှား၊ ဆက်မောင်းမိလျှင် အောင်စိန်မှာ ပွဲမစခင်ဇာတ်သိမ်းရမည့်ကိန်း၊ သတိကြီးသော လှည်း သမားက အရပ်မြန်လိုက်သဖြင့် ကံမကောင်းရှာဖြစ်သွားသူများကား အလှူပြန် မိသားစု ဖြစ်သည်။ ဝတ်ဆင်လာသော ရွှေငွေရတနာ လက်ဝတ်တန်ဆာများကို နောက်လိုက်တပည့်ဖြစ်သူ ဆံရာပေါင်း ဖိုးတေက ဓါးမောက်ဖြင့် စုတောင်းခံယူနေစဉ် အောင်စိန်က ချွန်ထက်သော ခဲတံတစ်ချောင်းဖြင့် စက္ကူပေါ်တွင် အလှူရှင် မိသားစုနာမည်များကို မရမက ရေးမှတ်နေသည်။ လှည်းသမားက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောကြားရင်း

'အဲ အဲဒီ နာမည်တွေ ဘာလုပ်မလို့လဲဟင်'

'ဟားဟား အဲ့ခွင့်သာတဲ့တစ်နေ့ ကမ္ပည်းထိုး ဆိုင်းဘုတ်တပ်ပေးမလို့ပေါ့ဗျ ဟားဟား'၊

လှည်းသမားက အောင်စိန်၏ ခွင့်ပြုမိန့်ရသည်နှင့် ဒုန်းစိုင်းနှင်သည်မှာ နောက်ကြောင်းသို့ လုံးဝပြန်မလှည့်ကြည့်ဘဲ တစ်ချိုးတည်း။

***

'အောင်စိန်၊ မင်းခုနက အလှူပြန်မိသားစု နာမည်တွေ ဘာလုပ်ဖို့ မှတ်တာလဲ ဟင်'

'ခင်ဗျား ကျုပ်ကို သစ္စာဖောက်ပြီး လက်တွဲဖြုတ်တဲ့ နေ့မှာ သူတို့ကို ဆက်သွယ်ထားပြီး ခင်ဗျားနဲ့ကျုပ် အုတ်တံတိုင်းမြင့်ကြီးနောက်မှာ ပြန်လည်ဆုံစည်းကြမယ်လေ ဟားဟား'



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေခမျာ ဥပဇ္ဈာယ်ဆရာလေးအောင်စိန်ကို တုန်လှုပ်ချောက်ချားစွာ ငေးကြည့်ရင်း

'အခုကော ညကြီး အချိန်မတော် ဦးမြသာအိမ် ဘာဝင်လုပ်မလို့လဲ'

'လျှာမရှည်နဲ့ဗျာ၊ ခင်ဗျားက အိမ်အောက်နွားချည်တိုင်နားမှာ ကင်းစောင့်နေ၊ အခြေမလှရင် အိမ်မြှောင်စုတ်ထိုးသလို သုံးချက်အသံပေး၊ ပြီးတော့ ခင်ဗျားဘာသာ အသာလစ်သွား၊ ကျုပ်ရလာသမျှ ခင်ဗျား အချိန်တန်ရင် တစ်ဝက်ရမယ်'

ဖိုးတေ သက်ပြင်းချရင်း မှောင်ရိပ်မှာ စောင့်နေခိုက် အောင်စိန်က ဦးမြသာ အိမ်ဘေးမန်ကျည်းပင်မှတစ်ဆင့် အိမ်ပြတင်းပေါက်ဆီသို့ ကြောင်တစ်ကောင်ပမာ ပေါ့ပါးစွာ ခုန်ဝင်သွားခဲ့သည်။

နာရီအတန်ကြာတော့မှ အောင်စိန်ပြန်ရောက်လာသည်။ သူ့မျက်နှာက ပြုံးစိစိ။

'လာပြန်ကြမယ်'

'ဟင် မင်းပြောတော့ ပါတာကို တစ်ဝက်ပေးမယ်ဆို'

'ခင်ဗျားကို ခွဲပေးလို့မရတဲ့ကိစ္စပါဗျာ၊ ရော့ လိုချင်ရင် ဒါခင်ဗျား တစ်ယောက်တည်းပဲ ယူလိုက်'

လက်ထဲသို့ ရောက်လာသော မိန်းမဝတ်အတွင်းခံ ဇာဘော်လီ တစ်ထည်ကို ဖိုးတေအယောင်ယောင်အမှားမှား လွှတ်ပစ်ရင်း အောင်စိန်ကို ကြောက်လန့်ရွံရှာစွာ ကြည့်မိသည်။

'ဘုရား ဘုရား၊ ငါတော့လူပေါင်းမှားပြီ၊ ဒီကောင်ဟာ ငါထင်တဲ့ သူခိုး ဓါးပြအဆင့်သာမက သူတစ်ပါးသမီးပျိုကိုပါ စော်ကားဖျက်ဆီးနေပြီ၊ ဒုက္ခပါပဲ၊ ငါဘယ်လိုလုပ်ရပါ့'

အောင်စိန်၏ အစီအစဉ်ကြောင့် ရပ်ဝေးတစ်ရွာမှာ ဖိုးတေနှင့်အောင်စိန် ရှောင်တိမ်းနေကြစဉ် ဦးမြသာ၏ သမီးဆွဲကြိုးချ သတ်သေသွားသည့် သတင်းက ထိုခေတ် သတင်းစာများမှာ ဟိုးလေးတကျော်ပါလာခဲ့သည်။

လက်ဖက်ရည်ဆိုင်မှ မြန်မာ့အလင်းသတင်းစာကို ဖတ်ရင်းနှပ်ထားသော ကော်ဖီကို တစ်ကျိုက်မော့ကာ ဂိုးဖလိပ် စီးကရက်ကို မီးညှိလျက် တိုင်ပါပါ



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အောင်စိန်ကို ကြည့်ရင်း ဖိုးတေ တုန်လှုပ်စွာ ရေရွတ်နေမိသည်။

'ငါမွေးတဲ့မီးတွေ တစ်ရွာလုံးလောင်နေပါပြီကော၊ ကယ်တော်မူကြပါ၊ ဘယ်လိုလုပ်ရပါ့'

***

စားပွဲပေါ် ပစ်တင်လိုက်သော သေနတ်ငယ်နှစ်လက်ကို တစ်လှည့်၊ တတ်ရပ်ကာ စီးကရက်မီးညှိသောက်ရင်း အရေးမကြီးသလို ငြိမ်သက်နေသည့် အောင်စိန်ကို တစ်လှည့်ကြည့်ရင်း ဖိုးတေပါးစပ်ဟမည်အပြု

'လျှာမရှည်ချင်ပါနဲ့ ကိုဖိုးတေ၊ ဒီတစ်ခါ ပွဲပေါက် အချိုကြီးတိုးပြီးရင် ခင်ဗျားသွားလိုရာ သွားနိုင်တယ်၊ ကျုပ် မတားတော့ဘူး၊ အဲ ခင်ဗျားသာ ထောင်ထဲဝင်ရမှာ ကြောက်နေတာ၊ ကျုပ်ကထောင်ကို ကြောက်တဲ့ကောင် မဟုတ်ဘူးနော်၊ ခင်ဗျား ဖော်ကောင်လုပ်လို့ ဘာမှထူးမှာ မဟုတ်ဘူး၊ ခင်ခင်ဗျားက ထောင်ကျမှာကိုတောင် ဒီလောက်ကြောက်နေရင် ကျုပ်ရဲ့ သေနတ်ကိုခံရဖို့က ပိုကြောက်မှာပေါ့။ ရော့ ဒီနှစ်လက်ထဲက ခင်ဗျားကြိုက်တာ ယူ၊ ခင်ဗျား မလိုချင်တဲ့သေနတ် ကျုပ်ယူမယ်'

ဖိုးတေရွေးစရာလမ်းမရှိတော့၍ ခေါင်းငိုက်စိုက်ကျရင်း နီးရာသေနတ်တစ်လက်ကို မရဲတရဲကောက်ယူထား လိုက်သည်။

ဝီလီဂျစ်ကားတစ်စီးက ညီညာပုံ့ပျူးသော ကတ္တရာလမ်းအတိုင်း မြိုင်မြွေကောက် မောင်းနှင်လာရင်း မနီးမဝေးရောက်မှ လမ်းပေါ်တက်လာသော အောင်စိန်ကို ကြည့်လျက် ကမန်းကတန်းရပ်လိုက်သည်။ ကားအပြင်သို့ ခေါင်းတစ်ပိုင်းထုတ်ကာ ဒရိုင်ဘာက ဒေါသတကြီးအော် ဟစ်ပြောဆိုသည်။

'ဟေ့လူ ဒါကားဗျ၊ ခင်ဗျား အမေလင်မဟုတ်ဘူး၊ သေတတ်တယ်'

အောင်စိန်က ပြုံး၍ ခါးကြားထဲက သေနတ်ကို ထုတ်သည်။

ဒရိုင်ဘာက ရုတ်ခြည် ပါးစပ်ပိတ်၍ ငြိမ်သက်သွားသည်။ လမ်းဘေးမှာ ပုန်းနေသူ ဖိုးတေက အောင်စိန်အနားသို့ ချဉ်းကပ်လာသည်။

'ကျုပ်တို့ကို ဒုက္ခမပေးပါနဲ့ဗျာ၊ ကျုပ်တို့မှာ ဘာမှ မပါပါဘူး'

အောင်စိန်က တော်စမ်းပါ ဟူသောအကြည့်ဖြင့် ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

၁ နံနက်(၁၁နာရီ)

'ကိုဖိုးတေ သူတို့လေးကောင် ဂျင်ပိုင်းမှာ ပွလာတယ်၊ ဒါကျုပ်သေချာ ရထားတဲ့ သတင်းပဲ၊ ကဲအံ့လျှုံခံလိုက်ပါဦး'

ဖိုးတေက သေနတ်ကို အသင့်ကိုင်ရင်း ကားနား ကပ်သွားသည်။

'တာ'

ကားအရှိင်ဘာက ရုတ်တရက်စက်နိုးပြီး ဆောင့်ထွက်သည်။

'ကိုဖိုးတေ ပစ်ပစ်'

ဖိုးတေ သေနတ်ကိုင်လျက် ခလုတ်မောင်းမဆွဲရဲဘဲ ငေးနေသည်။ ထိုစဉ် ဖိုးတေ၏ နားထင်သို့ အောင်စိန်၏ သေနတ်ပြောင်းက လာထောက်သည်။ ဖိုးတေက တုန်လှုပ်စွာလှည့်အကြည့်မှာ အောင်စိန်က ပြုံး၍ ခေါင်းငဲ့ ဆတ်ပြသည်။

နှုတ်မှလည်း အသံထွက်လျက်

တစ်၊

ဖိုးတေ တစ်ကိုယ်လုံး တုန်ယင်လာသည်။

နှစ်၊

မျက်စိစုံမှိတ်လျက် ဖြစ်ချင်ရာဖြစ် ဝီလီဂျစ်ကားဆီသို့ ခလုတ်ညှစ်၍ ပစ်ချသည်။

'ဒိုင်း'

'ထောင်'

ကျည်ဆန်က ဂျစ်ကား သံကိုယ်ထည်ကို ထိကာ တစ်ဖက်သို့ လွင့်သွားသည်။

'သောက်သုံးမကျဘူးဗျာ၊ ဒီမှာကြည့်'

'ဒိုင်း'

'ရှူး'

ကားနောက်ဘီးတစ်ဖက် ပေါက်ကာ လမ်းပေါ်မှာ သွက်ချာပါဒလိုက်သလို ခါရမ်းပြေးလွှားနေဆဲ။

'ဒိုင်း'

ဒရိုင်ဘာ ခါးကော့ကာ ကားသည် လမ်းဘေးအနိမ့်ပိုင်း ချောက်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လွင့်ကျသွားသည်။ အောင်စိန်နှင့် ဖိုးတေ ကားနားသို့ရောက်သွားသည်နှင့် တစ်ပြိုင်နက် အောင်စိန်က ကြောက်လန့်တကြား ကြည့်နေသူ၏ နှုတ်တည့်တည့်သို့

'ဒိုင်း'

ပြီးတော့ မသေမရှင် ဖြစ်နေသော ဒရိုင်ဘာ၏ ဘယ်ဘက်ရင်ဘတ်သို့

'ဒိုင်း'

ထို့နောက် ကားပေါ်မှာ ပါလာသော ပစ္စည်းများကို မွှေနှောက်ရှာဖွေပြီး သူနိုင်သမျှ ရွှေထည်ငွေစက္ကူနှင့် လက်ဝတ်ရတနာများကို ယူသည်။

'တခြား ဘာပစ္စည်းမှ မယူနဲ့၊ ကိုယ့်လက်ထဲမှာ ရှိရင် သဲလွန်စ ဖြစ်သွားနိုင်တယ်၊ ကဲ လမ်းပေါ်ပြန်တက်'

လမ်းပေါ်ရောက်တော့မှ ကားဓါတ်ဆီတိုင်ကီကို ကျည်တစ်တောင့် ထပ်သွင်းလိုက်သည်။

'ဒိုင်း'

ကားက မီးဟုန်းဟုန်းတောက်ကျန်ရစ်သည်။

***

ပစ္စည်းများကို ခွဲဝေယူသည့်အခါတွင်မှ အောင်စိန်က အညီအမျှ ခွဲလိုက်သည်။

'အောင်စိန်ရာ၊ မင်းက ခေါင်းဆောင်၊ ငါက နောက်လိုက်ပါ၊ မင်း ကိုချင်သလောက်ယူပါ၊ ငါ့ကို မင်းပေးချင်သလောက်ပဲ ပေးပါ'

'ဘာလဲ အပြစ်ဒဏ်ကျရင်ကော လျှော့ခံချင်တဲ့ သဘောလား'

'အာ ဒီလို သဘောမဟုတ်ပါဘူး၊ မင်းစိတ်ထဲ ငါ့ကို ပေးရတာ များတယ်ထင်မှာ စိုးလို့ပါ'

ဖိုးတေက နီးရာအပုံကို လှမ်းယူသည်။ အောင်စိန်က ပြုံးလျက် သေနတ်ထဲက ကျည်ဆန်တစ်တောင့်ကို ထုတ်ပြီး ဖိုးတေ၏ ဝေစုအပုံထဲသို့ အသာချထောင်ပေးသည်။ ဖိုးတေက စိုးထိတ်သောအကြည့်ဖြင့် လှမ်းကြည့်သည်။

'အဲဒါ ခင်ဗျားအတွက် အပိုဆုပဲ၊ ဒီကိစ္စ ပေါက်ကြားသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီကျည်ဆန်နဲ့ ခင်ဗျား သေရမယ်၊ ဒါမှမဟုတ် ခင်ဗျားလက်ထဲက သေနတ်နဲ့ ကျုပ်ကို အခုကတည်းက သတ်သွားနိုင်တယ်'

'ဟာကွာ ငါမင်းကို မသတ်ရဲပါဘူး'

'ယုံတယ်၊ ခင်ဗျား ကျုပ်ကိုမှ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ မသတ်ရဲတဲ့ ကောင်ပဲဟာ၊ အဲ ကျုပ်ကတော့ လူနှစ်ယောက် သတ်ပြီးလို့ သွေးစွန်းဖူးသွားပြီ၊ နောက်ထပ်စားတဲ့ ကြက်သွန်ဟာ ပထမကြက်သွန်ထက်ပိုပြီး ပူမှာစပ်မှာ မဟုတ်ပါဘူးဆိုတာ ခင်ဗျားသဘောပေါက်ရင် ပြီးတာပဲ'

အောင်စိန်က ကျည်ဆန်တောင့်ကိုကောက်၍ ကျည်အိမ်ထဲထည့်ကာ ခါးကြားမှာ ပြန်ထိုးထားလိုက်သည်။

***

သွေးဆာနေသော ကျားတစ်ကောင်နှင့် အောင်စိန်တစ်ယောက် ကျားနာခဲခဲရှင်း ဖိုးတေကို အသေရှင်းမည်မှာ ဗေဒင်မေးစရာမလို၊ သို့ရာတွင် သည်တစ်ခါတော့ ဖိုးတေ ကူခြေရနေသည်။ ရင်မဆိုင်ရဲသဖြင့် ထွက်ပြေးရသည့်တိုင် ဆောက်တည်ရာမရ ပျာယာခတ်နေမှုမျိုးတော့မရှိ။ ခရီးဆောင်အိတ်ငယ်ထဲသို့ လိုအပ်သော အဝတ်အစား အနည်းငယ်နှင့် ငွေအချို့ကို ထည့်ရင်း ဖြစ်ရပ်ကို ပြန်လည် သုံးသပ် နေမိပါသည်။

စင်စစ်အောင်စိန်ကို သစ္စာဖောက်ခြင်းသည် သူဆက်မလျှောက်ရဲသော ဒုစရိုက်လမ်းမှ ဖဲ့ထွက်ရန် သည်တစ်လမ်းသာ ရှိသောကြောင့် ဖြစ်သည်။ ငယ်စဉ်က ကလေးဆိုးဘဝ ကြက်ဥ၊ ငှက်သီးနှံများ အပျော်ခိုးစားသည်၊ ရွာထဲမှာ တေတေပေပေနေသည်။ ထိုစဉ်ကမှ သူက ဆရာ၊ အောင်စိန်က တပည့် နောက်တော့ လက်ရည်ခြေတူ တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်လာသည်။ မကြာပါ။ အောင်စိန်က ဆရာ၊ သူက နောက်လိုက်ဖြစ်လာသည်။

ခိုးသည်၊ အနုကြမ်းစီးသည်။ သူတစ်ပါး သမီးပျိုကို မတော်မတရား ကြံသည်။ နောက်ဆုံး ပစ္စည်းယူရုံမက လူနှစ်ယောက်ကိုပါ သွေးအေးအေးဖြင့် ဆက်တိုက်သတ်ခဲ့သည်အထိ လက်ယဉ်လာသည်။

ဖိုးတေ နောင်တရသည့် အဆင့်မဟုတ်သည့်တိုင် အောင်စိန်လောက် လက်ရဲဇက်ရဲ မရှိသဖြင့် ကိုယ်ရှိန်သတ် နောက်ဆုတ်ချင်လာသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အောင်စိန်ကား နောက်ဆုတ်မည်မဟုတ်။ ယခုလို လူသတ်ပြီးမှတော့ ဆာသော ကျားလို လူသားစားဖူးပြီမို့ သွေးညှီနံ့ရတိုင်း သားကောင်ကို ရှာနေတော့မည်သာ။

အောင်စိန်နှင့် သူ၏ကိစ္စများ ရပ်ရွာကထင်ကြေးမျှ ရိပ်မိသော်ငြား သဲလွန်စ အထောက်အထား လုံးဝမရှိ၍ ဘာမျှမတတ်နိုင်ခဲ့။ ဖိုးတေအပြန် အလှန် စဉ်းစားသည်။ အောင်စိန်၏ ကိစ္စက သေဒဏ်ထိုက်သော အမှု။ မည်သည့်နည်းမျှ လွတ်လမ်းမရှိ၊ သူက သာမန်နောက်လိုက်ဖြစ်ပြီး ဘာမျှ ထိရောက်စွာ မကျူးလွန်ခဲ့၊ သည်ကြားထဲ အဖမ်းမခံရပါဘဲလျက် အသိတရား ဖြင့် ဖြောင့်ချက်ပေးလျှင် သက်သာနိုင်သည်။ လူ့လောကထဲမှာ အောင်စိန်ရှိ နေသရွေ့ ဖိုးတေအတွက်လည်းမကောင်း၊ လောကကြီးအတွက်လည်း မကောင်း။ သို့ဖြစ်၍ နီးရာရဲစခန်းသို့ဝင်လျက် ပုလိပ်အင်စပက်တော်မင်း ကြီးမှာ ဖြောင့်ချက်ပေးခဲ့သည်။

ထိုကိစ္စကြောင့် ဖိုးတေမှာ အပြစ်ဒဏ်ကင်းလွတ်ခွင့် ရပြီး အောင်စိန်မှာ သေဒဏ်ကျခံစေရန် စီရင်ချက် ချခံခဲ့ရသည်။ သို့သော် မကြာပါ။ ထိုခေတ် ထိုကာလက နိုင်ငံတော် အထိမ်းအမှတ် ကိစ္စကြီးတစ်ခုအရ သေဒဏ်မှ တစ်သက်တစ်ကျွန်းကျသူ၊ ထပ်ဆင့် ကံစမ်းမဲပေါက်၍ လုံးဝ လွတ်ငြိမ်း ချမ်းသာခွင့်ရသူများထဲတွင် အောင်စိန် တစ်ယောက် မဟာကံထူးရှင် ဖြစ်ခဲ့ရ သည်။

***

ခရီးဆောင်အိတ်ဖြင့် ထွက်လာရာမှ ဖိုးတေပြုံးမိသည်။

အောင်စိန်သည် အကင်းပါးသူဖြစ်သည့် အားလျော်စွာ တောင်ပေါ် တောင်အောက် တက်လာဆင်းလာသမျှ ကား များကို ရပ်တန့်စေလျက် သူတို့ ရှာဖွေနေမည်သာ။ သို့ဖြစ်၍ သူပုန်းရမည့်နေရာကို သူသေချာ ရွေးလိုက်သည်။

'ဝှက်လိုသော ပစ္စည်းကို ရှာဖွေသူ၏ မျက်စိအောက်မှာထားပါ' ဟူသော စကားပုံကို သူကြားဖူးထားသည်မို့ ရှာဖွေနေသူ အောင်စိန်နှင့် အနီးကပ် နေရာမှာ သူနေရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ခါးပန်းကျေးရွာမှ တောင်အောက်သို့ ဆင်းလာ သော ဘတ်(စ်) ကားပေါ်မှာ စိတ်ကောင်းလိုက်ပါလာသည်။ ဘတ်(စ်)ကားရှေ့ လမ်းမကြီးပေါ် နှင့် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်သို့ကြည့်ရင်း စိတ်ပူလာသည်။ ခုနေ ကိုပိုးတေတစ်ယောက် ဘယ်များရောက်နေပြီလဲ။ အောင်စိန် လက်ချက်ဖြင့် သေများသွားပြီလား။

စိတ်ကောင်း စိတ်မကောင်းစွာတွေးနေမိစဉ်

'ဟ ဟ ဘာဖြစ်တာလဲ'

ကားက တုန့်ခနဲဖြစ်ရာမှ ဝူးခနဲအရှိန်တက်သွားသည်။ ကားဘီး ပေါက်သံ ထွက်ပေါ်လာသည်။

'ဘရိတ်နင်းလေ၊ တောင်စောင်းအတိုင်း လိမ့်ကျ တော့မယ်'

'ဘရိတ်ပေါက်သွားပြီဗျ၊ မရတော့ဘူး'

'ကယ်ကြပါ ကယ်ကြပါ'

အရှိန်သတ်မရသောကား၊ ဘရိတ်လည်းပေါက်၊ ဘီးလည်း ပေါက်ရင်း မြွေလိမ်မြွေကောက်လမ်းအတိုင်း သွက်ခါယိမ်းထိုး လိမ့်ကျလာသည်။

လမ်းနံဘေး ကျောက်ဆောင်ကွယ်မှ အောင်စိန်က မောင်းနှင်လာသော ကားရှေ့ထွက်ရပ်ကာ ဒရိုင်ဘာ၏ မျက်နှာသို့ စူးစူးရဲရဲ ကြည့်ရင်း ရပ်တန့်ရန် လက်တားသည်။

ဒရိုင်ဘာ မျက်လုံးပြူးသွားသည်။

'ဟာ'

ဒရိုင်ဘာနှင့် စိတ်ကောင်းအပါအဝင် ခရီးသည်များ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အောင်စိန်လဲပြို သွားသံ၊ ကားဘီးများက အောင်စိန့် ခန္ဓာကိုယ်ကို ဖိကြိတ်ရင်း နင်းခြေသဖြင့် အရိုးများ တဖျိုးဖျိုးတဖျစ်ဖျစ် ကျိုးပဲ့ကြေမွသံ။

တောင်စောင်းနံဘေး ချောက်ထဲသို့ ကျလုလု ဘတ်(စ်)ကား၏ ဘီးအောက်မှာ အောင်စိန်၏ သွေးသံရဲရဲ ကြေမွ ပျော့ခွေနေသော ကိုယ်ခန္ဓာက ဂျမ်းတုံးခုသလို ခုခံထားသည်။

ကားပေါ်မှ လူအားလုံး မရဲတရဲဆင်းလာကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းမဲတ်စောက်သော ချောက်ကမ်းပါးအောက်မှ စိမ်းညို့နေသည့် သစ်ပင်များကို ငုံ့ကြည့်ရင်း အားလုံး တုန်လှုပ်ခံစားနေရသည်။

'ဘုရား ဘုရား ကျွန်တော်တို့အားလုံး ကံသီလို့ ပါလား'

'ဒအေးနော်၊ ဒီလူသား အရဲစွန့် ဝင်မကယ်ရင် အားလုံး သေကုန်မှာ'

'ကားစီးဖို့ တားတာလားမှ မသိတာ'

'ကားအောက်က ဆွဲထုတ်ကြပါဦး၊ အသက်ရှိချင် ရှိဦးမှာ'

'ခေါင်းခွံကွဲကြေပြီး ဦးနှောက်တောင်ထွက်နေမှာပဲဗျာ၊ အရိုးတွေလဲ တစ်စစီဖြစ်နေပြီ'

ကားပေါ်မှ ဆင်းလာသော အဘွားအိုတစ်ယောက်က စိပ်ပုတီးကို စိပ်ရင်းမျက်ရည်စက်လက် ဆုတောင်းမေတ္တာပို့ သနေသည်။

'သူတော်ကောင်းကြီးကယ်ပေလို့ပေါ့ အားလုံး အသက်ရှင်ရတာပါ ဘုရား။ မောင်မင်းကြီးသား သူတော် ကောင်းကြီးကို ကောင်းရာမွန်ရာ နတ်ပြည်နိဗ္ဗာန်မှာ ခံစားခွင့် ပေးပါဘုရား။ သူတော်ကောင်းကြီး ကောင်းရာ သုဂတိ လားပါစေကွယ်'

ခရီးသည်အားလုံးက ဝမ်းနည်းကြေကွဲစွာ တိတ်ဆိတ် ငြိမ်သက် နေကြသည်။

ကျောက်ဆောင်နောက်ကွယ်မှ ဖိုးတေ ထွက်လာသည်ကို မြင်သော် လည်း အားလုံးက သူလိုကိုယ်လို ခရီးသည်အချင်းချင်းဟု မှတ်ယူကာ အပေါ့အပါး ဝင်ရာမှ ထွက်လာသည်ထင်၍ စိတ်ဝင်တစား မရှိကြ။

ဖိုးတေက အောင်စိန်လက်မှ လွင့်စဉ်ကျသွားသော လွယ်အိတ်ကို ဘယ်သူမှ မမြင်အောင် ကောက်ရင်း အထဲသို့ နှိုက်ကြည့်သည်။ သေနတ် တစ်လက်ကို တွေ့ရသည်။ ထို့နောက်မဂ္ဂဇင်းကျည်ကပ်ကို လက်ဖြင့် အသာစမ်းကြည့်သည်။ ကျည်ကပ်ထဲတွင် တစ်တောင့်တည်းသော ကျည် ဆန်ကို စမ်းမိသည်။

ဖိုးတေက ခပ်လုမ်းလုမ်းမှ စိတ်ကောင်းကို ပြုံးရင်း လွယ်အိတ်ကို လုံးထွေး၍ သေနတ်နှင့် ဟိုအဝေး ချောက်ထဲ လွှင့်ပစ်လိုက်သည်။

ပြီးတော့ ခရီးသည်များကြားအောင် ရေရွတ်မိသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက် အသက်စွန့်သွားတဲ့ သူတော်ကောင်းကြီး ထ
ယောက်ပါပဲဗျာ

စိတ်ကောင်းက ခေါင်းတစ်ချက်ညိတ်၍ ထောက်ခံသည်။

ခရီးသည်များသည် ကားအောက်မှ စွန့်ဝံ့သူကြီးအတွက် ဝမ်းနည်း
ကြေကွဲစွာ ဆုတောင်းမေတ္တာပို့သရင်း ငြိမ်သက်နေဆဲ။

နိုတာဦး ဥက္ကာ

သည်းထိတ်ရင်ဖို၊ ဒီဇင်ဘာလ ၂၀၀၄ ခု

www.burmeseclassic.com

www.burmeseclassic.com

## စောရနကွတ်

စိုးရိမ်စိတ်ကြောင့် ကျုပ်ရင်ထဲမှာ တဒိတ်ဒိတ် ခုန်နေမိတယ်။ စည်းချက်မမှန်တဲ့ အသက်ရှူသံတွေ ကြောင့် ကိုယ့်ကိုကိုယ် ပြန်လန့်နေမိတဲ့ အထိပါ အချိန်က မိုးသည်းသည်းမည်းမည်း ရွာပြီးကာစ ညဥ့်ဦးပိုင်း အဲ ကိုးနာရီနီးပါးလောက်တော့ ရှိပြီ။

ဝဲယာဘေးဘီကို မျက်စိကစားပြီး အိမ်တစ်အိမ်ရဲ့ နံဘေး အမှောင် ရိပ်ကို ဖျတ်ကနဲပြေးကပ်လိုက်တယ်။ နောက်. . . ရုတ်တရက် မလှုပ်ရှားဝံ့ သေးဘဲ တော်တော်ကြာအောင် ငြိမ်ငြိမ်ကလေးနားစွင့်နေမိတယ်။ အင်း အိမ်သားတွေတော့ မိုးအေးအေးနဲ့ ကွေးနေကြပြီပေါ့။

ကျုပ်ရပ်နေတဲ့ မြေပြင်ကရွှံ့ဗွက်တွေဟာ ခြေထောက်တစ်ခုလုံးမှာ ပေကျံညစ်ပတ်နေပြီ။ ကျုပ်တစ်ကိုယ်လုံးလည်း မိုးရေတွေရွှဲရွှဲစိုနေတာမို့ ခိုက်ခိုက်တုန်အောင်ချမ်းနေပြီ။ မရွာချင့်ရွာချင် ရွာချနေတဲ့ မိုးစက် မိုးပေါက် တွေက တစ်ချက်တစ်ချက်မှာ လေနှင့်အတူဝေ့ကနဲ။

ကျုပ် ကောင်းကင်ပြင်ကို မော့ကြည့်လိုက်တယ်။

ကြယ်မမြင် လမမြင်လောက်အောင် မိုးသားတိမ်လိပ်တွေက အုံ့ ဆိုင်း မည်းမှောင်နေလေရဲ့။ အတော်ကြာအောင် ငေးမောကြည့်နေရာက ကျုပ်အသက်ပြန်ဝင်လာသလို လှုပ်ရှားလာမိတယ်။ အချိန်ဆွဲနေလို့ မဖြစ် တော့ဘူး။ ကျုပ်ရဲ့လုပ်ငန်းစရတော့မှာပဲ။

***

ကျုပ်နာမည်ကခွေးနီ။ အလုပ်အကိုင်က သူခိုး . . . ရာထူးက တစ်ကိုယ်တော် ညဥ့်မင်းသား . . . ။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . တစ်ကိုယ်တော်ညဉ့်မင်းသား သူခိုးကြီးဆိုလို့လည်း လန့်မသွားကြနဲ့ဦး။ ရှက်ရှက်နဲ့ဝန်ခံကြစတမ်းဆိုရင် ကျုပ်က ခပ်ညံ့ညံ့ အပေါစား သူခိုးတစ်ယောက်ပါ။

ပိုင်ရှင်တွေအိပ်ရာဝင်ကာနီး သိမ်းဆည်းဖို့ရာ နမော်နမဲ့မေ့ထားရစ်တတ်တဲ့ (အိမ်အပြင်ဘက်က) ရေဖလား ဆပ်ပြာခွက်၊ အင်္ကျီ၊ ပုဆိုး ထမီနှင့် ဖိနပ်ပေါင်းစတဲ့ အတိုအစလောက်သာခိုးတတ်တဲ့ အညတရသူခိုး ခွေးနီပါ။

မျိုးရိုးတော့မရှိပါဘူး။ လူကသာ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်တဲ့ ပျင်း။ ပညာအရည်အချင်းက နတ္ထိ၊ သည်ကြားထဲ အရက်ကလေးကတမြမြနဲ့။ အင်း . . အစကတော့ မိရယ်၊ ဖရယ်၊ သားရယ်၊ မယားရယ်နဲ့ပေါ့။ အခုတော့ ကျုပ်ဆိုးလွန်းပေလွန်းတေလွန်းလို့ မိဘတွေကလည်း ပစ်ပယ်ထားကြတယ်။ သတင်းစာကနေ အမွေ ဖြတ်ကြေငြာတာမျိုးတော့ မလုပ်ကြရှာပါဘူး . . ။ ဒါလည်း ကျုပ်ကို ချစ်လွန်းလှလို့ မဟုတ်ဘူးနော်။ စားဖို့တောင် အနိုင်နိုင်ကြားမှာ ကျုပ်လို သားဆိုး တစ်ကောင်အတွက် သတင်းစာ ကြော်ငြာခ မတတ်နိုင်ကြလို့ပါ အဟဲ

မိန်းမကတော့ ကျုပ်ကိုပါရမီမဖြည့်နိုင်လို့ ကလေးတစ်ယောက်လက်ဆွဲပြီးပြေးပြီ။ သူချန်ထားခဲ့တဲ့ အိမ်ထောင်ပရိဘော အစုတ်အပြတ်တွေနဲ့ အိုးခွက်ပန်းကန် အက်ကွဲ ပိန့်လိန့်နေတာတွေလည်း ကျုပ်ဈေးပေါပေါနဲ့ ထုခွဲရောင်းချစားလို့ ကုန်ပေါ့။ သည်တော့ ကျုပ်မှာ စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးလို့ မခိုးရမနေနိုင်တဲ့ သူခိုးကြီးတက်ပြားကို အားကျလို့ မဟုတ်ဘဲ အလုပ်အကိုင်မယ်မယ်ရရမရှိဘဲ ကာလေကချေ အရက်သမားဖြစ်ခဲ့ပြီး အရက်ဖိုးလေးရအောင် ကြံမိကြံရာ ကြံခဲ့ရင်း အခုလိုထမီသူခိုး . . . ဖိနပ်သူခိုးဘဝမျိုး ရောက်ခဲ့တာပါပဲ။

အခုလည်း ကျုပ်တို့လမ်းထဲက အိမ်ကြီးတစ်အိမ်ကို ဝင်ခိုး ကျုပ်ကပ်ခဲ့တာပါ။ ထုံးစံအတိုင်းပေါ့လေ။ အင်္ကျီ၊ ပုဆိုး၊ ထမီတွေ သံဇကာပေါက်ကနေ ဝါးတံချူနဲ့ယူမယ်၊ ဆပ်ပြာခွက်ရရ၊ ဖလားရရ၊ ဖိနပ်ရရ ဘာရရ ရသရွေ့ကျုပ် အတွက် အမြတ်ချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . . တစ်ခါတစ်လေတော့ ကံခေပြီး အိမ်ရှင်နဲ့ တိုးလို့ သေးခွန့်တုတ်တိုနဲ့အပစ်ခံရ၊ အပြေးကောင်းလို့ ဓား၊ လှံ၊ မှိန်းစာ မဖြစ်ဘဲ သက်လုရင်း လွတ်မြောက်ခဲ့ရတာတွေလည်း ရှိသပေါ့လေ။

ဒါပေမယ့် ကျုပ်လိုဖိနပ်သူခိုးလောက်ကို ရေးကြီးခွင်ကျယ် တိုင်ဂါတ်တိုင်အမှုဆိုင် မနေကြသလို ကံဆိုးလို့ မိသွားရင်းတောင် ရက်ရက် တ်စက် လက်လွတ် စပယ်လုပ်မနေကြပါဘူး။

လက်ယားနေတတ်တဲ့ တစ်ယောက်စ၊ နှစ်ယောက်စကတော့ ရုံကျင်ရုံ ရိုက်နှက်ဆဲဆိုပြီး ပြန်လွှတ်လိုက်ကြတာပဲ။ အဲ ရိုက်တဲ့ သူတွေထဲမှာ ဒိုင်ခံပြီးတီးတဲ့ သူက ဦးအောင်မောင်းဗျ၊ ကျုပ်ကိုရိုက်ဖို့မျှား န်ထရိုက်လိုင်စင်ဆွဲထားသလားမှတ်ရတယ်။

လက်ကလည်းယဉ်ပါ့ဗျာ။

သူမို့လို့ ကျုပ်ဖက်ပိုးကို ဖြောင်းကနဲတစ်ချက် လောက်ရိုက် လိုက်ရင် ကျုပ်မှာ အရက်ကလေးမှ တစ်ပက် ကလေးမျှ မသောက်ရဘဲ ကနဲလက်ကနဲကြယ်တွေ လတွေမြင်ပြီး ရီတီတီ ဝေတေတေတော့ သွားတော့တာပါပဲ။

ကျုပ်က သူခိုးဖြစ်ပါလျက်နဲ့ အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေကို တာက သစ္စာရှိလှလို့တော့မဟုတ်ဘူးဗျို့ ကြောက်လို့။ ဟုတ်တယ်။ တယ်ပြောတာ။ သည် ခေတ်ရဲတွေက လျင်ပါဘိသနဲ့။

ကျုပ်ထက်မကတဲ့ ခိုးမှုတစ်ခုတည်းနဲ့ အသက် မွေးဝမ်းကျောင်း တဲ့ ဝါရင့်သူခိုး အကျော်အမော်တွေတောင် တစ်ယောက်ပြီး တစ် ယောက်ကွိကနဲ ကွိကနဲ အဖမ်းခံခဲ့ရလို့ ကျုပ်တို့မြို့မှာ သူခိုးအန္တရာယ် နေတာကြာပါရောလား။ အဲ . . . ကျုပ်တစ်ယောက်သာ အရက်ဖိုးမရှိ ခြေဆောလက်ဆောနဲ့ အပျော်တမ်းသူခိုးတစ်ယောက်ဖြစ်နေတာ။

သည်တော့ အရက်တစ်ပက်နှစ်ပက်ဖိုးလောက် လက်ထဲရှိနေလို့ တော စိန်တုံးကြီးထားတဲ့နေရာသိလည်း စိတ်မဝင်စားဘူး . . . ရွှေထုပ် ရှိပါတယ်ဆိုရင်လည်း ဟင့်အင်းပဲ၊ မီးခံသေတ္တာထဲမှာ ငွေစက္ကူအထပ် အထုပ်လိုက်ရှိနေတာသိဦးတော့ ကျုပ်က လက်ကလေး ရှုပ်

www.burmeseclassic.com



ပြပြီး တာ့တာပဲ။ လိုချင်စိတ်မရှိပေါင်။

ဒါပေမယ့်နော်၊ ကြွက်လှေ့ျာက်တန်းပေါ်မှာ အရက်ပုလင်း ရှိနေတာသိရင်တော့ ဘယ်လောက်အန္တရာယ် များများရအောင်ခိုးတာပဲ။ ရရင်တော့ လက်ရှိသူခိုးတာဝန်ကို အသာရပ်။ ခိုးလို့ရလာတဲ့ ပုလင်းလေးကိုပဲ ချွေချွေတာတာ သောက်ပြီး ရှောင်တခင်ခွင့် . . . ယူလိုက်ပြီသာမှတ်

ဟော . . . မိုးတော်င်ရွာလာပါရော့လား။

ရုတ်တရက်ရွာချလိုက်တဲ့ မိုးစက်မိုးပေါက်တွေဟာ ခေါင်မိုးသွပ်ပြားပေါ်ကို တဖြောင်းဖြောင်း တဗျင်းဗျင်းမြည်အောင် ခုန်ပေါက်ဆင်းလာကြပြီ ကျုပ်လည်း မိုးခိုဖို့ အလွယ်တကူပဲ အိမ်အောက်ဖိနပ်ချွတ်ကို လေးဘက်ထောက်နဲ့ဝင်ပြီး ပုဆစ်တုပ်ထိုင်လိုက်တယ်။ အဲဒီအချိန်စွာ အိမ်ဘက်ကို မိုးကာအင်္ကျီကိုယ်စီနဲ့ လူသုံးယောက်လျှောက်လာတယ်။

'ဟိုက် . . ပြဿနာပဲ၊ ဘယ်သူတွေများပါလိမ့်' -

ကျုပ် လုံးဝအသံမပြုရဲဘဲ ငြိမ်ငြိမ်လေးထိုင်နေ ရတယ်

အဲဒီလူသုံးယောက်ဟာ ကျုပ်ထိုင်နေတဲ့အပေါ် တည့်တည့် ဖိနပ်ချွတ်မှာလာတက်ရပ်ကြတာမို့ သူတို့မိုးကာ အင်္ကျီက ကျလာတဲ့ ရေစက်တွေဟာ ကျုပ်ရဲ့ခန္ဓာကိုယ် နေရာအနှံ့အပြားပေါ် ကျလာတယ်။

"ထွီ မအေဘေးတွေ ရေစိုမှာကြောက်လို့ မိုးဝင်ခိုကာမှကွာတောက် ကျုပ်စိတ်ထဲကကြိတ်ပြီးဆဲဆိုနေမိတယ်"

"ဒေါက် . . ဒေါက် . . ဒေါက် . ."

တံခါးခေါက်သံတွေပေါ်လာပြီး အတန်ကြာသည့်တိုင်အောင် သူးသံ မကြားရတာမို့ ဟိုလူတွေ စိတ်တိုသွားကြပုံ ရပါတယ်။ တစ်ယောက် က စိတ်လိုက်မာန်ပါ လက်သီးနဲ့ ထုလိုက်ပြန်ပါလေရော။

"ဒုံး . . . ဒုံး . . . ဒုံး . . . ဒုံး"

"ဘယ်သူလဲ"

"ကျွန်တော်တို့ပါ ရပ်ကွက်လူကြီးတွေပါ၊ ညွှေစာရင်းစစ်လို့ ကျုပ်စိုးရိမ်သွားဂိတယ်။

ခုနက လူတွေကို ကျုပ်သေသေချာချာမမြင်လိုက်ရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရပ်ကွက်ထဲက လူကြီးတွေ မဟုတ်မှန်းတော့ ကျုပ်အတပ်သိထယ်။ သိမှာပေါ့။ ကျုပ်က ရပ်ကွက်လူကြီးတွေရှေ့ ခဏခဏရောက်နေရတဲ့ကောင်ပဲ ဟာ။

ကျုပ်စဉ်းစားမိတယ်။

သည်လူတွေဟာ တစ်ခုခုတော့ မရိုးမသားလုပ်ဖို့ လာကြတာပဲ။

အိမ်ထဲက လျှပ်စစ်မီးချောင်းလင်းလာပြီး အိမ်တံခါး ပွင့်သွားတာကို မြင်လိုက်ရတယ်။

"မလှုပ်နဲ့ . . မအော်နဲ့ . . . သေသွားမယ်"

မဆင်မခြင် အယုံလွယ်ပြီး တံခါးဖွင့်လိုက်လို့ အိမ်ရှင် အဘိုးကြီး သင်မယား ဂြိုဟ်ဆိုးဝင်လေပြီ။ ကျုပ်သိလိုက်ပြီ။ အိမ်ပေါ်မှာ အနုကြမ်းစီး နေကြတာကို . . . ။

***

ကိုင်း-ကျုပ်ဘာလုပ်ရမလဲ။

ကျုပ်က သည်အိမ်ကို ခိုးမလို့အရင်ရောက်လာပါတယ်။ ဒီကောင် တွေက နောက်မှမွေးပြီး မောင်မောင်ဦးလို့ အမည်မှည့်သွားကြပြီ၊ ကောင်း ရော။ (သန်လျင်မောင်မောင်ဦးနဲ့တော့ မဆိုင်ပါဘူးနော်)

ကျုပ်လည်း နေရာက အသာလေးဘက်ထောက် ထွက်ခဲ့ပြီး ဒီတွေလက်တွေ ခြေထောက်တွေကို သွပ်မိုး တံစက်မြိတ်က ကျလာတဲ့ ရေနဲ့ဆေး။ မှောင်ရိပ်ကို ခိုရင်း အိမ်သစ်သားနံရံအက်ကြောင်းလေးကနေ အိမ်ထဲကို အသာချောင်းကြည့်လိုက်တယ်။

'ဟင် . . . ကျောက်ဒိုး'

ဟုတ်တယ် . . . ကျုပ်တို့မြို့က နာမည်ကြီး ဖောက်ထွင်းစီးနင်း သူခိုးကျော် ကျောက်ဒိုး။ အခု ဒီကောင် ဓါးပြဖြစ်နေပါရောလား။ အင်းလေ ပြီးတော့လက်ဆေးနဲ့ လူလစ်မှဆွဲတတ် အလစ်သုတ်တတ်တဲ့ ကျုပ်တောင် တကူးတက ခိုးဖို့ကြံတဲ့အထိဖြစ်လာတာ. . ဘုရား. . ဘုရား

ကျုပ် တကယ်သူခိုးဖြစ်မှန်း မသိဖြစ်နေပြီ။ ကျောက်ဒိုးလည်း ကြီး ဓါးပြဆိုတဲ့ စကားအတိုင်း ဓါးပြဖြစ်နေပြီ ကျုပ် . . ကိုယ့်ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သုံးသပ်ပြီး တုန်လှုပ်သွားမိတယ်။ ဒါပေမယ့် ကြက်သီးမွေးညင်းထအောင် ခံစားလိုက် ရတာကို အသာထား။ မြင်နေရတဲ့ မြင်ကွင်းကိုပဲ အသက်မရှု စတမ်း ငေးကြည့်နေမိတယ်။

အဘိုးကြီးရောအဘွားကြီးပါ လက်ပြန်ကြိုးတုပ်ပြီး လက်ကိုင်ပဝါနဲ့ ပါးစပ်ကို ပိတ်ထားတာ ခံနေရတယ်။ ကျောက်ဒိုးက အိမ်အပြင်ကိုထွက်ပြီး မယောင်မလည် ကင်းစောင့်နေတယ်။ တစ်ယောက်က အဘိုးကြီးလင်မယား ကို အသံခပ်အုပ်အုပ်နဲ့ မေးလိုက် ရိုက်လိုက်၊ နှိပ်စက်နေပြီး နောက်တစ် ယောက်ကတော့ တစ်အိမ်လုံးရှိသမျှကို မွှေနှောက်ရှာဖွေလို့ ။

ကျုပ် . . တစ်ကိုယ်လုံးနေရာအနှံ့ကိုက်လာတဲ့ ဖြုတ်တွေ ခြင်တွေကို ပွတ်သပ်မောင်းနှင်ရင်း အကြံထုတ်နေမိတယ်။

ကျုပ်လည်းပဲ သူတပါးပစ္စည်းကို အချောင်လိုချင်လို့ ကြိုးစားနေ တာပဲ။ အဲ . . ဒါပေမယ့် ပိုင်ရှင်ကို အဲဒီလောက်ထိ အနိုင်ကျင့်နှိပ်စက်ဖို့တော့ စိတ်မကူးမိပါဘူးဗျာ။ အခုလို ကိုယ့်မျက်စိ အောက်မှာ မတရားသဖြင့် နှိပ် စက် ညှင်းပမ်းနေတာ တွေ့ရတော့ ကျုပ်အတော် ခံပြင်းမိတယ်။ နာကျင် ညည်းငြူရင်း ဝေဒနာခံစားနေရတဲ့ အဘိုးကြီး အဘွားကြီးကိုကြည့်ရင်း သူတို့ ဥစ္စာပစ္စည်းတွေကို လိုချင် စိတ်ပျောက်သွားတော့တယ်။

တကယ်ပါ ကျုပ်လာတုန်းကတော့ ခိုးဖို့လာတာပါ။ အခုတော့ ခိုးချင်စိတ် မြူတစ်မှုန်၊ တစ်ပွင့်လောက်တောင် ကျုပ်မှာမကျန်တော့ဘူး။ မြင်နေရတဲ့ မြင်ကွင်းကိုလည်း ကျုပ်ဒီအတိုင်းလက်ပိုက်ကြည့်မ နေတော့ဘူး။ ဒီတော့ ကျုပ်တစ်ခုခုလုပ်မှ ဖြစ်တော့မယ်။ ဒါကြောင့် ကျုပ်မလွယ်ပေါက် ကနေ အသာလျှိုပြီး တာလမ်းမပေါ်ရောက်လာခဲ့ပါတယ်။

***

အချိန်က ညဉ့်ကိုးနာရီကျော်ကျော် ဆယ်နာရီ နီးပါးပဲ ရှိဦးမယ်။ ဒီအချိန်ဆို လမ်းထိပ်ကွမ်းယာဆိုင်နားကအိမ်မှာ တယ်လီဖုန်းသွား ဆက်လို့ ရသေးတယ်။ အင်း . . . တယ်လီဖုန်းဆက်ခပိုက်ဆံတော့ ကျုပ်မှာ ရှိတာ မတတ်နိုင်ဘူးပြောရမှာပဲ၊ ဟုတ်တယ်လေ ကျုပ်လို အနုတ်စုတ် ခိုးစုတ်သူခိုး တောင် လူမှုရေးစိတ်ဓါတ် ရှိသေးတာပဲဟာ။ ဒီလူတွေ ကျုပ်ပြောရင်ရမှာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းရှိတဲ့ အိမ်နားကို ကျုပ်ရောက်လာ တော့ အိမ်ထဲက ထွက်လာတာ ဦးအောင်မောင်း။

ကျုပ်ခေါင်းနပန်းကြီးသွားပြီး ကြောင်ရှေ့ရောက်တဲ့ ကြွက်ကလေးလို အနေရခက်သွားမိတယ်။ ဦးအောင်မောင်းက ကြွက်စုတ်ရေနစ်သလို စိုရွှဲပြီး ရုပ်ပျက် ဆင်းပျက်ခိုက်ခိုက် တုန်အောင် ချမ်းနေတဲ့ ကျုပ်ကို ခြေအဆုံး ခေါင်းအဆုံး ကြည့်ရင်း လေသံမာမာနှင့် ဟိန်းဟောက်ပြီး . .

"ဟေ့ကောင်ခွေးနီ မင်းဘယ်ချောင်ဝင်ကပ်ပြီး ဘာတွေအကြံအဖန်လုပ်နေပြန်ပြီလဲကွ။ ဘာလဲ ငါ့လက်သံ မြည်းချင်နေပြီလားဟေ့"

ကျုပ်ကျောထဲစိမ့်သွားသလို ဖြစ်သွားတယ်

ဒါပေမယ့် ကျုပ်ဘာအပြစ်မှ ရှိသေးတာမှ မဟုတ်တာ၊ ဒီတစ်ခါတော့ ဘယ်ကြောက်လိမ့်မတုန်း ကျုပ်က ရဲတင်းတဲ့ လေသံနဲ့

"အာဗျာ . ဦးအောင်မောင်းကြီးကလည်း ကျုပ်ကိုတွေ့တိုင်း နှိပ်ကွပ်ဖို့ကြီးပဲ တွေးနေတာကို မနေ့က ကျုပ်ဘာလုပ်ခဲ့လုပ်ခဲ့ ဒီနေ့ကတော့ ကျုပ်လူကောင်းပါဗျ။ အဲ မနက်ဖန် ဘာဖြစ်မယ်ဆိုတာတော့ ကျုပ်အာမမခံနိုင်သေးဘူး။ ဒီမှာ ဦးအောင်မောင်း လမ်းထဲက ဦးရဲလင်းကြီး အိမ်မှာ အခုအနုကြမ်းစီးခံနေရတယ်"

"ဘာ"

ကျုပ်စကားကြောင့် ဦးအောင်မောင်း မျက်လုံး ပြူးသွားတယ်။

ကျုပ်အခြေအနေကို ခပ်မြန်မြန်ပဲ ရှင်းပြလိုက်တယ်။ ဒါတောင် ဦးအောင်မောင်းက အလွယ်တကူလက်မခံ ချင်တဲ့ပုံနဲ့

"ဟုတ်ကော ဟုတ်ရဲ့ လားခွေးနီရာ တော်ကြာမှားပြီး မဟုတ်ပဲနဲ့"

ဟုတ်တယ်ဗျ သူတို့ထဲမှာ ဖောက်ထွင်းစိန်ဗွာသူခိုး တောင်ပါသေး။ ဦးရဲတင်ကြီးမှတ်မိမှာစိုးလို့ ဒီကောင်က အပြင်မှာ ကင်းစောင့်နေတာ။ 'အဲ ဒါဆိုရဲကို အကြောင်း ကြားရအောင်'

"ကျုပ်လည်း အဲဒီကိစ္စနဲ့ဘဲ လာခဲ့တာ"

"မင်းက ရဲကိုအကြောင်းကြားမလို့လား"

"အင်းလေ . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူး . . . "

'ရဲတွေက မင်းကို အသေးစိတ်စစ်ဆေးလာရင်'

ဟုတ်သားပဲ ကြည့်စမ်း။ ကျုပ်တွက်ကိန်းလွဲသွားတယ်၊ ကျုပ်အစက ဒီအချက်ကို ထည့်မစဉ်းစားမိဘူး။ ကျုပ်က ရဲကိုအကြောင်းကြားရင် ကျုပ်ကသက်သေ လိုက်ရမှာ ပြဿနာပဲ ကျုပ်ကိုယ်တိုင်လဲ ဒီအိမ်ကို အချိန်မတော် ပိုင်နက်ကျူးလွန်ပြီး ခိုးဖို့ရောက်လာတဲ့သူ၊ အခြေအနေက ဒါတွေကို အသေးစိတ်ထုတ်ပြောမှ လိပ်ပတ်လည်မဲ့ အနေအထား ဘုရား ဘုရား ဒီတော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ။

ကျုပ်ငိုင်ကျသွားပြီး တော်တော်ကြာတော့မှ "ကဲပါဗျာ ခင်ဗျားပဲ ဖုန်းဆက်လိုက်ပါ။ ဖြစ်တာက သေချာပါတယ် ပိုပြီးသေချာအောင် ကျုပ်ပြန်သွားပြီး အခြေအနေကို အကဲခတ်စောင့်နေမယ်"

"အေး . . အေး . . သိပ်လည်းအတင့်မရဲနဲ့နော် . . ဒီကောင်တွေမှာ သေနတ်ပါရင်ပါမှာ။ တော်ကြာ ထွက်ပြေးသွားတဲ့ မင်းမယားဟောင်းလေး မုဆိုးမ ဖြစ်နေအုံးမယ်"

"ဟာဗျာ ခင်ဗျား ပါးစပ်ပုပ်ကြီးနဲ့။ သွားမှာသာ သွားပါဗျာ" ကျုပ် ဦးအောင်မောင်းကိုနှုတ်ဆက်ပြီး ခုနကအတိုင်း မှောင်ရိပ်ကို ပြန်ခိုရင်း ငါးပြတွေကို အကဲခတ် စောင့်နေရတယ်။

***

မကြာပါဘူး ရဲကားနှစ်စီးဝင်လာတာ လမ်းထိပ်မှာ ရပ်ပြီး ဦးအောင်မောင်းနဲ့ စကားပြောနေတာ ဦးအောင်မောင်း က လိုက်မလာရဲဘဲ လက်ညှိုးထိုးပြတာ ရဲတွေ ကျုပ်ရောက် နေတဲ့ အိမ်ဘက်ကို လျှောက်လာနေတာ ပြီးတော့ ဦးအောင်မောင်းခပ်ကုတ်ကုတ်ကလေးလျှောက်လာပြီး သူ့အိမ်ဘက် သူပြန်လစ်သွားတာ အကုန်လုံးအစအဆုံး ကျုပ်မြင်လိုက်တယ်။

ကျုပ်လဲ ဆက်မနေရဲဘဲ စောစောကလို လာရာ လမ်းအတိုင်း ပြန်သုတ်ခြေတင်ရင်း ကိုယ့်အိမ်ကိုပြန် အိမ်ယာထဲ ဝင်အိပ်နေလိုက်တော့တယ်။ သေချာပါတယ် ကျောက်ခိုးက ဘယ်နည်းနဲ့မှ မလွတ်ပြေးနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ . . . ဦးရဲတင်ကြီးတို့ လင်မယား ကံကောင်းသွားတာ" မကြာပါဘူး . . . ကျုပ်လည်း မော်မောနဲ့ တခေါခေါနေအောင် အိပ်ပျော်သွားပါတော့တယ်။

***

ဆယ့်လေးငါးရက်လောက်ကြာသွားပြီ။

ဦးရဲခင်းကြီးတို့အိမ်မှာ အန္တရာယ်ကင်းဘုရား ကိုးဆူကပ်ရင်း အလှူအတန်းလုပ်မယ်တဲ့။ ရပ်ကွက်ထဲက လူတွေကို ဖိတ်တာတွေ့ရတယ်။

ကျုပ်ကိုလား . . . ဟား . . . ဟား . . . ဟား ဝေးပါဗျာ။

ကျုပ်ဖိတ်စာရလောက်တဲ့ အဆင့်အတန်းရှိတဲ့ကောင်မှ မဟုတ်တာ။ ဒီမြို့ဒီရပ်ကွက်ထဲမှာ နေခဲ့တာ ကြာလှပေါ့။ တခါမှ ဘယ်သူကမှ ဖိတ်မှတ်ရရမဖိတ်ကြပါဘူး။ အဲ . . . ဒါပေမယ့် သာရေး နာရေး အလှူ ဆွမ်းသွပ် ကျုပ်မရောက်တဲ့အိမ်ရယ်လို့မရှိဘူး။

စားချင်တာကိုးဗျ . . . သွားရမှာပေါ့။ ကိုယ့်ဖာသာမှ မလှူနိုင်တန်းနိုင်တော့ သူများတကာ အလှူအတန်းကိုပဲ ဒါနမြောက်အောင် ဝိရိယစိုက်ဖြည့်ပေးရတော့တာပေါ့၊ ဒါပေမယ့်ဗျာ ကျုပ်သိတတ်ပါတယ်၊ အစားတစ်လုပ်ကို အလကားတော့ မစားပါဘူး။

ထင်းသယ် မီးဖို၊ ရေနွေးကျို သန့်ရှင်းရေးကအစ အသုဘရုပ်အလယ် ရေချိုး . . . ပြင်ဆင် . . . သင်္ဂြိုဟ်ကာနီး ခေါင်းထမ်းတဲ့အထိ မြေရာကို အလိုက်သိသိလုပ်ပေးပါတယ်။ အိမ်ရှင်တွေကလည်း ကြည်ကြည်ဖြူဖြူလက်ခံပြီး အလှူ အတန်းနာရေးကာလအတွင်းမှာ ကျုပ်ကို မြင်ဆော့ လက်ဆော့မလုပ်ဖို့ မေတ္တာရပ်ခံ၊ ကျုပ်ပင်ပန်းတကြီး လုပ်ပေးခဲ့တဲ့ အတွက်လည်း မုန့်ဖိုးပဲဖိုး စေတနာတုန့်ပြန်တတ်ကြတယ်။

အခုလည်း ကျုပ်ဦးရဲတင်တို့အလှူကို သွားစားရဦးမယ်။ သူမ ဖိတ်ပေမဲ့ အလှူပဲဟာ။ အယုတ်အလတ် အမြတ်မရွေး လာသမျှ နှင်တော့ ထုတ်လောက်ပါဘူး . . . နောက်ပြီး ကျုပ်ကြောင့် အသက်ချမ်းသာခဲ့တဲ့ လူတွေကို ကျုပ်ကြည့်ပြီး ဝမ်းသာပီတိဖြစ်ချင်သေးတယ်၊ တကယ်ပါ။

***



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရေရွေးအိုး ကိုင်လိုက်၊ ထင်းမီးထည့်လိုက်နဲ့ အလုပ်ရှုပ်နေတုန်းမှာပဲ ဧည့်သည်တွေ စုံစုံလင်လင်ရောက်လာကြပြီး အဲဒီအခိုက်မှာပဲ ဦးရဲတင်ကြီးက ရုတ်တရက် ထပြီး စကားပြောတာမို့ ကျုပ်အပါအဝင် လူအားလုံးဟာ နားစွင့်လိုက်မိကြတယ်။

"ဧည့်သည် ပရိသတ်များခင်ဗျာ. . . ကျွန်တော်တို့ရဲ့ အလှူဒါနမှာ ကြွရောက်သုံးဆောင် ပါရမီဖြည့်ကြတာကို အထူးကျေးဇူးတင်ကြောင်း ပထမပြောပါရစေ။ နောက်. . . အရေးတကြီးပြောချင်တာတစ်ခု ကျန်ပါသေးတယ်"

"အားလုံးသိခဲ့ပြီးကြတဲ့အတိုင်းပါပဲ။ မကြာခင် ကာလက ကျွန်တော့်အိမ်ကို အနုကြမ်းစီး ခံခဲ့ရပါတယ်။ ဒါပေမယ့် ဘယ်သူက ကျွန်တော့်ကို ကယ်တင်ခဲ့တယ် ဆိုတာ လုံခြုံရေးအခြေအနေအရ စိတ်မချသေးလို့ မကြေငြာခဲ့ပါဘူး။ အခုတော့ အားလုံးအေးအေးဆေးဆေး ဖြစ်သွားပြီမို့ ကျွန်တော် ကြေငြာပါ့မယ်"

ကျုပ်မျက်လုံးအစုံက ဦးရဲတင်ကြီးရှိရာကို လှမ်းကြည့်လိုက်တယ်။ ပြီးတော့မှ ဦးရဲတင်ကြီးရဲ့ မျက်လုံးအစုံကျရောက်တဲ့သူကိုတစ်ဆင့် လှမ်းကြည့်လိုက်တယ်။

လား . . . လား အိမ်ဦးခန်းမှာ တည်ကြည်ခန့်ငြားစွာ တိုက်ပုံတကားကားနှင့် ထိုင်နေတဲ့ ဦးအောင်မောင်း။

ကျုပ်က ဦးအောင်မောင်းကို နှုတ်ဆက်တဲ့အနေနဲ့ ပြုံးပြလိုက်တယ်။ ဒါပေမယ့် ဦးအောင်မောင်းကတော့ ကျုပ်ကို ဖုတ်လေတဲ့ငပိရှိရောတဲ့ဟန်တောင် မထင်သလိုနဲ့ ဂရုတောင် မစိုက်ပဲချာကနဲ မျက်နှာလွှဲပစ်လိုက်တယ်။

ဦးရဲတင်ကြီးက ရွှင်ပျတဲ့လေနဲ့ဆက်ပြောတယ်။

"မိုးတွေ လေတွေကျတဲ့ ညဘက်ကြီး ကယ်မဲ့သူ မဲ့ကျွန်တော်တို့လင်မယားဒုက္ခရောက်နေတုန်းမှာ ယခု ကြွလာတဲ့ ဧည့်သည်ပရိသတ်ထဲကတစ်ဦးဖြစ်တဲ့ ဦးအောင်မောင်းဟာ ရဲကို အချိန်မီသတင်းပေးအကြောင်းကြားခဲ့တယ်ဆိုတာ သိခဲ့ရပါတယ်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း "

ပရိသတ်ရဲ့လက်ခုပ်သံကို ကျူပ်သတိမထားနိုင်ပဲ အနားက ထင်းမီးကိုသာ မီးဆွပြီး ပြောင်းနဲ့ မှုတ်ပေးနေမိတယ်။ ပြာမှုန့်တွေလွင့်စင် မီးခိုးတွေအူပြီး မီးကျီခဲတွေဟာ ကျူပ်ပါးစပ်က မှုတ်လိုက်တဲ့လေကြောင့် ရဲကနဲ

အဲဒီတော့ ကျွန်တော်ဦးအောင်မောင်းကို ဂုဏ်ပြု လက်ဆောင်ပေးအပ်လိုက်ချင်တာမို့ . . . ဦးအောင်မောင်း ခင်ဗျာ . . . ကျေးဇူးပြုပြီး ကြွရောက်လက်ခံပါရန် မေတ္တာရပ်ခံ အပ်ပါတယ် ခင်ဗျာ။

ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း လက်ခုပ်သံ တွေကြားမှာပဲ ဦးအောင်မောင်းက သူ့ရဲ့ ထောင်ထောင်မောင်းမောင်း ကိုယ်ခန္ဓာကြီးကို ဆင်ကြီးတစ်ကောင်လို တည်ငြိမ်အိခြေရှုစွာပဲ ထရပ်လိုက်ပြီး သွက်သွက်လက်လက် လျှောက်လာလိုက်တာ ဆပ်ကပ်ထဲက ဆင်ကြီး တန်ရေးပြလမ်းလျှောက်လာသလိုပါဘဲပြီးမှ ဂုဏ်ပြုလက်ဆောင်ပစ္စည်းကို လက်ခံယူတယ်။

ဦးရဲတင်ကြီးက ဦးအောင်မောင်းကို လက်ဆွဲ နှုတ်ဆက်ရင်း "ဦးအောင်မောင်းခင်ဗျာ၊ ကျွန်တော့်ရဲ့ နေအိမ် မီးပြတိုက်၊ အနုကြမ်းစီးခံရစဉ်က ဘယ်လိုဘယ်ပုံ စွန့်စား သတင်းပို့ပြီး ကယ်တင်ခဲ့ရတယ်ဆိုတာ ပရိသတ်များ သိရလေအောင် ရှင်းပြစေချင်ပါတယ်ခင်ဗျာ''

ဦးအောင်မောင်းက ပရိသတ်ဘက်အလှည့် ကျူပ်ကိုများ ကြည့်သေသလားလို့ ကျူပ်မျှော်လင့်အကဲခတ် လိုက်မိသေးတယ်။ ဒါပေမယ့် ယောင်လို့တောင်မှ လှည့်မကြည့်ပါဘူးဗျာ။

"အဟမ်း . . ကြွရောက်လာတဲ့ ညှိပရိသတ်များ ခင်ဗျာ ကျွန်တော်ဟာအခင်းဖြစ်ပွားတဲ့နေ့က ကိစ္စတခုနဲ့ တယ်လီဖုန်းဆက်စရာ ရှိလို့ လမ်းထိပ်က တယ်လီဖုန်းရှိတဲ့အိမ်ကို ရောက်ခဲ့ပါတယ်။ အဲဒီအပြန်မှာ အဲဒီအချိန်ကတော့ ဆယ့်နှစ်နာရီလောက်ပေါ့လေ။ ကျွန်တော်လမ်းပေါ်ကို ရောက်တော့''

ဦးအောင်မောင်းဟာ ကျူပ်ကို တစ်ချက်ယောင်ပြီး လှမ်းကြည့်တယ် . . . ဒါပေမယ့် ချက်ခြင်း မျက်နှာလွှဲပစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"လမ်းပေါ်ရောက်တော့ အမှတ်မထင် မျက်စိကစားလိုက်မိရာက ဦးရဲတင်ကြီးတို့အိမ်မှာ ရိုင်ခဲ့နဲ့ လှုပ်ရှားမှုတစ်ခုတွေ့လိုက်ရတယ်။ ကျွန်တော် တခဏ လောက် မှောင်ရိပ်ကနေကွယ်ပြီး ချောင်းကြည့်တယ်။ အိမ်ထဲက ခပ်အုပ်အုပ်စကားသံတွေ ရွေ့လျားနေသံတွေကို ကြားနေရတယ်ဗျ"

ဟုဟဲ ကျွန်တော်ကလည်း စုံထောက်ဉာဏ် ဝါသနာပါပြီး စုံထောက်ဇာတ်လမ်းတွေ မလွတ်တမ်းဖတ်တဲ့ သူဆိုတော့ အခြေအနေ အရပ်ရပ်ကို ဆက်စပ်ကြည့်ပြီး ဆားပုလင်းနှင်းမောင်လို စုံထောက်ကြီး ဦးစံရှားလို လုပ်လိုက်ရတာပဲ။

ကျွန်တော် ထွက်လာခါစက ဦးရဲတင်ကြီးတို့အိမ် မီးမှောင်ချ ထားတယ်။ လူကြီးတွေဆိုတော့ မိုးအေးအေးမှာ စောစောစီးစီး အိမ်တံခါးပိတ် အနားယူအိပ်နေကြတာနေမှာပေါ့။

အဲ ကျွန်တော်ဖုန်းဆက်ပြီး မိုးခိုနေရင်း အတော်ကြာသွားတယ် အပြန်ကျတော့ ဦးရဲတင်ကြီးအိမ် မီးလင်းနေတယ်။ အိမ်ကလည်း မသက်ာ စရာအသံတွေ မသဲမကွဲကြားနေရတယ်။ အိမ်ရှေ့ခြံဝန်း အမှောင်ထဲမှာ လည်း ရိုးတိုးရိပ်တိတ် လူရိပ်လူခြေတွေ တွေ့လိုက်ရတယ်။ အခြေအာ ရှင်းနေတာပဲ။ တစ်နဲ့တစ်ပေါင်း နှစ်ပေါ့ဗျာ။

ဒီတော့ ကျွန်တော်တယ်လီဖုန်းရှိရာကို ကမန်းကတန်း ပြန်လာ ရဲစခန်းကိုဖုန်းဆက်၊ ဒါတောင် စိတ်ချ လက်ချမနေနိုင်လို့ ကျွန်တော် ကိုယ်တိုင်ပဲ မှောင်ရိပ်ထဲကနေ လူဆိုးတွေကို အကဲခတ်စောင့်နေလိုက်သေး တယ်။

ကျုပ်ရင်ထဲက မီးကျီခဲတွေဟာ ဦးအောင်မောင်း မှုတ်လိုက်တဲ့ လေပြင်းကြောင့် ရဲခနဲရဲခနဲ တောက်နေကြပြီ။ ကျုပ်ကတော့ လက်ထဲက မီးပြောင်းကို အသာကိုင်ပြီး ထင်းမီးဖိုကိုမဲရင်း မှုတ်နေရတယ်။ ကျုပ်အော သက်သက်နဲ့ ဆက်နားထောင်နေတယ်။

'ရဲတွေ ရောက်လာတော့ ကျွန်တော်ကိုယ်တိုင် ဓါးပြတွေ ဝင်ဖမ်းချင်လို့ ခွင့်တောင်းပါသေးတယ် ဒါပေမယ့် ရဲတွေက ကျွန်တော်ရဲ့ စွန့်စားစိတ်ကို အသိအမှတ် ပြုပေမယ့် မလိုအပ်ပဲ မစွန့်စားစေချင်ဘူး တာဝန်အရ ခွင့်မပြုနိုင်ခဲ့လို့ ခြံပေါက်ဝကနေ ကျွံလာမယ့် လူဆိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ဖမ်းပေးဖို့ပဲ တာဝန်ပေးခံခဲ့ရပါတယ်။

'အဲဒီတုန်းက တကယ်လို့သာ လူဆိုးတွေအပြင် ကျွံထွက်လာရင်တော့ ဘာပြောကောင်းမလဲဗျာ၊ သူသေ ကိုယ်သေ အကြိတ်အနယ်ပွဲကြီးပွဲကောင်းပေါ့။ ခုတော့'

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း. . . ရွှီး. . . ရွှီး" ကျုပ် တစ်ယောက်တည်းရဲ့ လက်ခုပ်တီးသံ လက်ခေါက်မှုတ်သံတွေ ဆက်တိုက် ပေါ်ထွက်လာလို့ အားလုံးက အံ့အားသင့်ပြီး ကျုပ်ကို ငိုင်းကြည့်ကြတယ်။

"ဦးအောင်မောင်းကြီး သတ္တိကောင်းတယ်ဗျို့ ဆက်ပြောပါ. . . အားထောင်လို့ ကောင်းလွန်းလို့"

'လူတွေက ကျုပ်ရဲ့ ရူးသလိုလို ပေါသလိုလို ပြောင်ချော်ချော်ပြောလိုက်တဲ့ စကားကြောင့် ပြုံးစိစိနဲ့ ကျုပ်ကို ကြည့်နေကြတယ်။ အမှုတမ်းကျုပ်ကို ဖက်ပိုးအုပ် အနိုင်ကျင့်နေကျ ဦးအောင်မောင်းကတော့ ကျုပ်ကို မကျေမချမ်းဘုကြည့်ကြည့်ပြီး မျက်နှာရှစ်ခေါက်ချိုးနှင့် သူ့ပြောချင်တာတွေ ဆက်ပြောနေရဲ့။

ပြောပြီးပြီးနော်၊ မှတ်မိအောင်ထပ်ပြောပြအုံးမယ်။

ကျုပ်နာမည်ခွေးနီ၊ အလုပ်အကိုင်ကသူခိုး . . ရာထူးက အကိုယ်တော် ညဥ့်မင်းသား။

အင်း တစ်ကိုယ်တော် ညဥ့်မင်းသား သူခိုးကြီးဆိုလို့လည်း လန့်သွားကြပါနဲ့အုံး။ ရှက်ရှက်နဲ့ ဝန်ခံကြစတမ်းဆိုရင် ကျုပ်က ခပ်ညံ့ညံ့အဆေါ်စား သူခိုးတစ်ယောက်ပါ။

ပိုင်ရှင်တွေ အိပ်ယာဝင်ခါနီး သိမ်းဆည်းဖို့ရာ နမော်နမဲ့ မေ့ထားခဲ့တတ်တဲ့ (အိမ်ပြင်က) ရေဖလား၊ ဆပ်ပြာခွက်၊ အင်္ကျီ၊ ပုဆိုး၊ ထမိနှင့် ခြင်ထောင်းစတဲ့ အတိုအစလောက်သာ ခိုးတတ်တဲ့ အညာတရ သူခိုးခွေးနီပါ။

အဲ. . . ဒါပေမယ့် ဦးအောင်မောင်းလိုတော့. . .။

**နိုင်ကောင်း-ဥက္ကာမြေ**

မှခင်းစုံ၊ နိုဝင်ဘာ၊ ၁၉၉၅ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## အရွယ်ငယ်ရုပ်ချောချော
## အပြောကောင်းကောင်း

အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ထိုသုံးမျိုး
ပြုလုပ်မှားမိလျှင် တစ်သက်တာ ပြင်မရတော့ဟု ဆိုရိုးရှိကြသည်။

"ပန်ပန်" အတွက်မူ ဘုရားမတည်ဘူး၍ ပန်ပန်မသိပါ။ နှ
ပို့ဖြစ်သော မိန်းမသားပီပီ ဆေးမင်စုတ်ထိုးခြင်းနှင့် ဝေးကွာလှမ်းနေသ
ထိုကိစ္စကိုမူ လုံးဝဥဿုံပါ။ အိမ်ထောင်မှုကိစ္စကိုမူ ပန်ပန်သိနေသည်
ဆိုရမည်။ ဘယ်လိုပြောရမလဲ။ နားလည်ကျွမ်းကျင်အဆင့်တစ်လို့
ပြောရမလား။ ထမင်းစားရေသောက်လို့ပဲ ပြောရမလား။ အိမ်ထောင်
ကတော့ တစ်ခါပြုမိလျှင် ပြင်လို့မရဘူးဆိုတာကို ပန်ပန် လက်မခံ။

ကြည့်လေ . . . ။ ပန်ပန့်အသက် နှစ်ဆယ့်ငါးနှစ်ဝန်းကျင်
ပန်ပန်အိမ်ထောင်ပြုတာ ငါးဆက်မြောက်ပြီ။

ပထမအိမ်ထောင်က ပန်ပန်ကို လက်ထပ်သည်။ သူချစ်
ပြောရမလား။ ရသည်။ ကြိုက်လှချည့်ရဲ့၊ ချစ်လှချည့်ရဲ့ ညီမလေး
အစ်ကိုကြီး မယူရရင် အစ်ကိုကြီးဘဝပျက်ပါပြီဆိုတဲ့ ရှေးအစဉ်အ
စကားလုံးတွေနဲ့လေ။ အဲဒီတုန်းက ပန်ပန် တော်တော်ငယ်သေးသ
တရားရုံးက လက်ထပ်စာချုပ်မှာ လက်မခံမှာစိုး၍ ပန်ပန် အသ
ရသေးသည်။ အစ်ကိုကြီးကို ပန်ပန်လက်မထပ်၍ မဖြစ်ပါ။ ပန်ပန်
အတော့်ကို အခြေအနေဆိုးနေသည်။ တစ်ကွက်မှားသည်နှင့် ဘဝရုပ်
ဝတ္ထုတွေ အများကြီးထွက်သွားနိုင်သည်။ ရုပ်ရည် ချောမောပြီး ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ၏ ဇာတ်လမ်းရှည်ကြီးတွေထဲမှာ ပန်ပန်စီးမျောသွားနိုင်၏။ ပန်ပန် ဘဝပျက်မခံနိုင်ပါ။

ခပ်ကြွားကြွား ကြီးကြီးကျယ်ကျယ်ပြောတတ်သူတွေလို သိက္ခာကို ရိက္ခာနဲ့ မလဲနိုင်တာမျိုးတွေ ဘာတွေ လုပ်မနေနိုင်ပါ။ ကိုယ့်မှာရှိတဲ့ သိက္ခာကို သူ့မှာရှိတဲ့ ရိက္ခာနဲ့ လဲလိုက်ရုံပါဘဲ။

အစ်ကိုကြီးဆီက ပန်ပန်အတွက် လိုအပ်တာမှန်သမျှ အကုန် ရသည်။ ပန်ပန် တိုက်ခန်းနှင့်နေရသည်။ ကားစီးရသည်။ ဝတ်ချင်တာ ဝတ်၊ စားချင်တာစား ၊ ပြီးတော့ ပန်ပန်အဖြစ်ချင်ဆုံး ရည်မှန်းချက်အတွက် သင်းစများ။ ပန်ပန်လေ ပန်ပန်။ ဒီတစ်သက် ရုပ်ရှင်မင်းသမီး မဖြစ်ရလို့ များတော့။

အစ်ကိုကြီး၏ ငယ်ပေါင်းသူငယ်ချင်း ,ဒါရိုက်တာ'ကိုကျားကြီး' နှင့် ဆုံရသည်။ အမှန်က ဒါရိုက်တာ ကိုကျားကြီးဆီ ပန်ပန် ပထမ ရောက်သွားဖို့ပါ။ ဒါပေမယ့် ကိုကျားကြီးအနားမှာ ရိက္ခာဆက် သမင်ပျိုနတွေ ဝိုင်းလည်နေတော့ ပန်ပန် မကပ်နိုင်ခဲ့ပါ။ အဲဒီအချိန်က ပန်ပန်အဆင့်မှာ အဒေါ်အိမ်မှာ ချို့ချို့ငဲ့ငဲ့ ကပ်နေရသောဘဝ။ အဒေါ်ယောက်ျား ဦးလေး စစ်သော ဦးလေး၏ ဆက်သွယ်ပေးမှုကြောင့် ပန်ပန် ဝတ်နိုင်စားနိုင် အဆင့် ရောက်လာပေမယ့် အနေအထားက ကိုကျားကြီးလက်ခံနိုင်သော ပန်းဝန်းကျင် အနေအထားမျိုး မဟုတ်၍ ပန်ပန် ကိုကျားကြီးဆီ ရောက် သွားပါ။ ပန်ပန်လို မိန်းမမှာ ကိုကျားကြီးလို အနုပညာအရေခြုံ သိက္ခာပျက် ရောသမားကြီး ရှေ့တော်မှောက် တန်းဝင်သွား၍ မဖြစ်ပါ။ ရေစုန်မျော သော့မည့် ပန်ပန်ဘဝမှာ နွားသိုးကြိုးပြတ် အစ်ကိုကြီးနဲ့တွေ့သည်။ အစ်ကို ကြီးက ပန်ပန့် ဖေဖေထက်တောင် အသက်ကြီးချင်သေးသည်။ ဒါပေမယ့် ချစ်ကြတော့ သိပ်ကို သိပ်ကို နုပျိုလွန်းပါသည်။ သိပ်ကို သိပ်ကို ချစ် တတ်လွန်းပါသည်။ ပန်ပန်နှင့်မှ အတူမနေရလျှင် သူ့ဘဝကြီး ငရဲမီးထဲ ကျဝင်သွားတော့မည့် တကယ့်ထွန့်ထွန့်လူးမှ ထွန့်ထွန့်လူး။

အိုလေ. . . . ပန်ပန် သိပ်ကြိုက်ပေါ့။

အစ်ကိုကြီးကို လက်ထပ်ပြီး အတူနေကြတော့ အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တွေ ပန်ပန် ကြိုတင်တွေးထားတဲ့အတိုင်း ပြလာသည်။ ဟိုမသွားရ ဒီမသွားရ၊ ဟိုလူနဲ့ စကားမပြောရ၊ ပန်ပန့်ကို သိပ်ချစ်တော့ အစ်ကိုကြီးက သိပ်သဝန်တိုမိတာပေါ့။ ရတယ်လေ။ ပန်ပန် . . ပဲဟာ။ မျက်ရည် ကလေးနှင့် အများကြီးအများကြီး ခံစားရသလို။ နေပြလိုက်။ ရှေ့တွင်မှာ မျက်ရည်နှင့် နေပြပြီး နောက်ကွယ်မှာ . .

ပန်ပန်တွက်ထားတဲ့ အတိုင်းပါဘဲ။ အစ်ကိုကြီးရဲ့ . . . မယားကြီး ပန်ပန်ထံ ရောက်လာသည်။ သက်ာရှင်းသည်။ ပန်ပန်က ရိုးရိုးလေးပဲ ပြန်ပြောသည်။

"မမရယ် . . . ပန်ပန် အစ်ကိုကြီးကို ယူတာမဟုတ်ပါဘူး။ အစ်ကိုကြီးကသာ ပန်ပန့်ကို ယူထားတာပါ။ ပန်ပန်လေ အစ်ကိုကြီးကို ကြောက်ရတယ် . . မမရယ် . . "

ပန်ပန် မျက်ရည်နှင့် ရှင်းတော့ အစ်ကိုကြီးရဲ့ မယေသီကြီးလေ ပန်ပန့်ကို ဘဝတူ သနားစရာအဖြစ် ဖက်ပြီး ငိုတော့တာပေါ့။ ပန်ပန့်ကို သနားစရာ မိန်းကလေးအဖြစ် မြင်သွားရုံကလွဲပြီး ရန်သူလို့တောင် အမှတ်ထားသွားပုံ မရတော့ပါဘူး။ ဒါပေမယ့် အဲဒီပွဲက စပြီး ပန်ပန် အစ်ကိုကြီး အပေါ်မှာ အနိုင်ရလိုက်ပြီဆိုတာ နားလည်လိုက်သည်။

ဒီအရွယ် အမြီးမပေါက်လျှင် ဘာမျှော်လဲ ဆိုတာလို အစ်ကိုကြီး ကို စတွေ့ကတည်းက လူပျိုကြီး ကိုကို့ကို တမင်မသိချင်ယောင်ဆောင် ၍ နေပြခဲ့သော ပန်ပန်။ ခုတော့ အစ်ကိုကြီးရဲ့ ပန်ပန့်အမေအရွယ် မယားကြီး မမအကြောင်းကို ပြောပြပြီး စိတ်ကောက်၊ စိတ်ဆိုး၊ အနိုင်ယူ ကဲ့ . . . ဘယ်လောက် ပျော်စရာ ကောင်းသလဲ၊

နွားအို မြက်နုကြိုက် အစ်ကိုကြီး ပန်ပန့်ကို လူပျိုကြီးဆိုပြီး လိမ်ယူခဲ့တယ် ဆိုတဲ့ စွဲချက်ကလေးကလည်း အင်မတန်ထိရောက်သည်။ အစ်ကိုကြီး ပန်ပန့်ကို အလျော့ပေးလာရသည်။ ပန်ပန်လုပ်ချင်တာ တတ်နိုင်သမျှ လိုက်လျောခဲ့ရသည်။ နောက်ဆုံး မြေမြေခြင်း ခြေမြင်နေ အစ်ကိုကြီးက သူငယ်ချင်း ဒါရိုက်တာ ကိုကျားကြီးထံ ပန်ပန့်ဆန္ဒအ ပန်ပန့်ကို မလွှဲသာဘဲ ပေးပို့ ဆက်သွယ်သမျှ ပြုခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန် ရုပ်ရှင်မင်းသမီးသိပ်ဖြစ်ချင်သည်။ အနုပညာပိုးထက် ထင်ပေါ်ကျော်ကြားချင်သည့်ပိုးက ရာခိုင်နှုန်းရစ်ဆယ်ပါသည်။ စုတ်ပြတ်ကျဲလိုနေသော ပန်ပန်ကို ကိုကျားကြီးက ယခင်က စိတ်ကူးမျှပင် မရှိသော်လည်း ဝင်းဝါဆူဖြိုးနေသော ပန်ပန့်ကိုမူ ကိုကျားကြီးသည် မထွေးအသားခါးလှတယ် ပင်လယ်ရေနှင့် ဆေးပါ့မယ်ဆိုတဲ့ ရွှေစွန်ညိုကြီးတစ်ကောင် ဖြစ်ကြောင်း ပြခဲ့လေပြီ။

ရုပ်ရှင်မင်းသမီး ဖြစ်ချင်သော ပန်ပန့်ကို ဒါရိုက်တာ ကိုကျားကြီးက လက်သပ်မွေးသည်။ ရင်နာစွာ ပို့ပေးခဲ့သူက ပန်ပန်၏တရားဝင်ပထမဆုံး လက်ထပ်ယောကျ်ား အသည်းကွဲ အစ်ကိုကြီးပဲပေါ့။

ဒါပေမယ့် ပန်ပန်မသိလိုက်တာတစ်ခုရှိတယ်၊ အစ်ကိုကြီးဘဝတွင် ပန်ပန်သည် ထမင်းစားရေသောက်တစ်ယောက် ဖြစ်ခဲ့ရသည့်အကြောင်းပင်။ အစ်ကိုကြီးက ပန်ပန်ရှေ့မှာ အသည်းကွဲ အစ်ကိုကြီးပေါ့။ ပန်ပန့်ကွယ်ရာတွင် အသစ်ကလေးတစ်ယောက်နှင့် ဇာတ်လမ်းအသစ် တစ်ခုကို ထပ်မံဆင်တီးထားနှင့်လေပြီ။

တယ်လိုပဲဖြစ်ဖြစ် ပန်ပန် ဒါရိုက်တာ ကိုကျားကြီးလက်ထဲမှာ နေရာယူတတ်၍ အရံမင်းသမီးတစ်လက် ဖြစ်ခဲ့သည်။ ဒါရိုက်တာ ကိုကျားကြီးအတွက်လည်း ဘဝအရံမင်းသမီးများစွာထဲက အရံမင်းသမီးလေး ဖြစ်သွားသည်။

အစ်ကိုကြီးသည် ပန်ပန်နှင့် လက်ထပ်ထားပေမယ့် သူ၏တရားဝင်ယောကျ်ားဖြစ်ကြောင်းကို လူသိရှင်ကြား မကျော်တိုင်တက်ပြခြင်း မရှိခဲ့ပါ။ သူ၏အသစ်ကလေးတစ်ယောက်နှင့် ပျော်မွေ့ဖွယ် ဇာတ်လမ်းတစ်ခုမှာ ဆူးတစ်ဆူးအဖြစ်မခံခဲ့ပါ။

ပန်ပန်ကလည်း ထိုနည်းမခြားခဲ့ပါ။ ပိန်းကြာရွက်ပေါ် တင်လာသော ရေပေါက်ရေစက်တို့ လျှောကျသက်ဆင်းသွားသလိုပါတည်း။

***

အဲသည်နောက်

ပန်ပန်လက်ထပ်သည်။ ဒီတစ်ခါတော့ ပန်ပန့်နောက်မှာ ရုပ်ရှင်မင်း



www.burmeseclassic.com

www.burmeseclassic.com



သမီးပေါက်စလေးဟူသော အရှိန်ကလေး ကပ်ပါလာသည်။ ဖျော်ဖြေပွဲ ဘစ်ခုမှာ မြန်မာစကားကိုမှ ရည်ရည်လည်လည် မပြောနိုင်သော

လောပန်တစ်ယောက်နှင့် ဆုံခဲ့ပြီး လက်ထပ်ဖြစ်ခဲ့သည်။

လောပန်က ပန်ပန်ကို ရုပ်ရှင်ရိုက်တာ ဘဝင်မကျ။

ရုပ်ရှင်လောကမှာနေရင်း ပန်ပန်နှင့် သူတို့ ဆုံဆည်းမိသလို အခြားတစ်ယောက်ယောက်နှင့် ဆုံမှာ စိုးရိမ်သည်။

လောပန်က သူနှင့်အတူ အေးချမ်းစွာ နေထိုင်စေချင်သည်။ ချည်ရွှယ်ချက် အခြေခံခြင်း မတူညီကြတော့ လောပန်နှင့် ပန်ပန်တို့ အိမ်ထောင်သက် မရှည်လိုက်။ လင်မယား ကွဲကြသည်။ ပန်ပန်တစ်ယောက် လောပန်ထံမှ ငွေကြေးများ နင့်နေအောင်ရလိုက်သည်။

မိန်းမသားဆိုတာကို ဆူးနှင့်ဖက်ခိုင်းနှိုင်းစကားအရ ဆူးပေါ်ဖက်ကျ ဆူးကျလည်း ဖက်ပဲပေါက်တတ်သည်ဟု ဆိုထားကြသည်။

လင်နှင့်မယား ကွဲကြကွာကြပြီဆိုလျှင် များသောအားဖြင့် မိန်းမ သားတို့ဘက်က နစ်နာလေ့ရှိတတ်သည်။ ဘဝပျက်လျှင်လည်း ပျက်တတ် သည်။ စီးပွားလျှင်လည်း ပျက်တတ်သည်။

ပန်ပန်ကျတော့ ဘဝလည်းမပျက်၊ စီးပွားလည်းမပျက်၊ စီးပွားပင် တက်လိုက်သေးသည်။

***

ပန်ပန်၏ တတိယအိမ်ထောင်မှာ လုပ်ငန်းရှင် အဘိုးအိုကြီး တစ်ယောက်။

ပန်ပန်က ထိုအဘိုးကြီး အကြောင်းကို လက်မထပ်ခင်ကတည်းက အတန်တန်တွက်ချက်သည်။ အဘိုးကြီးက မုဆိုးဖို၊ ငွေကြေး သုံးစားမကုန် နိုင်အောင်ချမ်းသာသည်။ သားတွေ သမီးတွေက နိုင်ငံခြားမှာ အနေဝေး နေသည်။ အဘိုးကြီးဝန်းကျင်မှာ ဆွေရင်းမျိုးခြာမရှိ။ ထို့ထက်ပို၍ ပန်ပန် မျက်စိကျနေခြင်းမှာ အဘိုးကြီး၏ လုပ်ငန်းပွား တစ်ခုဖြစ်သော၊ အောင်မြင် နေသည့် ရုပ်ရှင်ကုမ္ပဏီ လုပ်ငန်းကြီးတစ်ခုဖြစ်၏။

ဗွီဒီယိုကားလေးတွေလည်း ခေတ်ထလာပြီ။ ပန်ပန် သည်

www.burmeseclassic.com



တစ်ကြောမှာ အောင်မြင်ကျော်ကြားသော မင်းသမီးမှဖြစ်မလာလျှင် ဒီတစ်သက် မဖြစ်တော့ပြီ။

ပန်ပန် လူ့လောကကြီးအတွင်းသို့ ရောက်ရှိလာခဲ့ခြင်းမှာ အောင်မြင်သော ဗွီဒီယို၊ ရုပ်ရှင်မင်းသမီးဖြစ်လာဖို့ ရောက်ရှိခဲ့ခြင်းပဲ မဟုတ်လား။ သူ့အတွက် ဘုရားသခင်က ချောမောလှပမှုတွေနှင့်အတိ ပြီးစေကာ လူ့ပြည်သို့ စေလွှတ်တော်မူသည်။

သို့သော် ဆင်းရဲသော မိန်းကလေးများ ရုပ်ရည်ချောမော လှပထွန်းလျှင် လောကတွင် အန္တရာယ်ရှိသည်။ နောက်နောင် တပည့်တော်မ ဆင်းရဲသော အမိအဖထံတွင် မိန်းကလေးအဖြစ် မွေးဖွားရမည်ဆိုလျှင် အရုပ်ဆိုးပါစေ၊ အကျည်းတန်ရုပ်ရည်ကိုသာ ပိုင်ဆိုင်ရပါလို၏။ အရှင်ဘုရား။

အန်ကယ်ကြီးက ဒါရိုက်တာတွေကို ကုမ္ပဏီအရှိန်ဖြင့် ဩဇာညောင်းသည်။

သည့်တစ်ကြိမ် အိမ်ထောင်အပြုမှာ အောင်မြင်ကျော်ကြားသည့် မင်းသမီးတစ်ယောက် ပန်ပန် ဖြစ်ကိုဖြစ်ရမည်။

ပန်ပန် အန်ကယ်ကြီးနှင့် အိမ်ထောင်ပြုပြီးနောက် ဗီဒီယိုကားများ ဆက်တိုက်ရိုက်ရန် စီစဉ်သည်။ တစ်လတည်းမှာ သုံးကားပြီးအောင် ပန်ပန်ကြိုးစားသည်။

ဗီဒီယိုကားလေးများကို အသံသွင်းကူးဆက်လုပ်ငန်းများ လုပ်နေစဉ် ပန်ပန် ရုပ်ရှင်ကားကြီး ရိုက်ဖြစ်အောင် ကြိုးပမ်းလျက်ရှိပြီ။ မင်းသားကလေးမှာ ပန်ပန်ထက် ငါးနှစ်ခန့်ငယ်ရွယ်သော ဆယ်ကျော်သက်ရွယ် မင်းသားကလေး သူလည်း သူ့အတိုင်းအတာဖြင့် သူအောင်မြင်နေသူဖြစ်၏။ ပရိသတ်လက်ခံ၍ မင်းသားကလေး၏ ကားများ 'ပေါက်'နေသည်။ ထိုမင်းသားကလေးနှင့် ကားရိုက်နေရသည်ကို ပန်ပန်ပျော်နေသည်။

ပန်ပန်ပျော်နေစဉ် အန်ကယ်ကြီး ရုတ်တရက် သေဆုံးသွား၏။

ပန်ပန်အတွက် အရှုပ်အထွေးတွေ ဝင်လာသည်။

လက်ထပ်စာချုပ်က ချုပ်ထားသည်။ လူသိရှင်ကြား မငြိ[illegible]သော ဘဝမှာ အရှုပ်အထွေးပေါ် သပွတ်အူရောနှောသည်။ နိုင်ငံရပ်ခြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှိနေကြသော သားတွေသမီးတွေ ရောက်လာသည်။ ပြည်တွင်းမှ ရှိနိုင်ကြသော ဆွေတော်အပေါင်း မျိုးတော် တစ်သောင်းတို့က ပေါ်လာသည်။ အဘိုးကြီး၏ သားသမီးတွေက တစ်မျှောင့်၊ ဆွေမျိုးတွေက တစ်ထောင့် ဖြစ်လာသည်။

သည်မှာ ပန်ပန်အတွက် စတုတ္ထခြောက်ယောက်ျားရစရာ အကြ က ဖန်တီးလာခဲ့ပေပြီ။ အမှု အနိုင်ရရှိရေးအတွက် ရှေ့နေကောင်းကောင်း တစ်ယောက်လိုအပ်သည်။

ဥပဒေကို ထုံးလိုချေ၊ ရေလိုနှောက်နိုင်သော စွမ်းပကားရှိသည့် ဥပဒေကျွမ်းသူ ဖြစ်ရမည်။

ပန်ပန်သည် သွားလေသူ လင်ကြီးထံမှ ထားရစ်ခဲ့သော အမွေ လိုက်ရင်း အမွေမှုအတွက် လိုက်ပေးသော ရှေ့နေနှင့် ငြိသွားခဲ့လေသည်။

ထိုရှေ့နေနှင့် ပန်ပန်ကြာကြာမခံပါ။

ရှေ့နေက တော်သည်၊ တတ်သည်။ ပန်ပန်ဘက်ကလည်း အကြောင်းအချက် ပြည့်စုံနိုင်လုံသည်။ တစ်ဖက်ကလည်း ငွေကြေး အရှိန်အဝါမည်သို့ သုံးသုံး၊ ပန်ပန်တို့ နှစ်နှင့်ချီ၍ ရေဆုံးရေဖျားအထိ ရင်ဆိုင်လိုက်သောအခါ အမှုနိုင်သည်။ အဘိုးကြီးထားခဲ့သော ငွေကြေး စည်းစိမ် အမြောက်အမြား ပန်ပန်ရလိုက်သည်။

သည်မှာ ရှေ့နေ၏ ချွက်ကျော့ရိုက်ချက်တွေနှင့် ပန်ဝန်ဆက်ယာ ရင်ဆိုင်ရသည်။ အမှုသက် ရှည်ကြာလာသည်နှင့်အမျှ တစ်ပူးတွဲတွဲ သော ပန်ပန်နှင့် ရှေ့နေကြီးတို့ ငြိလာကြသည်မှာ မှန်၏။ ရှေ့နေ ပန်ပန်ထက် အသက်ကြီးလှမှ ဆယ်နှစ်မျှသာ။ ပန်ပန်တွေ့ခဲ့လေသမျှ အ ကြီးတွေ၊ အန်ကယ်ကြီးတွေကြားမှာ ရှေ့နေသည် ပန်ပန်ရဲ့ 'အစ်ကိုဓ အရွယ်ပေါ့။

ရှေ့နေက ပါးစပ်မြန်သလို ခြေမြန်လက်မြန်ရှိသည်။ လွှဲချက်ပေးရာတွင် ထောင့်စေ့သလို ဘဝကျားကွက် ကစားရာမှာ လျှပ်ပျက်သလို မြန်ဆန်သည်။ အမှုရင်ဆိုင်နေစဉ်တစ်လျှောက် ပန်ပန် အဝင်အထွက်ပြုရင်း အခွင့်သာခိုက် ပန်ပန်နှင့်အတူ နေပိုက်သ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေသည့် သူ၏လက်ရှိအိမ်ထောင်ကိုပင် ကွာလိုက်သေးသည်။ ပန်ပန် ဓာ တားသည်။ ဆေးကုရ၍ မမှီတော့။

အမှုပြီးဆုံးသွားသည့်နောက် ပန်ပန့်အိမ်က မပြန်တော့။ ထာဝရ လက်တွဲဖို့ မဖြစ်မှန်း ပန်ပန်အမျိုးမျိုးနားချသည်။

ပန်ပန်ကြောက်သွားရခြင်းမှာ ရှေ့နေသည် ပန်ပန်နှင့်အတူနေရာမှ တရားဝင်လင်မယားအဖြစ် လက်ထပ်စာချုပ်မှာ အလောသုံးဆယ် လက်မှတ် ထိုးခိုင်းနေခြင်းပင်။ သူက ဥပဒေကျွမ်းကျင်သူမို့ ပန်ပန်သံသယတွေ ဝင်လာ သည်။ ရှေ့နေကို မယုံရဲတော့။ အကြောက်ကြီးလည်း ကြောက်လာသည်။

ပန်ပန်ရရှိထားသည့် ငွေကြေးစည်းစိမ် ဥစ္စာ အရှိန်အဝါတို့အတွက် ပန်ပန်လက်ဦးမှ ရယူတော့မှ ဖြစ်မည်ကို နားလည်လိုက်သည်။

သို့နှင့် ပန်ပန်သည် ရှေ့နေကို နည်းပရိယာယ်သုံး၍ ခွာထုတ် သည်။

လင်မယားအဖြစ် အတူနေမိပါလျှက် စတုတ္ထအိမ်ထောင်သည် လက်ထပ်စာချုပ်မှာ လက်မှတ်မထိုးရပဲ ကွဲခဲ့ရပါ၏။

အိမ်ထောင်ဘက်ရှာလျှင် ကိုယ်ချစ်မရှာနှင့် သူချစ်ကိုရှာဟု ပြောရိုး ထုံးရှိခဲ့စေကာမူ သူချစ်ဖြင့် လေးကြိမ်မြောက်အိမ်ထောင်ကျပြီးသော ပန်ပန် သည ပဉ္စမမြောက် အိမ်ထောင်ကိုမူ ပြောင်းပြန်အဖြစ် ကိုယ်ချစ်ရှာပြီး ပြုခဲ့၏။

ပန်ပန်၏ ပဉ္စမမြောက်အိမ်ထောင်မှာ ပန်ပန်နှင့် ရုပ်ရှင်ကားကြီး ရိုက်လက်စဖြစ်သော မင်းသားလေးနှင့် ပန်ပန်တို့အမှုအပြီး ကားဆက်ရိုက်ကြ ရာမှ သံယောဇဉ်တံတား ခင်းမိခဲ့ကြခြင်း ဖြစ်၏။

မင်းသားလေးမှာ ပန်ပန်နှင့် ငါးနှစ်ခန့် ငယ်ရွယ်သည်။ ဒါပေမယ့် ထိုယ်ခန္ဓာအချိုးအဆစ်က ဖွံ့ဖြိုးထွားကျိုင်းသည်။ ရှေ့သွားနောက်လိုက် ညီသူပြောရမည်။

ပန်ပန် မင်းသားလေးကို တော်တော်ချစ်သည်။ ပန်ပန့်ဘဝတွင် ညီသူကိုမျှ မချစ်ဘူးသည့်အချစ်မျိုးဖြင့် မင်းသားကလေးကို ချစ်မိသည်။ မင်းသားကလေးလည်း ပန်ပန့်ကို ထိုအချစ်မျိုးဖြင့် ချစ်နိုင်လိမ့်မည်ဟု ခန့်ပန်ထင်သည်။ မင်းသားလေးသည် ရုပ်ရည်ချောမော အပြောကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမို့ မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်ခဲ့သည်။ သို့သော် မင်းသားလေး က အရှောင်အတိမ်းကောင်းသည့် လူပျိုဟူသော ဂုဏ်ပုဒ်ကို အထိပါးမခံခဲ့ ပန်ပန်လိုချင်သော အမျိုးအစားတွင် မင်းသားလေးမှာ အပြည့်ရှိသည်။

တော်ရုံတန်ရုံ အတွေ့မရှောင်နိုင်သော မင်းသမီးလေးများ။ မင်းသား လေးနှင့် ကားရိုက်မိလျှင် ငြိသွားတတ်ကြသည်။ ထိုနေရာမျိုးတွင် မင်းသားလေး နာမည်ထွက်နေခြင်းက သိသာလှ၏။

ပန်ပန့်ကိုကြည့်လေ။

ဘယ်လိုပင် ပန်ပန်မှာ အတွေ့အကြုံတွေ ရှိခဲ့စေကာမူ မင်းသား လေးနှင့်ကျကာမှ အရှုံးအမှူးအဖြစ်သည်း ခံခဲ့ရသည်။ မိခင်ဆုံးပါးခဲ့ပြီး ဖခင်က နိုင်ငံခြားရောက်နေသဖြင့် မင်္ဂလာဆောင်ကို ပန်ပန်တို့ဆွေမျိုးအနည်းငယ် လက်ရွေးစင် အပေါင်းအသင်းအချို့ဖြင့် အကျဉ်းရုံးခဲ့ရပါသည်။ ဒါကိုပင် ပန်ပန်က ပိုကျေနပ်နေမိသည်။

လူများလျှင် စကားရှုပ်တတ်သည်လေ။

သည်တစ်ခါ ပန်ပန်မင်းသားလေးနှင့် လက်ထပ်ဖြစ်ခဲ့သည်မှာ ငွေကြေးမဟုတ်။ စည်းစိမ်ဥစ္စာမဟုတ်၊ အောင်မြင်ကျော်ကြားလို့မှ အရှိန်အဝါ မဟုတ်။ အချစ် . . . အချစ်ကြောင့်ပဲ ဖြစ်၏။

ထိုအချစ်ကို ဦးစားပေးပြီး ပန်ပန်မင်းသားကလေးကို လက်ထပ် ခဲ့ပါ၏။ မင်းသားလေးနှင့် ပန်ပန်တို့ ဘဝကုသိုလ်ကံ လမ်းကြောင်းကောင်းခဲ့ သည်။ ကံစပ်သည်ဟုဆိုလျှင်လည်း ဖြစ်နိုင်သည်။

မင်းသားလေးကော ပန်ပန်တို့ပါ နာမည်တက်လာသည်။ သူတို့ ပါဝင်သည့်ကားတွေ ဆက်တိုက်အောင်မြင်လာသည်။

ကားရိုက်တွေများလာသည်။ ကုမ္ပဏီတွေက အလုအယက်ငှား ကြ၍ လက်မလည်အောင် ကားရိုက်ရက်တွေ ကျပ်လာသည်။ နှစ်ယောက် အခဲ့ကားဆိုလျှင် တော်ပါရဲ့။ တစ်ယောက် တစ်ကားဆီဆိုလျှင် ဖြစ်ကြတော့။ အိမ်မှာ မျက်နှာချင်းဆိုင်ရသည့် ရက်တွေ ရှားပါးခဲ့၏။

သည်မှာ တစ်ယောက်နှင့်တစ်ယောက် မည်သူက အချစ်ပိုကြီး ကြောင်း သိသာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ပန်မင်းသားလေးကို လွမ်းသည်။

မင်းသားလေးကလည်း ပန်ပန့်ကို လွမ်းသည်။

မင်းသားလေးနှင့် ပန်ပန် ရှားရှားပါးပါးပြန်ဆုံရသည်။ တစ်ရက်ရက်၌ သူအတိုးချ၍ အဖြစ်သည်းကြသည်။

ပန်ပန်ထင်ပါသည်။ ယုံလည်း မယုံကြည်ပါ။ မင်းသားလေးနှင့် ပန်ပန်တို့ အိမ်ထောင်ရေးတစ်သက်တာ ဘယ်သောအခါမှ မပြိုကွဲနိုင်တော့ ဘူလို့လေ။

ဒါပေမယ့် ပန်ပန် မင်းသားလေးနှင့်လည်း ကွဲခဲ့ရပြန်သည်။

သည်တစ်ခါအကွဲမှာ ပန်ပန်တစ်ယောက် နောက်ထပ်အိမ်ထောင် ပြုဖို့ ထပ်၍ ကွဲခဲ့ခြင်း မဟုတ်ပါ။

ပန်ပန် အိမ်ထောင်ရေးကို စိတ်ကုန်သွားပြီ အလန့်ကြီးလန့် ထန့်ဖြန့်သွားသည်။

မြန်မာ့ရိုးရာ ထုံးတမ်းဓလေ့ စကားရပ်ဖြစ်သော အိမ်ထောင်မှု ဆိုရာတည် ဆေးမင်ရည်စုတ်ထိုး စကားရပ်၌ ဘုရားမတည်ဘူးသော ဆေးမင်ရည် စုတ်မထိုးဘူးသော ပန်ပန် အဲ့သည်နည်းတို့ကို မသိပေမဲ့ အိမ်ထောင်မှု ပြုဖူး၍ အိမ်ထောင်ပြုမှားလျှင် တစ်သက်လုံး ပြင်မရသည့် အဖြစ်ကို ကိုယ်တိုင်သိရှိခွင့် ရလိုက်ချေပြီ။

ပန်ပန် မင်းသားလေးကို ချစ်သည်။ အသက်နှင့်လဲ၍ပင် ချစ်လိုက် ချင်သည်။

ပန်ပန်ကားရိုက်နားခိုက် မင်းသားလေးနယ်ကို ကားထွက်ရိုက်နေ ချိန်၊ ပန်ပန် အိပ်ခန်းထဲမှာ တစ်ကိုယ်တည်း မင်းသားလေးကို လွမ်းနေခိုက်၊ အမ်းတနေခိုက်၊ တယ်လီဖုန်းမြည်လာ၍ မင်းသားလေးများ နယ်က ဆက်လေသလားဟု ဝမ်းသာစိတ်ဖြင့် ကောက်ယူနားထောင်မိသည်။

"ပန်ပန် အစ်ကိုကြီးကို မှတ်မိတယ်နော်"

တယ်လီဖုန်းထဲကို မိုးကြိုး ကုဋေရှစ်ဆယ်ထည့်ထားသလို ပန်ပန် ဒိုးလိုက်ရသည်။

အသံက ပထမဆုံး ပန်ပန်အိမ်ထောင်အစ်ကိုကြီး၏ အသံ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ ဝေးကွာခဲ့ပေမယ့် ပန်ပန်မှတ်မိနေပါတယ်။ သိပ်ကို မှတ်မိနေပါတယ်။ ဒါပေမယ့် မလိုအပ်တော့ဘူးလေ။

"ရှင်. . . . ရှင် ဘယ်ကိုဆက်တာလဲ"

"အိုး. . . . ပန်ပန်မှ ပန်ပန်အစစ်ပါဘဲ။ ပန်ပန်. . . . မင်း အစ်ကိုကြီးအသံကို ကြားတော့ ပန်ပန်မဟုတ်ဘူးလို့ လိမ်ပြောမလို့ မဟုတ်လား။ မင်းရဲ့ အသံ မင်းရဲ့ ရုပ်ရည် ခုထိမပြောင်းလဲသေးဘူး ဆိုတာ အစ်ကိုကြီး နိုင်ငံခြားက ပြန်ရောက်လို့ မင်းကားတွေ ကြည့်ပြီး သိနေပါတယ်"

"ဒီ. . . ဒီမှာ အစ်ကိုကြီး။ အစ်ကိုကြီးခုမှ ပန်ပန့်ဆီကို ဘာလို့ အဆက်အသွယ်လုပ်တာလဲ၊ ပန်ပန်ချမ်းသာနေပြီ၊ ပန်ပန့်ဘဝ အပြည့်အစုံ ကြီး ပြည့်စုံနေပြီ၊ ငွေရေးကြေးရေး အကူအညီလိုရင် ပန်ပန်က အစ်ကိုကြီးကို ပြန်ပြီး အကူအညီပေးလို့ရတယ့် အခြေအနေ. . . "

"ဘာတွေ လျှောက်ပြောနေတာလဲ ပန်ပန်၊ အစ်ကိုကြီးဆီမှာ မင်းနဲ့ လက်ထပ်ခဲ့တဲ့စာချုပ် ကျန်နေသေးတာကို မင်း သတိရပါတယ်နော်"

"အို. . . ရှင်. . . ရှင် အဲဒီအတွက် ယုတ်မာမလို့ပေါ့လေ"

"မဟုတ်ဘူး ပန်ပန် မဟုတ်ဘူး။ အစ်ကိုကြီးမှာ အဲဒီစိတ်သဘော ထားမျိုးရှိရင် ဒီလက်ထပ်စာချုပ်နဲ့ ပန်ပန်ကို ဒုက္ခပေးမှာပေါ့"

"ဒါဖြင့်. . "

"ခေါင်းအေးအေးနဲ့ နားထောင်ပါ ပန်ပန်၊ အစ်ကိုကြီး ပန်ပန့်ကို ထပ်မံရယူဖို့လည်း မကြိုးစားချင်ဘူး ပန်ပန်၊ ကြိုးစားလို့လည်း မဖြစ်နိုင်တဲ့ အခြေအနေပါ ပန်ပန်၊ ဘာဖြစ်လို့လဲ သိလား ပန်ပန်၊ ခု. . . ပန်ပန်နဲ့ လက်ထပ်ထားတဲ့ မင်းသားလေးဟာ. . . အစ်ကိုကြီးရဲ့ သား. . . အစ်ကိုကြီးရဲ့ သားကွဲ။ အစ်ကိုကြီး ရန်ကုန်ကို ပြန်ရောက်မှ ဒီကိစ္စတွေ သိလိုက်ရတယ်. . . ပန်ပန်ရယ်။ အချိန်တွေ လွန်သွားပြီ၊ ပန်ပန်နဲ့ အစ်ကိုကြီးတို့ လူဖြစ်ပါလျက် လူ့ဇာတ်ထုပ်တစ်ခုကို မကနိုင်ခဲ့ကြတာကို သိပ်ကြေကွဲစရာ ဝမ်းနည်းစရာ. . . "

ပန်ပန် ဘာကိုမျှ ဆက်လက်ကြားနိုင်စွမ်းအားမရှိတော့။

လက်ထဲမှ တယ်လီဖုန်းစကားပြောခွက် လွတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ငယ်ငယ် ရုပ်ချောချော အပြောကောင်းကောင်း ၀ ၁၁၃

ရင်မှာ ဆို့တက်လာသည်။ မခံမရပ်နိုင် စူးနှင့်နာကျင်ပြီး ခွေလဲကျသွားသည်။

အသက်ရှုပြင်းလာသည်။ ပြင်းသည်ထက် ပြင်းပြင်းလာသည်။ နှလုံးအစုံ တဒိုင်းဒိုင်း ခုန်သည်။ သွေးတွေ တဝုန်းဝုန်း ထောင်တိုးနေသည်။

အသက်ရှူ ပိုပြင်းလာသည်။ ပို၍ ပို၍ ပြင်းလာသည်။
ပြင်းသည်ထက် ပြင်းလာရာမှ ရုတ်တရက် ရပ်သွားသည်။
လုံးဝရပ်သွားပြီ။
လုံးဝ. . . လုံးဝ. . . ရပ်သွားပြီ။

ကျော်မင်းနိုင်

လှိုင်စွက်ဆန်းကြယ် အောက်တိုဘာလ၊ ၂၀၀၀ ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ရှင်မဲ့ လိပ်ပြာ

[ ၁ ]

မီး (၁၁)မီးတွင် ကိလေသာမီးသည် အလောင်မြိုက်ဆုံး အပူလောင်ဆုံး ဖြစ်သည်ဟု ဗုဒ္ဓက မိန့်ဆိုခဲ့သည်။ မှန်ပေသည်။ လောကတွင် လူသည် အသိဉာဏ် အထက်မြက်ဆုံး၊ အယဉ်ကျေးဆုံးဖြစ်သည်ဟု ဆိုသော်လည်း လူသည် ကိလေသာ ဆက်နွယ်သည့် 'အချစ်' နှင့် ပတ်သက်လာသည့်အခါတွင် အသိဉာဏ် မဲ့တတ်သည်မှာ ဓမ္မတာဖြစ်သည်။ အချစ်သည်သာ ထာဝရ၊ အချစ်သည်သာ အဓိကဟု မှတ်ယူကြသည်။ အချစ်အတွက်ဖြင့် အသက်ပင်သေသေဟု နိုင်မာစွာ ဆုံးဖြတ်ကြသည်။

အချစ်သည် ကမ္ဘာဦးအစကတည်းက ပေါ်ခဲ့စေကာမူ ယခုတိုင် လူသားတို့ နှလုံးသားတွင် ရိုးအီခြင်း မရှိသေး။ ချိုမြိန်ဆဲ။

ကြည့်။ ယခုလည်း ကျော်မင်းဟန်သည် အချစ်အတွက် မပြုသင့်သည်ကို ပြုခဲ့ပြီ။

ချစ်လို့ မိုက်သည် ဆိုမလား။

ရှိစေတော့လေ။

အရေးကြီးသည်က 'ဝေးဝေး' နှင့် မဝေးဖို့ပဲ။

[ ၂ ]

မည်သို့ဆိုစေ ကျော်မင်းဟန်သည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချပြီးသော်လည်း ဆုံးဖြတ်ချက်ကို တကယ်တမ်း အကောင်အထည်ဖော်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဆိုတော့ ရှုံ့သလိုလို၊ သွက်လက်ခြင်း နတ္ထိ။ လှုပ်ရှားမှုတိုင်း နှေးကွေးမှုက မင်းမူနေသည်။ သူ့ရင်တွင် တုန်ယင်နေ၏။ မျက်နှာတွင် ချွေးစေးတို့ စေးထန်းနေပြီ။

ကျော်မင်းဟန် လေပူကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။ ဆိုဖာ ကုလားထိုင်ပေါ်သို့ လေးကန်စွာ ထိုင်ချလိုက်သည်။ ရင်သည် လျှော့ လှုပ်နေ၏။ မျက်စိအစုံက စားပွဲပေါ်ရှိ ပုလင်းဆီသို့ ရောက်သွားသည်။ သေးကွေးသော ပင်နီဆီလင် ပုလင်းကလေး ပုလင်းထဲမှာ အဖြူရောင် အမှုန့်များ

"မင်း တစ်ခုတော့ သတိထား ကျော်မင်းဟန်၊ ဒါဟာ ဆေးဆိုပေ ယ့် ဆေးကို လိုတာထက် ပိုသောက်ရင်တော့ အန္တရာယ်ဖြစ်တာပဲ"

ဒေါက်တာမြင့်ကြည်ရဲ့ အမှာစကား။ ဒေါက်တာ မြင့်ကြည်က စေတနာကောင်းသည်။ စိုးရိမ်တတ်သည်။ ဒါကြောင့်လည်း ကျော်မင်းဟန် အိပ်မရဟု အကြောင်းပြကာ ဝယ်ခဲ့စဉ်က မှာခဲ့သည့် အမှာစကား။ 'စိတ်ချပါ ဒေါက်တာရယ်၊ ဆရာဝန် ညွှန်ကြားချက်အတိုင်း သုံးမှာပါ' ဟု စကာတည်း အကြံရှိခဲ့သူမို့ အေးဆေးစွာ ဖြေနိုင်ခဲ့သည်။ ထိုညက ကျော်မင်းဟန် ဆေးကို ကြိတ်သည်။ ပုလင်းတွင် ရာကာ ထည့်ထားသည်။ အမှုန့်က အပြားထက် သုံးရ ပိုလွယ်သည် မဟုတ်လား။

ဆေးပုလင်းကိုတော့ ဆေးတင်စင်မှာ ထားလိုက်သည်။ ဒါကလည်း ရည်ရွယ်ချက် ရှိ၍ဖြစ်သည်။ ခုလည်း အိပ်ဆေးပုလင်းက ရှိနေသေး၏။

ကျော်မင်းဟန် ပုလင်းကို ဆုပ်ကိုင်လိုက်သည်။

ကျော်မင်းဟန် ထလိုက်သည်။ အချိန်ကား လူတွေတန်ဖိုးထား သည့် ရွှေထက်အဖိုးထိုက်သည် မဟုတ်လား။ ကျော်မင်းဟန် အချိန်မဆွဲလို တော့၊ ကျော်မင်းဟန် ရေခဲသေတ္တာဆီသို့ လျှောက်လာသည်။ လက်ထဲတွင် ပုလင်းကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်ကျော်မင်းဟန် ရေခဲသေတ္တာနားတွင် ရပ်သည်။

အလိုလို မျက်စိအကြည့်က ညာဘက်အိပ်ခန်းသို့ ရောက်သွား သည်။ မဖေးလှသမို့ အတိုင်းသားမြင်ရသည်။ အခန်းထဲတွင် မြလဲ့လဲ့



www.burmeseclassic.com

www.burmeseclassic.com



မီးရောင် လင်းလက်နေ၏။ နိုင်လွန်ဇာခြင်ထောင်ကို ထိုးဖောက်ကာ မမအိပ်နေသည်ကို မြင်ရ၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတဲ့ မမ။ မမက အသက် ၄၀ ကျော်ပြီ ဖြစ်သော်လည်း လှနေဆဲ။ မမမှာ အမို့အမောက်၊ အစွင့်အကားတွင် ရှိနေသေးသည်။

ခုတော့လည်း မမသည် ပစ်ရက်စရာမရှိ။ ချစ်စရာ တစ်လုံးတစ်ခဲကြီးပင်။

သို့သော် ခက်သည်က ကျော်မင်းဟန်။

ကျော်မင်းဟန်က တစ်ယောက်တည်း ကိုပဲချစ်သည်။ ဝေးဝေးတဲ့။ ချစ်စရာ မိန်းကလေး။ ခန္ဓာကိုယ် သွယ်လျသော်လည်း အပြုံးချိုသည်။ အေးဆေးသည်။ ပြီးတော့ ဝေးဝေးနှင့် ကျော်မင်းဟန်က ငယ်ပေါင်းငယ်ချစ်။

သို့ပေမယ့် ကျော်မင်းဟန်နှင့် ဝေးဝေးကြားတွင် မတူညီမှုတွေ အများကြီး။ ဝေးဝေး အသိုက်အဝန်းက မျက်နှာကြီးတွေ။ ဝေးဝေးအဖေက ဌာနတစ်ခုတွင် ညွှန်ကြားရေးမှူး။ မိခင်က ကျောက်ကုန်သည်၊ ကျော်မင်းဟန်တွင် ဖခင်မရှိ။ အမေပဲ ရှိသည်။ ကုန်စုံဆိုင်ကလေးဖွင့်ကာ ဘဝရပ်တည်နေရသူ။

တစ်ရက်တော့ ဝေးဝေး အသိုက်အဝန်းက မကြည်ဖြူ။ နှစ်ကိုယ်တူ မျှချစ်နေကြသည်ကို သိတော့ ပွင့်လင်းစွာကန့်ကွက်သည်။ မဆုံစည်းစေရန် အမျိုးမျိုး ဖန်တီးကြသည်။ သို့ပေမယ့် ဝေးဝေးကမူ အပြောင်းအလဲမရှိ။

"ဘာမှအားမငယ်နဲ့ ကိုကို၊ ဝေးဝေးအတွက် အချစ်ဟာ ကိုကိုပဲ၊ ဝေးဝေးချစ်သူဟာ ကိုကိုဖြစ်သလို၊ ဝေးဝေးရဲ့ အိမ်ထောင်ဘက်ကလဲ ကိုကိုပဲ ဖြစ်ရမယ်၊ အရေးကြီးတာက ကိုကိုကြိုးစားဖို့ပဲ၊ ဝေးဝေးစောင့်နေမယ်"

ဝေးဝေးစကားများကြောင့် ကျော်မင်းဟန် တစ်အားဖြစ်ရသည်။

"စိတ်ချပါ ဝေးဝေးရယ်၊ ကိုကိုကြိုးစားမှာပါ"

ကြိုးစားလျှင် အောင်မြင်သည်ဟု ကျော်မင်းဟန်ယုံသည်။ ကြိုးစားမည်ဟုလည်း ဆုံးဖြတ်သည်။ သို့ပေမယ့် ဘယ်လိုအောင်မြင်အောင်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဆိုသည်ကိုတော့ မသိ၊ နည်းလမ်းရှာရဦးမည်။

ခက်သည်က ကျော်မင်းဟန်သည် ဆယ်တန်းပင် မအောင်သူ။ သည်မြို့မှာတော့ မလွယ်။ သည်ခေတ်က ပညာတတ်တွေ မှိုလိုပေါက်နေသည့် ခေတ်။ ဘာလုပ်မလဲ။ ကျော်မင်းဟန်ပညာနှင့်ကား ပေမမီ ဒေါက်မမီ ဖြစ်နေသည်။

အင်း . . . ဒုက္ခ။

သို့တစေ၊ ကံတရားကပင် အလေးပေးလာသလား မသိ။ ကျော်မင်းဟန်ကို ဖေးမအကြံပြုသူ၊ ကူညီသူပေါ်လာသည်။ ဇော်မင်းအောင်တဲ့ သူက ဘွဲ့ရပညာတတ်။ ဌာနတစ်ခုတွင် အလုပ်ဝင်လျှင် အရာရှိဖြစ်နိုင်သည်။ ဇော်မင်းအောင်က မလုပ်။ ကြီးပွားတိုးတက်မှုကို လိုလားသူပီပီ ကိုယ်ပိုင် အလုပ်ပဲ လုပ်သည်။ ဆိုပါစို့ . . . မှောင်ခိုကုန်သည်။

ကျော်မင်းဟန်တစ်ယောက်ဇော်မင်းအောင်နှင့် ပေါင်းမိတော့ အရှင်မွေးချက်ချင်းကြီးဆိုသလို မှောင်ခိုလောကထဲရောက်သွားသည်။ ဇော်မင်းဟန်အကြောင်း သိသူမို့လားမသိ ကူညီသည်။ တစ်စင်ထောင်နိုင်ရန်ပံ့ပိုးသည်။ ပေါင်းဖက်နည်း။ ကျွေးမွေးနည်းအစုံကို သင်ပေးသည်။ ကျော်မင်းဟန်ကလည်း ရည်ရွယ်ချက်ရှိသူမို့ တစ်သဝေမတိမ်း လိုက်နာသည်။ အောင်မြင်မှုရသည်။ ငွေယားကလေး ကိုင်နိုင်ပြီးလမ်းစကိုမြင်ရပြီဆိုတော့ ကျော်မင်းဟန်အားတက်သည်။ ဝေးဝေးနှင့်တွေ့ဖြစ်ခဲ့သည်။ ဝေးဝေးက ဒေသကောလိပ်မှ တက္ကသိုလ်သို့ ရောက်နေပြီ။

"ကိုကို့အတွက် လမ်းဆိုတာ ရှိပြီဝေးဝေး၊ ဒီလမ်းဟာလမ်းဖြောင့်ဖြစ်မှာ၊ နောက်တစ်နှစ်ဆို ကိုကိုအိမ်ကလေးတစ်လုံးတော့ ဝယ်နိုင်မှာ၊ဝေးဝေးဘွဲ့ရပြီးရင် ကိုကိုတို့ အတူနေနိုင်ပါပြီ"

ကျော်မင်းဟန်သည် အရာရာကို မျှော်မှန်းကြည့်သည်။ အခက်အခဲ မရှိ။ ဖြောင့်ဖြူးသည်။ တွက်ဆလို့ရပြီဟု ဆိုရမည်။ ထင်းကြောင့်လည်း ကျော်မင်းဟန် ဝေးဝေးအား တွက်ဆပြမိခြင်းဖြစ်သည်။

"စိစဉ်သင့်တာကို စီစဉ်၊ ကြိုးစားသင့်တာကိုသာ မဆုတ်မနစ်ကြိုးစားထားပါ ကိုကို၊ တစ်နေ့ကျရင် ဝေးဝေးဟာကိုကို့အတွက်ပဲ ဖြစ်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးအခက်အခဲမှန်သမျှကို ကျော်လွှားပြီးစောင့်နေမှာပါ"

ဝေးဝေးကလည်း ကတိပေးသည်။ ကျော်မင်းဟန်က ဝေးဝေးအား အကဲခတ်ကြည့်နှင့် လှမ်းကြည့်သည်။ ဝေးဝေးကိုယ်တိုင် အရာရာကို ဆုံးဖြတ်ပြီးဟန်ရှိသည်။ မုသားမဲ့သူ့နှုတ်တွင် သူရသသတီမယ်တော်သည် စောင့်ရှုံးမမှတ ဝေးဝေးက သူရသသတီမယ်တော်ကို ယုံကြည်ကိုးကွယ်သူ။ ထို့ကြောင့် ဝေးဝေးသည် မုသားမသုံး။ နှုတ်စောင့်စည်းသည်။ ယင်းကြောင့်လည်း ယုံကြည်မှုအပြည့်နှင့် ကြိုးစားဝံ့သည်။

ကြိုးစားမှုကြောင့်လည်း ကျော်မင်းဟန် အောင်မြင်ခဲ့ပြီ။

[ ၃ ]

ပုလင်းနှင့် ဖန်ခွက်ထိသံသည် မတိုးမကျယ် ပေါ်လာသည်။ အချိန်က နေ့ခင်းပိုင်း။ ယင်းကြောင့်လည်း ဆူညံသည့်အသံများကို မကြားရ။ သီးသန့်ခန်းဖြစ်သည်မို့လည်း ဆိတ်ငြိမ်သည်။ လေအေးအေးကို ရှူရှိုက်ရသည်။ ကျော်မင်းဟန်သည် ဒူးယားစီးကရက်ကို တမှုန်းမှုန်းဖွာရှိုက်သည်။ ဖော်မိုက်ကာစားပွဲပေါ်မှ အရက်ခွက်သည် အရာမယွင်းသေး။

ဇော်မင်းအောင်က အရက်ခွက်ကိုဆွဲယူကာ တစ်ချက်စုပ်သောက်သည်။ လေအသင့်တွင်ပါလာသည့် ဒရိုင်းဂျင်အနံ့သည် သင်းပျံ့ပျံ့၊ မွှေးမြမြ။ သူ့အရက်ခွက်ကိုချပြီး တစ်ချက်ဝေ့ကြည့်၏။ ပြီးမှ –

"မင်း ငါပြောတာ သဘောပေါက်ပါတယ်နော်"

သူက ထပ်မေးသည်၊ ဇော်မင်းအောင်ကအရာရာ တည်ငြိမ်ပြီး ပြတ်သားသူ။ ကျော်မင်းဟန် စီးကရက်ပြာကို တောက်ခြွေသည်။ တစ်ချက်ဝေ့ကြည့်၏။

"ကိုဇော်ပြောတာကို ကျွန်တော်သဘောပေါက်တယ်၊ ကိုဇော့်စေတနာကိုလဲ လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ စဉ်းစားသင့်တယ်လို့ ထင်တယ်လေ၊ ကျွန်တော် ဒီအခြေအနေရောက်လာတာက ကိုဇော့်ကြောင့် မဟုတ်လား။ ခုတော့ ကျွန်တော်က ကိုဇော်နဲ့ စဉ်ပြိုင်လုပ်ရဦးမယ်ဆိုတော့ . . "

www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းဟာန်စကားအဆုံးတွင် ဇော်မင်းအောင် ပေါ့ပါးစွာတစ်ချက် ပြုံးလိုက်သည်ကို တွေ့ရ၏။

"ဘာလဲ မင်းက တရားနည်းမကျမှာစိုးနေတယ် ထင်တယ်လား" ဟု ပြန်မေးသဖြင့် ခေါင်းညိတ်ဖြေလိုက်သည်။

သူ့ အရက်ထပ်ဖြည့်ရင်း . . .

"ဒီအတွက် မစိုးရိမ်နဲ့ ကျော်မင်းဟာန်၊ လူဆိုတာ ထာဝရ အချုပ် အနှောင်နဲ့ နေသင့်သူ မဟုတ်ဘူးကွ၊ တိုးတက်မှုအတွက်ကော့ ရုန်းကန်ရမှာ ပဲ . နည်းလမ်းရှာရမှာပဲ၊ အချုပ်အခြာအောက်မှာ နေသူဆိုတာ ပေးသ လောက်ယူ၊ ကျွေးသလောက်သာ စားရတာကွ၊ အဆီးအတားမဲ့ ကြီးပွား ချမ်းသာမှု အတွက်က ကိုယ်တိုင်လုပ်ရမယ်၊ ကိုယ်ကျင်လည်ရာမှာ ကိုယ် ဘုရင်ဖြစ်ရမှာကွ၊ ဒါမှပေါ့၊ ငါက ဒီလိုမှကြိုက်တာ ကျော်မင်းဟာန်"

ဇော်မင်းအောင်သည် ကျော်မင်းဟာန်အတွက် လမ်းကို အဆုံးဖွင့် ဆိုက်သည်ဟု နားလည်လိုက်သည်။ ကျေးဇူးလည်းတင်သည်။

"အစ်ကို့စေတနာကို လေးစားပါတယ် အစ်ကို"

"အေး . . . ငါ့စေတနာကို လေးစားတယ်၊ တန်ဖိုးထားတယ်ဆိုရင် ကြိုးစားငါဖွင့်ပေးတဲ့ လမ်းအပေါ်မှာ မင်းအောင်မြင်မှု ရနေပြီဆိုရင် ငါကျေနပ် ပြီ"

ဇော်မင်းအောင်က စကားဆုံးလျှင် အားပါးတရပြုံးလိုက်သည်။ ထို့နောက် အရက်ခွက်ကို ဟန်ပါပါမြှောက်လိုက်သည်။ သည်တော့ ကျော် မင်းဟာန်လည်း အရက်ခွက်ကို ဆွဲယူလိုက်သည်။ အရက်ခွက်နှုတ်ခမ်းချင်း ထိုက်လိုက်သည်။

[ ၄ ]

လောဘသည် အတိုင်းအတာ တစ်ခုအထိ အခြေအနေဆိုးကို မြင်ဖြတ်ကြောင်း ကျော်မင်းဟာန် နားလည်လိုက်သည်။ စင်စစ်တော့ ကျော်မင်း ဟာန်သည် ဇော်မင်းအောင်နှင့်ခွဲကာ စီးပွားရေးတစ်စင်ထောင်လိုက်သည့်ခါ ထိုသောလောဘပိုလာသည်ကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လောဘဆိုတာ လူသားတို့နဲ့အတူရှိနေတဲ့ အရာပဲ ကျော်မင်းဟန် လူသားတိုင်းလောဘကို ကင်းလို့မရဘူး၊ ဒါပေမယ့် ရှိသင့်တာထက် မပိုမိအောင် ကြိုးစားနော်၊ လောဘဆိုတာ ဒုက္ခရဲ့မိတ်ရင်း ဆွေရင်းကြီးဆိုတာ မင်း မမေ့နဲ့"

ဇော်မင်းအောင်နှင့် လမ်းခွဲကြစဉ်က ကျော်မင်းဟန်အား အထပ်ထပ်မှာလိုက်သည့် စကား။ 'စိတ်ချပါ ကိုဇော်'ဟု ကျော်မင်းဟန်အဖန်ဖန် ကတိပြုခဲ့သည်။ သို့သော် တကယ်တမ်းကျတော့ ကတိသည် ကတိသာ ဖြစ်ခဲ့သည်။ လက်တွေ့တွင် သတိမေ့နေပြီ။

ကြည့်၊ ယခုဆို ကျော်မင်းဟန်သည် လောဘသားကောင်ဖြစ်နေပြီ ပြီးတော့ ကျော်မင်းဟန် ဤသို့ လောဘသားကောင် ဖြစ်ခဲ့သည်မှာလည်း ကျော်မင်းဟန်၏ ဘဝသည် တစ်မျိုးတစ်မည်အပြောင်းအလဲ ဖြစ်ခဲ့ခြင်းဖြစ် သည်။ ပြောရလျှင် ကျော်မင်းဟန် အတွက် သည်အကြောင်းသည် ရင်နာစရာ အကြောင်းဖြစ်ရသလို၊ တစ်သက်တစ်ဘဝ ထာဝရမမေ့နိုင်စရာ အကြောင်း တစ်ခု ဖြစ်ခဲ့သည်။

သည်အကြောင်းကား . . . ။

စင်စစ် ကျော်မင်းဟန်သည် မြို့သာမြို့အား ကျွမ်းကျင်သူမဟုတ် ဇော်မင်းအောင်နှင့်အတူ အလုပ်တွဲစဉ်က သော်လည်းကောင်း၊ မိမိတစ်ကိုယ် တည်း လုပ်စဉ်ကသော်လည်းကောင်း၊ မြို့သာမြို့ကိုကြိမ်ဖန်များစွာ ဖြတ်သန်း ခဲ့သည်။ မြို့သာမြို့သည် တောင်စခန်းမြို့ကလေးသာ၊ အအေးကဲသည့်မြို့ မြို့သာမြို့၏ မြောက်ဘက်ယွန်းယွန်းတွင် တိုင်းရင်းသား လူမျိုးများနေသည် အချို့ တိုင်းရင်းသားများက လှေကားထစ်စိုက်ခင်းများပြုလုပ်ကာ တောင်ယာ စိုက်သည်။ အချို့က ဆေးအတုများ ပြုလုပ်ကြသည်။

သည်ကတည်းက ကျော်မင်းဟန်သည်မြို့ကို မျက်စိကျခဲ့သည် ခက်သည်က ဇော်မင်းအောင် သူက မှောင်ခိုကုန်သည်ဖြစ်စေကာမူ ဆေး အတုကို ရှောင်သည်။

"ဆေးအတုဆိုတာ လူသားတစ်မျိုးလုံးအညွန့်တုံးစေတဲ့ အရာ ကျော်မင်းဟန်၊ ငါဟာ မှောင်ခိုကုန်သည် ဖြစ်နေပေမယ့် လူမျိုးအညွန့်တုံး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပစ္စည်းနဲ့တော့ စီးပွားမရှာဘူး။ ကိုယ့်အတွက် လူမျိုးအားလုံးကို ခုက္ခ မပေးဘူး"

ကျော်မင်းဟန်သည် ဖော်မင်းအောင်အကြောင်းသိသူမို့ စကားမစ မိ။ သို့သော် စိတ်ထဲမှာတော့ တေးထားသည်။ တစ်နေ့တော့ တစ်နေ့။ ယခုတော့ သည်တစ်နေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပြီ။ ကြည့်၊ ကျော်မင်းဟန် ကိုယ်တိုင် တစ်စင်ခွဲထောင်လိုက်ပြီ ဆိုတော့ မြို့သာမြို့ကို စိတ်ရောက်သွားသည်။ မြို့သာမြို့အား ခြေကုပ်ယူကာ စီးပွားရှာဖို့ ဆုံးဖြတ် လိုက်သည်။

...စင်စစ်တော့ လောကတွင် ကောင်းသူကို ကောင်းသူက ကူညီသ လို၊ မကောင်းသူကို မကောင်းသူက ကူညီသည်မှာ ဓမ္မတာသာ။ ကျော် မင်းဟန် မြို့သာမြို့ရှိ 'စကား တည်းခိုခန်း'တွင် တည်းရိုကာ ဆေးအတုပြုလုပ် သော ရွာများအကြောင်း စနည်းနာခိုက် ကျော်မင်းဟန် ဒေဝနှင့်ဆုံရသည်။ ဒေဝက မြို့သာဇာတိမဟုတ် မန္တလေးနှင့် မနီးမဝေးရှိ ရွာငယ်ကလေးမှ မြို့သာကို ရောက်လာသူဖြစ်သည်။ သို့သော် သူသည် မြို့သာသို့ရောက်သည် မှာ ကြာပြီ။ ပြီးတော့ စကတည်းက ဒေဝသည် သတင်းအရောင်းအဝယ် ပြုလုပ်ရန် ရည်ရွယ်ချက်ရှိသူဖြစ်သောကြောင့် မြို့သာမြို့နှင့် မြို့သာမြို့ဝန်းကျင် အကြောင်းကို လေ့လာသည်။ ခုတော့ အပ်ကျသည်က အစသိသည်။

စင်စစ် ကျော်မင်းဟန်နှင့် ဒေဝသည်ရေဆာသူနှင့် ရေငတ်သူ၊ မည်သူ ကရေဆာသူ၊ မည်သူကရေငတ်သူ ဟူသည်ကား မသိမည်သို့ဆိုစေ ကျော်မင်းဟန်နှင့်ဒေဝ ပေါင်းဖက်မိသွားသောအခါ ကျော်မင်းဟန်က မြို့သာ မြို့ မြောက်စွန်းမှရွာများ အကြောင်းကို သိသွားသည်။ဒေဝက ငွေငါးထောင် ကို ပိုင်ပိုင်ပိုက်လိုက်နိုင်သည်။ ဒေဝ ပျော်သွားသည်။

ဤကဲ့သို့ ကျော်မင်းဟန်လည်း ပျော်သွားသည်။ ဘာပဲဖြစ်ဖြစ် ကျော်မင်းဟန်လည်း တွက်ပြီးပြီ။ ယခုတစ်ခေါက် ရန်ကုန်ပြန်အရောက်တွင် ကျော်မင်းဟန်အတွက် ငွေသိန်းဂဏန်း ပိုက်နိုင်မည်။

ကဲ . . . ဘယ်လောက် ကျေနပ်စရာ ကောင်းလဲ။

မှန်သည်။ ပျော်စရာမှ အများကြီး။ ကျော်မင်းဟန် 'အင်ဖိုင်' ရွာက



www.burmeseclassic.com

www.burmeseclassic.com



လေးသို့ရောက်သည့်အထိ ဘာမှ အခက်အခဲမရှိ၊ ဒေဝ၏ အဆက်အသွယ်များကလည်း အားလုံးတိကျသည်။ အကွက်စေ့သည်။ ဝိသမလောဘသားချင်းမို့ အပေးအယူမျှသည်။ ကျော်မင်းဟာန် ဆေးအတုငါးသောင်းကျော်ဖိုး ဝယ်ခဲ့သည်။

ခုတော့ အပြန်ခရီး။

ဒုက္ခကိုလည်းကောင်း၊ အန္တရာယ်ကိုလည်းကောင်း မတွေးမိ။ သူတွေးနေသည်က တစ်ခုတည်း။ ရန်ကုန်ရောက်လျှင် ငွေတွေရမည်။ မျက်စိထဲတွင် ငွေစက္ကူတွေ မြင်နေသည်။

[ ၅ ]

လမ်းက လမ်းဖြောင့်မဟုတ်။ အတက်အဆင်း၊ အကွေ့ အကောက် ပြွန်းတီးသည့်လမ်း။ လမ်းတစ်ဘက်တစ်ချက်တွင် တောစိမ်းစိမ်းနှင့် တောင်ညို ညိုများသာ ရှိသည်။ သုံးနာရီခန့် ခရီးနှင်လာခဲ့စေကာမူ လမ်းဖြောင့်ကိုမတွေ့ရသေး၊ လမ်းဆိုးနှင့် လမ်းကောက်များသာ။

ကျော်မင်းဟာန်သည် ကားကို ကိုယ်တိုင်မောင်းလာသည်။ စီးကရက်ကိုဖွာရင်း အတွေးဝင်နေသည်။ သူ့ရင်ထဲတွင် အတွေးတွေ အများကြီး။ သူ ရန်ကုန်ရောက်လျှင် ငွေတွေအများကြီး ရမည်။သည်တစ်ခေါက်သည် အချိုကြီးပွမည့်တစ်ခေါက်ဆိုလျှင် မမှားပါ။ ရန်ကုန်ရောက်လျှင် အိမ်တစ်လုံး ရှာရမည်။ ဝေးဝေးကလည်း သည်နှစ် နောက်ဆုံးနှစ်။ ပြော် . . ဘာလိုလိုနှင့် မိမိနှင့် ဝေးဝေးနီးရဖို့ အချိန်သည် မဝေးတော့ပါလားဟု တွေးမိသည်။

သည်စဉ် ငြိမ့်ညောင်းသာယာသည့် အတွေးများအား ဖျက်စီးလိုက်သည့်အကြောင်းတစ်ခု ပေါ်လာသည်။ ထိုအကြောင်းသည် အခြားအကြောင်း မဟုတ်။ ဒေသခံရွာသားတစ်ဦးကသောကမျော ရောက်လာပြီး ရှေ့တွင်ရှာ ရေးတပ်ဖွဲ့ဝင်များ၊ ရဲများ လမ်းများကို ပိတ်ဆို့ရှာဖွေနေသည့် အကြောင်း ဖြစ်သည်။

ကျော်မင်းဟာန် မျက်နှာကွက်ခနဲပျက်သွားသည်။ စောစောက



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာတွေးနေသည့် အတွေးများသည် ဘယ်ရောက်ကုန်သည် မသိ။ စကြဝဠာတံတိုင်းသို့ လွင့်စဉ်သွားပြီလား။ ကျော်မင်းဟန်၏ ရင်ထဲတွင် ရထားအစီးပေါင်းများစွာ ပြိုင်ခုတ်နေသကဲ့သို့ ခုန်နေသည်။ မောနေသည်။

ကျော်မင်းဟန် ဆတ်ခနဲ ကြည့်လိုက်သည်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

လောလောဆယ်တွင် ကျော်မင်းဟန်ဘာမှ စဉ်းစားမရ။ ဆုံးရှုံးရတော့မည်ဆိုသော အတွေးကြောင့် အသိတို့ ယောက်ယက်ခတ်နေသည်။ အတည်အငြိမ်မရှိ ဒေသခံ ရွှေပြေးတာဝန်ယူသည့် လူကြီးက မျက်မှောင်ကြုတ်ကာ စဉ်းစားနေရာမှ ကျော်မင်းဟန်ကို ကြည့်သည်။ ပြီးမှ . . .

"ကျွန်တော့် သဘောကတော့ ရွှေမဆက်စေချင်ဘူး၊ ရွှေမှာ အန္တရာယ်ကလွဲလို့ ဘာမှမရှိဘူး ဆရာ၊ အကောင်းဆုံးကတော့ ဆရာ ပစ္စည်းတွေယူပြီး တောလမ်းခရီးက သွားဖို့ပါပဲ"

ကျော်မင်းဟန် လေပူကို ဖူးခနဲမှုတ်ထုတ်လိုက်သည်။ ခုတော့ ကျော်မင်းဟန်အတွက် သည်တစ်လမ်းသာ ရှိတော့သည်။ ရွှေတိုးလျှင် မိုက်မဲ မှုသာ ဖြစ်မည်။ ပစ္စည်းသိမ်းခံရမည်။ လူအဖမ်းခံရမည်။ ဒါဆို သွားပြီ။သည်တော့လည်း ရွှေပြေးမိတ်ဆွေပြောသလို ပစ္စည်းယူကာ တောလမ်း အတိုင်း ပြေးခြင်းသည်အကောင်းဆုံးဟု နားလည်လိုက်သည်။

"ကောင်းပြီလေ၊ ကျွန်တော်သွားမယ်"

ကျော်မင်းဟန် ပြောပြောဆိုဆို ပစ္စည်းထည့်ထားသည့် အိတ်ကိုဆွဲ ယူရန်လှည့်လိုက်သည်။ သို့သော် ကျော်မင်းဟန်လက်သည် ပစ္စည်းများပေါ် သို့ မရောက်ခဲ့။ ကျော်မင်းဟန်၏မျက်ဝန်းအစုံသည် ဝိုင်းစက်ပြူးကျယ်သွား သည်။ ဟုတ်သည်။ အန္တရာယ်သည် အဝေးမှာမဟုတ်တော့။ အနီးဆုံး နေရာသို့ ရောက်နေပြီ။ ရာဖွေရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား တင်ဆောင်လာသည့်ကားသည် အနီးသို့ရောက်လာပြီ။

ကျော်မင်းဟန်သည် ဆတ်ခနဲ ထိုင်ချလိုက်ပြီး မိမိကိုယ်ကိုကားနှင့် ကွယ်လိုက်သည်။ အရေးကြီးသည်က ဥပဒေဘက်တော်သားများ မိမိကိုမမြင် ခြင်း။ ခုအချိန်တွင် ပစ္စည်းထက် လူကအရေးကြီးသည်။ လွတ်ရာမှနှင့်အ

www.burmeseclassic.com



တူ ကြိုးစားမှုကို ဖြည့်ဆည်းနိုင်သည်။ တစ်ခုပဲ အခက်အခဲရှိမည်။ အချိန်ကြာမည်။ မတတ်နိုင်တော့။ အရေးကြီးသည်မှာ မိမိအုတ်စည်းရိုးနောက် မရောက်ဖို့ပဲ။

သည်အတွေးကို တွေးမိသည်နှင့်တစ်ပြိုင်နက် ကျော်မင်းဟန် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ကျော်မင်းဟန်၏ ဆုံးဖြတ်ချက်ကား အခြားမဟုတ်။ ကိုယ်လွတ်ရုန်းပြေးဖို့၊ မိမိ ဥပဒေဘက်တော်သားများ၏ လက်တွင်းသို့ မသက်ဆင်းရန်ပဲဖြစ်သည်။ ကျော်မင်းဟန်သည် ဆုံးဖြတ်ချက် ချပြီးသည်နှင့် တစ်ပြိုင်နက် ကားဘီးအကွယ်မှ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ထိုအချိန်တွင် ရှာဖွေရေး တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား တင်ဆောင်လာသည့်ကားသည် ကျော်မင်းဟန်၏ ကားအနီးတွင် ရပ် လိုက်ပြီး ရှာဖွေရေးအဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ကားပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့လိုက်၏။ ရှေ့ပြေးလမ်းပြနှင့် ကားပေါ်မှပါသူနှစ်ဦး ဝရုန်းသုန်းကားပြေးပြီ။ မပြေးရန် အော်ဟစ်သတိပေးသံနှင့်အတူ ဒိုင်းခနဲ သေနတ်သံ နှစ်ချက်ကိုကြားလိုက်ရသည်။

ယခုအချိန်ကား ကျော်မင်းဟန်အတွက် အကွက်ဖြစ်သည်။ မဟာ အခွင့်အရေးဆိုလျှင်လည်း မမှားပါ။ လမ်းပြဦးစိန်ဘာနှင့် အဖော်ဆီသို့ ရဲတပ် ဖွဲ့ဝင်များ အာရုံရောက်နေခိုက် လျင်မြန်စွာတောတွင်းသို့ ဝင်ပြေးသည်။

"ဟော . . . ဟိုဘက်မှာ တစ်ယောက်ပြေးပြီ ဟေ့ . . . မပြေးနဲ့လေ၊ မပြေးနဲ့"

"ဒိုင်း . . ."

ဟန့်တားသံနှင့် အတူ သေနတ်နှင့် လှမ်းပစ်လိုက်သည်ကို သိလိုက်၏။ ကျော်မင်းဟန် ပြေးရင်းမှ လိမ့်ရှောင်လိုက်သည်။ ကျော်မင်းဟန် နောက်သို့ တစ်ချက်ဝေ့အကဲခတ်လိုက်သည်။ ရဲတပ်ဖွဲ့ဝင်များ လိုက်လာသည်မှာ သေချာသော်လည်း ဝေးပေလိမ့်မည်။ ကျော်မင်းဟန်အနေနှင့် အားစိုက်ပြေးလျှင် လွတ်နိုင်ပေသည်။

ပြေးပြေး ကျော်မင်းဟန်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးရလွန်းသည်မို့လား မသိ။ ပင်ပန်းလှသည်။ တစ်ကိုယ်လုံး ညည့်နေသည်။ ခြေတွေကို မသယ်ချင်တော့။ ရောက်ရာတွင် ပစ်လှဲပြီး နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ချင်သည်။ ခက်သည်က နားလို့မဖြစ်တော့။ သည်အချိန် နားလိုက်လျှင် နောက်မှလိုက်လာသည့် ရဲတပ်ဖွဲ့များ မီလာနိုင်သည်။ ကွိခနဲ မိသွားနိုင်သည်။ ဒါဆိုလျှင် ကျော်မင်းဟန် ဘဝဆုံးပြီ။ ဘာပဲ ဖြစ်ဖြစ် ကျော်မင်းဟန် အမိမခံနိုင်သေးပါ။ လွတ်အောင်ပြေးမည်။

ကျော်မင်းဟန် ပြေးသည်။

ခြေမနိုင်တော့။ ခလုတ်ခလုတ် လဲသည်။ လဲရာမှ ထပြေးသည်။ ပြေး လိုက်၊ လဲလိုက်၊ ထလိုက်၊ ပြေးလိုက်နှင့်။ အင်္ကျီတွေလဲ စုတ်ကုန်ပြီ။ နှင့် ခြစ်မိသဖြင့် တစ်ကိုယ်လုံး ရစရာမရှိ။ သွေးစတွေနှင့်။ ပွစိပွလောင် လှပါဘိ။ ပြီးတော့ မောလည်း မောသည်။

ခုတော့ ကျော်မင်းဟန် ပြေးစရာမလိုတော့။ ပြေးလို့လည်း မရ တော့။ နေဝင်သွားပြီ။ အမှောင်က စလာပြီ။ ထို့ကြောင့် ကျော်မင်းဟန် ရန် ဆုံးဖြတ်လိုက်သည်။ ဘယ်မှာနားမလဲ။ မသိ။ လောလောဆယ် ကျော် မင်းဟန်သစ်ပင်မှီကာ နားသည်။ မျက်လုံးကို မှိတ်လိုက်သည်။ လွန်းသဖြင့် အသက်ရှူသံသည် ပြင်းလှ၏ ဖားဖိုထိုးနေသလို။

ကျော်မင်းဟန် အသက်ကိုမှေးရှူရင်း ရှေ့ရေးကို တွေးသည်။ တောလုံး မှောင်နေသလို သူ့ဘဝသည်လည်း မှောင်မိုက်စပြုနေပြီလား။ သက်လုပြေးရသည်မို့ ဘာမျှ သတိမထားနိုင်။ ယခုအချိန်မှာ အရေးကြီး သည်က အသက်။ ဥပဒေလက်တွင်း မသက်ဆင်းစေဖို့။ ဒီအရေးကိုတွေးကာ ခဲ့ရသည်မို့ ဘာမှ မယူနိုင်။ ငွေအိတ်နှင့် ပစ္စည်းတွေကျန်ခဲ့ပြီ။ ရှေ့ခရီးဆက် ခွေလွယ်တော့။

မည်သို့ဆိုစေ၊ ခုမှတော့အရာရာကို ဥပေက္ခာပြုရတော့မည်။ နောင် နောင်ခါတွေးပေါ့။ ဒါတွေတွေးပြီး ဆွေးနေလို့မဖြစ်။ လူလွတ်သည် ကျေနပ်ရမည်။ ကြံနိုင်သည်။ လူသာ အဓိက။

သည်ညာ။ သည်တောမှာပဲ နားရမည်။ တောကနက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ရိုက်ခတ်သံနှင့် ငှက်အော်သံပဲ ကြားရသည်။တောနက်သည်မို့ သားရဲ တိရစ္ဆာန်မရှိဟု မဆိုနိုင်။ သစ်ပင်ပေါ်တက်အိပ်ရသည်။ မနက်မှ ခရီးဆက်မည်။ ထိုစဉ် ကျော်မင်းဟာန် အရေးကြီးသည့်ပစ္စည်းကို သတိရသည်။ သည်ပစ္စည်း ကျန်ခဲ့လျှင် ဒုက္ခ၊ သည်ပစ္စည်းက ကျော်မင်းဟာန်ဘဝကို တစ်မျိုး တစ်မည်ပြောင်းလဲသွားနိုင်သည့် ပစ္စည်း။ သည်ပစ္စည်းသာ ကျန်ခဲ့လျှင် သွားပြီ။ ဘဝပျက်ပြီ။

သည်ပစ္စည်းက အခြားမဟုတ်။ အမျိုးသားမှတ်ပုံတင်။

ကျော်မင်းဟာန် ကိုယ်ပေါ်တွင် ရှာကြည့်သည်။ ကံကောင်းသည်ဟု ပြောရမည်လား မသိ။ မှတ်ပုံတင်က ရှိနေသည်။ ခုမှ ကျော်မင်းဟာန် စိတ်အေးသွားသည်။ နှစ်ခြိုက်စွာ အိပ်နိုင်သည်။

နေထွက်စတွင် တောလမ်းခရီးအတိုင်း ခရီးဆက်သည်။ စားစရာ ဘာမျှမရှိ။ ကျော်မင်းဟာန် တောငှက်ပျောကိုပဲမှီဝဲရသည်။ အာဟာရအဖြစ်သုံးရသည်။ တောငှက်ပျောသည် ငှက်ဖျားကိုဖြစ်စေသတဲ့။ ကိစ္စမရှိ။

ကျော်မင်းဟာန် တောလမ်းအတိုင်း စမ်းတဝါးဝါး ခရီးဆက်သည်။ တောထဲမှာ နှစ်ညအိပ်ရသည်။'

ယနေ့ကား သုံးရက်မြောက်သည့်နေ့။

နံနက်ခင်း။

နေရောင်ခြည်က ဖြာကျနေသည်။ နေခြည်သည် နွေးမြမြ။ လေအေးကို ရှူရှိုက်ရသည်။ ကျော်မင်းဟာန် တောင်ကုန်းတစ်ခုပေါ်မှ အဝေးကို လှမ်းကြည့်သည်။ အရှေ့ဘက်သို့ မျှော်ကြည့်ရင်း ကျော်မင်းဟာန်ပျော်သွားသည်။ လမ်းတစ်ခုကို လှမ်းမြင်ရသည်။ ပြီးတော့ မြို့ကွက်။

တမ်းတခြင်း၊ ကြည်နူးခြင်းများကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။ ဒါက ကျော်မင်းဟာန်အတွက် အားရစရာပင်။ ကျော်မင်းဟာန် လမ်းဘက်သို့ ဦးတည်ကာ ခရီးနှင်ခဲ့သည်။ ညနေစောင်းတွင် ကျော်မင်းဟာန် လမ်းအနီးသို့ ရောက်သည်။ တောတန်းက ဆုံးပြီ၊ သို့ပေမယ့် ကျော်မင်းဟာန် လမ်းပေါ်သို့ ရဲရဲမတက်ရဲသေး။ လမ်းဘေးတောလမ်းအတိုင်းမြို့ဘက်ကို ခရီးဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်စပြုပြီ။

ထိုစဉ် ကျော်မင်းဟာန် သင်္ချိုင်းတစ်ခုကို လှမ်းမြင်လိုက်သည်။ ...၏ အစိကာသင်္ချိုင်းဖြစ်ဟန်တူသည်။ အုတ်ဂူတွေအများကြီး အသစ်၊အ...ဟောင်း စုံသည်။ပြီးတော့ သင်္ချိုင်းကကျယ်သည်။ ကျော်မင်းဟာန် သင်္ချိုင်းတွင်း... ဖြတ်လျှောက်ရန် ဆုံးဖြတ်လိုက်သည်။ မကြာမီ သင်္ချိုင်းတွင်းသို့ ကျော်...င်းဟာန်ရောက်သည်။

သင်္ချိုင်းတစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

ကျော်မင်းဟာန်အေးဆေးစွာ သင်္ချိုင်းကိုဖြတ်ခဲ့သည်။

သို့ဖြင့် ကျော်မင်းဟာန် သင်္ချိုင်းအလယ်သို့ ရောက်ခဲ့သည်။ ...ည်မှာ ကျော်မင်းဟာန် မမျှော်လင့်ဘဲ ကားတစ်စီးကိုတွေ့လိုက်ရသည်။ ...က အနီရောင်၊ ဒတ်ဆန်းကား။(၁၂၀၊ ဝိုင်) ကျော်မင်းဟာန် ကားကိုတွေ့...လျှင် ဖျတ်ခနဲသစ်ပင်အကွယ်သို့ ကပ်လိုက်သည်။ ကားနှင့်အတူ ...ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ကားနှင့်မလှမ်းမကမ်း အုတ်ဂူ... အလယ်တွင် ကြက်သွေးရောင်ဆင်တူနှင့် မိန်းကလေးတစ်ယောက်ရပ်...သည်ကို တွေ့ရသည်။

ကားတွင် မည်သူမျှမရှိ။

ဖျတ်ခနဲ ကျော်မင်းဟာန်အတွေးတစ်ခုဝင်သည်။ လောလောဆယ် ...ကားနှင့် သည့်အမျိုးသမီးကို အသုံးပြုရမည်။ လောလောဆယ် အခက် ...ပြရှင်းနိုင်ရန် ဖန်တီးရမည်။ ဒါက မဟာအခွင့်အရေး။ ကျော်မင်းဟာန် ...ဆေးစွာ ပြုံးလိုက်မိသည်။

နေခြည်သည် ဖျော့တော့နေပြီ။ နေရောင်ခြည်တို့ နေရာတွင် ...င်တို့တိုးဝင်စ၊ နွားရိုင်းသွင်းချိန်။

ကျော်မင်းဟာန်သည် ကားနားသို့ကပ်သွားသည်။ ကားကိုအကာအ... ...ကာ မိန်းကလေး အခြေအနေကို အကဲခတ်နေသည်။ မိန်းကလေး... အတော်ကြာကြာ ဂူအနားတွင်ရပ်နေပြီးမှ ကားဘက်သို့မျက်နှာမူ...



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုက်တစ်ရာကျော်ကျော်ခန့် ရှိသည်မို့ မျက်နှာသွင်ပြင်သည် မပီပြင်သေးသို့သော် ကိုယ်ခန္ဓာ အချိုးအဆစ်ကျသူ။ ရင်ဖွံ့သည်။ တင်စွင့်သည်။

သည်ဂူနှင့် မိန်းကလေးက မည်သို့ပတ်သက်သနည်း။

မည်သို့ဆိုစေ၊ မိန်းကလေးနှင့် နီးလာပြီ၊ မျက်နှာကိုပီပြင်စွာမြင်ရ၏။ ယော်ရွယ်သူမဟုတ်။ ကျော်မင်းဟန် အသက်နှင့်နှိုင်းစာလျှင် အစ်မကြီးအရွယ်၊ သူမကိုကြည့်ရသည်က သံပတ်ပေးထားသည့် စက်ရုပ်လိုပဲ၊ သို့သော် သွားပုံ၊ လာပုံ၊ လှုပ်ရှားပုံက သွဲ့နွဲ့သည်။ ဆံပင်က ထုံးဖွဲ့မှုမရှိ။ လေတွင် တလူလူလွင့်နေပုံက ကဗျာဆန်နေသလို၊

သူမ ကားနားသို့ ရောက်လာသည်။ သူမကားတံခါးကိုဖွင့်ကာ ကားတွင်ဝင်ကာ ထိုင်လိုက်စဉ် ကျော်မင်းဟန်နောက်တံခါးဖွင့်ကာ ကားတွင်းဝင်လိုက်၏။ ရုတ်တရက်မို့လား မသိ။ သူမထိတ်လန့်သွားကြောင်း အကဲခတ် လိုက်ရသည်။ သို့သော် ချက်ချင်းသူ့မျက်နှာတည်ငြိမ်သွားသည်။

ကျော်မင်းဟန်ကို နောက်ကြည့်မှန်မှ စေ့စေ့ကြည့်သည်။ ပြီးမှ

"မင်း မောင်မောင် . . . မောင်မောင်များလားကွယ်"

သူမစကားတွင် သံသယ အရိပ်အငွေ့များ ပါနေသည်ဟု ခံစားရသည်။ ကျော်မင်းဟန်က ဆိုဖာနောက်မှီကို မှီကာ ပြုံးလိုက်သည်။

"မဟုတ်ပါဘူး မမ၊ ကျွန်တော်ဒုက္ခသည်ပါ"

"ဟုတ်ပါတယ်လေ၊ တကယ်တော့ မောင်မောင်သေသွားတာ ဒီနေ့ဆို နှစ်နှစ်တင်းတင်းပြည့်ပြီပဲ၊ ဒါထက်မင်း မမကားပေါ် ရောက်နေတာက"

"မမသိကြ အကူအညီယူချင်လို့ပါ၊ ရှင်းရှင်းပြောရရင် ကျွန်တော်ဟာ ဒီမှာအသိအကျွမ်း မရှိဘူး၊ နေစရာ မရှိဘူး၊ ဒါကြောင့် ဖြစ်နိုင်ရင် မမအိမ်မှာ ခေတ္တတည်းချင်ပါတယ်"

သူမ အေးဆေးစွာ ပြုံးလိုက်သည်။

"လူတစ်ယောက်ကိုကူညီတာ မဆန်းပါဘူး၊ လူသားတစ်ယောက် အနေနဲ့ ပြုသင့်တာပဲ၊ ခက်တာက မင်းဘယ်သူလဲ၊ မမ မင်းကိုဘယ်လိုယုံရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူအကြောင်း ပေါင်းကြည့်ရင် သိနိုင်ပါတယ် မမ"

"အေးလေ၊ မင်းဟာ မောင်မောင်နဲ့ တူနေလို့ မောင်မောင့်လို စိတ်ထားမျိုးပဲ ရှိမယ်လို့ မမ ယုံလိုက်ပါ့မယ်၊ ဒါထက် မင်းနာမည်က"

"ကျော်မင်းဟန်ပါ မမ"

သူမက တစ်ချက်ပြုံးကာ ကားစက်နှိုးလိုက်သည်။ သချိုင်းတွင်းမှ ကားကလေးထွက်လာတော့ နေဝင်စ။—

မမ . . . ။

စင်စစ် မမ၏အမည်အပြည့်အစုံသည် ခင်လေးမူပင်။ မမသည် ပြည့်စုံကုံလုံသူတစ်ဦးသာ။ မမတွင် ဘာမျှလိုသည်မရှိ။ ရုပ်ရည်ချောမောလှပသည်။ ငွေကြေးပြည့်စုံသည်။ မြို့သာတွင် မမသည် စာရင်းဝင် သူဌေးမတစ်ဦး။ မြို့သာမြို့၏ မြောက်စွန်းတွင်ရှိသည့် မမတိုက်က ခန့်ညားထည်ဝါလှသည်။

ကျော်မင်းဟန်သည် မမကို တွေ့စကတည်းက မမတွင် သောကရှိနေမည်ဟု ခန့်မှန်းသည်။ ဒုက္ခတစ်ခုသည် မမနှင့်အတူရှိနေမည်။ သည်ဒုက္ခသည် အခြားမဟုတ်။ ချစ်ဒုက္ခပင်ဖြစ်မည်ဟု ယုံကြည်သည်။ စင်စစ်တော့ ကျော်မင်းဟန်၏ အတွေးသည် မမှားခဲ့။ လုံးဝဥဿုံ မှန်ကန်နေကြောင်း သိလိုက်သည်။ "မမအတွက်တော့ မောင်မောင့်ကိုပြန်ကောက်ရသလို ခံစားရတယ်ကွယ်"ဆိုသောစကား။ တွေ့ကြ ဆုံကြသည်မှာ မကြာလှသေးသော်လည်း လိုက်လိုက်လျောလျောရှိသည့်အဖြစ်။ မမသည်ကျော်မင်းဟန်ကိုတွေ့ရာ ခဏတစ်ဖြုတ်အမူအရာ ပျက်ခဲ့သည် ဆိုသော်လည်း မကြာမြင့်လှသည့် အချိန်အတွင်း မမ ရွှင်လန်းတက်ကြွလာသည်ကို တွေ့ရသည်။ မမ၏အသွင်မှာ ထိုသည်ကိုရသည့် ကလေးတစ်ယောက်နှင့်မခြား "မမက မင်းကိုစကားအမြဲ ပြောတာပါကွယ် မင်းမမအိမ်မှာ ပျော်သလောက်နေနိုင်ပါတယ်"ဟု တစ်ခါတရ မမစကားဆိုခဲ့သဖြင့် ကျော်မင်းဟန်ပင် အံ့ဩရ၏။

သို့သော် သည်စကားတွေ၊ သည်အပြုအမူတွေ ဘာကြောင့်ပြောကြောင်းဆိုခြင်းကို အိမ်ရောက်သည်နှင့် သိရသည်။ အိမ်သို့ရောက်ပြီး ညေ့ခန်းထဲ စင်လျှင်ပင် ကြီးမားသည့် ဓာတ်ပုံတစ်ပုံကြောင့် . . . ကျော်မင်းဟန်

www.burmeseclassic.com



ပင် အံ့ဩရ၏။ ဓါတ်ပုံကို အသေအချာကြည့်ကာ မှင်တက်မိနေသည့် ကျော်မင်းဟန်ကို ကြည့်ရင်း မမက . . .

"မောင်ကျော်မင်းဟန်၊ ဒီဓါတ်ပုံရှင်က မောင်မောင်တဲ့၊ ခုတော့ သူက မရှိတော့ဘူးလေ၊ သူ မမကို ခွဲသွားတာ နှစ်နှစ်ရှိပြီပေါ့။

"ဩော် . . . "ဟုသာ ကျော်မင်းဟန် ပြောနိုင်ခဲ့သည်။ လောကတွင် လူတူမရှား၊ နာမည်တူမရှားဆိုသည့် စကားသည်မှန်လေစွ။ ကျော်မင်းဟန်သည် ပြုံးလိုက်မိသည်။ စိတ်ထဲတွင် တစ်အားတက်ရ၏။ မှန်သည်။ တကယ်လည်း အားတက်ရွှင်လန်းစရာပါ။ ထို့နောက်ပိုင်း မမသည် ကျော်မင်းဟန်အပေါ် စေတနာအပြည့်။

"ကလေးရယ်၊ မမဆီမှာ ခဏတစ်ဖြုတ် မဟုတ်ဘဲ ထာဝရသာ နားခိုပါတော့လား"

ဤသို့ပင် ဆိုခဲ့သည်အထိ။

"စိတ်ချပါ မမရယ်၊ ကျွန်တော်လဲ မမကို သံယောဇဉ်တွယ်မိပါပြီ"

"တကယ်"

မမမျက်နှာ ရွှင်လန်းသွားသည်။ မှီရသည့် မျက်နှာဆိုသည် ဒါမျိုးပေလား။ ကျော်မင်းဟန်က တကယ်ပါဟု ပြောသည်။ မမက ကလေးလိုပဲ။ သည့်နောက် မမသည် ကျော်မင်းဟန်ကို လူရင်းနှယ် ထားသည်။ လုပ်ငန်းခွင်များသို့ ခေါ်သွားသည်။ အချို့လုပ်ငန်းများအား ဦးစီးခွင့်ပြုသည်။ ခုတော့ ကျော်မင်းဟန်သည် မရွယ်ဘဲ စော်ကဲမင်း ဖြစ်နေပြီ။ ဒုက္ခတွင်းသို့ ကျခဲ့ပြီဟု ထင်ခဲ့စေကာမူ ဒုက္ခတော့ မဟုတ်တော့၊ သုခဖြစ်နေပြီ။

[ ၈ ]

ကံကြမ္မာသည် အတက်အဆင်းရှိသည်ဟု ဆိုရမည်လား မသိ။ ကျော်မင်းဟန်ဘဝ တိုးတက်စပြုနေချိန်တွင် သောက ဖြစ်စရာအကြောင်းနှင့် ကြုံရသည်။ တစ်ခုက မိခင်သေဆုံးသည့် သတင်း၊ တစ်ခုက ချစ်သူ တစ်ယောက်နှင့် စေ့စပ်တော့မည့်သတင်း။ ထို့ကြောင့် ကျော်မင်းဟန် ချက်ချင်း ရန်ကုန်ဆင်းရန် ပြင်ဆင်ရ၏။ ကျော်မင်းဟန် ရန်ကုန်ဆင်းမည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မမမျက်နှာ ညှိုးနေသည်။

"မောင်မောင့်ကိစ္စက မသွားမဖြစ်တဲ့ ကိစ္စမိုလို့သာ မခွင့်ပြုရတာ မမ သိပ်မလွှတ်ချင်ဘူးကွယ်"

မမမျက်နှာတွင် သောကရိပ်ဝေနေ၏။ အသံတွေ တုန်နေ၏။

"ကျွန်တော်လဲ မသွားမဖြစ်လို့ သွားရမှာပါမမ၊ ကိစ္စပြီးပြီးချင်း ပြန်လာမှာပါ"

"မမ မျှော်နေမယ်နော်"

ကျော်မင်းဟန် ပြုံးလိုက်သည်။ မမနဖူးကို ခပ်ဖွဖွနမ်းမိသည်ကို မမေ့ ကျော်မင်းဟန် လေယာဉ်ကွင်းဆင်းတော့ မမလိုက်မပို့ပါ။ ကျော်မင်းဟန် ကို လိုက်ပို့သူက မမလူယုံ ဦးဘိုးဘ။ ကျော်မင်းဟန် လေယာဉ်ကွင်းသို့အဝင် ဦးဘိုးဘပြောသည့် စကားကို မမေ့ပါ။

"မောင်ကျော်မင်းဟန်၊ ဆက်ဆက်ပြန်လာပါနော်၊ မင်းပြန်မလာရင် လေးမူအနာဂတ်ကို ဘာတော့ မတွေးဝံ့ဘူးကွယ်၊ လေးမူဟာ မင်းကြောင့် ဘဝပြန်ရှင်ခဲ့သူဆိုတာ မင်းမမေ့ပါနဲ့"

ကျော်မင်းဟန် စိတ်ချရန် ပြောခဲ့သည်။ ကတိပေးခဲ့သည်။ ထို့ နောက် ရန်ကုန်သို့ ပြန်ခဲ့သည်။ မိခင်၏ မြေပုံကို နောက်ဆုံး ကန်တော့ခဲ့ သည်။ ထို့နောက် ဝေးဝေးနှင့် တွေ့ခဲ့သည်။ ဝေးဝေး အံခြေအနေကို ပြောခဲ့သည်။ ဝေးဝေးနှင့် ဦးလေးဝင်းတို့အား နှစ်ဘက်မိဘများ စေ့စပ်ကြသည် မှာ အမှန်ပင်။ သို့သော် ဝေးဝေးဆန္ဒ မရသေးသဖြင့်သာ သတင်းစာထဲ ထည့်သေးကြောင်း သိရသည်။ ဝေးဝေးသဘောထားသည် မပြောင်းလဲ။ ကျော်မင်းဟန်ကိုသာ လက်ထပ်မည်ဟု ပြောသည်။

ဒါက အားတက် ရွှင်လန်းစရာတည်း။

ကျော်မင်းဟန် သုံးလအတွင်း ပြန်လာမည်ဟု ကတိပြုကာ မြို့သာကို ပြန်ခဲ့သည်။ ကျော်မင်းဟန်တစ်ယောက် မြို့သာသို့အပြန်တွင် အကြံအစည်များစွာ ပါခဲ့သည်။ ထိုအကြံများကား . . . .

ကျော်မင်းဟန် ရန်ကုန်တွင် တစ်လနီးပါးကြာခဲ့သည်။ ထိုတစ်လ အတွင်းရှိနေသည် ဘာမျှကြာသည်မဟုတ်။ သို့သော် မြို့သာသို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ မယုံကြည်နိုင်စရာ အပြောင်းအလဲများစွာကို ကျော်မင်းဟန် ကြုံတွေ့ရသည်။ အပြောင်းလဲဆုံးက မမ။ ကျော်မင်းဟန် ရန်ကုန်သို့ ထွက်လာစဉ်က မမသည် ကျန်းမာဝဖြိုးလျက် ရှိသော်လည်း ယခုကား မမသည် အံ့သြဖွယ် ကောင်းလောက်အောင် ပိန်နေပြီး ကျန်းမာရေးလဲ ကောင်းပုံမရ။

ကျော်မင်းဟန်ကို မြင်တော့ မမဝမ်းသာသွားပုံရသည်။ ကျော်မင်းဟန် လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ငိုသည်။

"မမရယ် . . . . ကျွန်တော် ပြန်လာပြီပဲ"

"မမ သိပါတယ်ကွယ်၊ ဒါပေမယ့် ထပ်ဝေးရမှာ စိုးတယ်"

"ဗျာ"

ကျော်မင်းဟန် အမှန်ပင် အံ့သြရ၏။

"မအံ့သြပါနဲ့ မောင်မောင်၊ မမမလိမ်ချင်တော့ဘူး။ မမ မောင်မောင့်နဲ့ဝေးရမှာ စိုးတယ်၊ မမ မောင်မောင့်ကို ချစ်တယ်၊ မောင်မောင်ရယ် မင်းမမကို လက်မထပ်နိုင်ဘူးလား"

မမစကား။ ကျော်မင်းဟန်ဘာပြောရမည်မသိ၊ အငြင်းရခက်သည်က အမှန်။ ပြီးတော့

ကျော်မင်းဟန်သည် မတွေးဝံ့သလို အတွေးကို ရပ်လိုက်သည်။

"မမ စိတ်ချမ်းသာစေချင်တာ ကျွန်တော့်ဆန္ဒပါ"

"မောင်မောင်ရယ် ၊ မမပျော်လိုက်တာ"

မမတက်ကြွ ရွှင်လန်းသွားသည်။ ကျော်မင်းဟန် မမကို ကြည့်ကာ ကရုဏာ သက်မိပြန်သည်။ ထိုနေ့က ကျော်မင်းဟန် မမကို ခေါ်၍ ဒေါက်တာမြင့်ကြည်ထံသို့ သွားသည်။

ဒေါက်တာ မြင့်ကြည်က မမတို့ မိသားစု ဆရာဝန်။ အကြောင်းသိ၊ ခင်မင်ကြသည်။ ထို့ကြောင့်လည်း မမက ဒေါက်တာမြင့်ကြည်နှင့် တွေ့သည်။ ကျော်မင်းဟန်နှင့် မကြာခင် လက်ထပ်တော့မည့်အကြောင်း ပြောသည်။ ဒေါက်တာမြင့်ကြည်က "ကောင်းတာပေါ့ ဒေါ်ခင်လေး တကယ်တော့ ဒေါ်ခင်လေးမှာ အဖော်ကောင်းလိုနေတာပဲ"ဟု ဆို၏။

ထိုနေ့က အပြန်တွင် နောက်တစ်နေ့ ကျော်မင်းဟန်အား ဆေး



www.burmeseclassic.com

www.burmeseclassic.com



သို့ လာခဲ့ပါဟု မှာသဖြင့် နောက်နေ့ ကျော်မင်းဟန် ဒေါက်တာ မြင့်ကြည်နှင့် လာတွေ့ခဲ့သည်။ တွေ့ကတည်းက အကြောင်းထူးက ခင်လေးမူနှင့် ဆက်သက်သည့် အကြောင်းထူး။ ဒေါက်တာမြင့်ကြည်က မမနှင့်ပတ်သက်၍ စကားများစွာ ပြောသည်။ စကား၏ အနှစ်ချုပ်မှာ မမကို ဂရုစိုက်ဖို့ လိုကြောင်း။ မမတွင် နှလုံးရောဂါအပြင် ရောဂါများစွာ ရှိကြောင်း။ စိတ်ထိခိုက် မခံနိုင်ကြောင်း။ ယုတ်စွအဆုံး မမရောဂါက ဆေးပင်လိုသည် ထက်ပိုသောက် မရတော့ကြောင်း စသည်ဖြင့် ဖြစ်သည်။

"စိတ်ချပါ ဒေါက်တာ၊ မမစိတ်ချမ်းသာမှုကို ကျွန်တော် အစွမ်းကုန် လိုက်လျောမှာပါ"

ကျော်မင်းဟန် ကတိပြုခဲ့သည်။

ခုတော့ ကျော်မင်းဟန် ကတိပျက်ရလေတော့မည်။ အဘယ်ကြောင့် ဆိုသော် မမသည် ကျော်မင်းဟန် ဘဝထဲတွင် မရှိတော့ဟု နားလည်မိသောကြောင့်ဖြစ်သည်။

[ ၉ ]

မနေ့က ဝေးဝေးထံမှ စာရောက်သည်။ ဝေးဝေးက မိဘများ အနေနှင့် ဦးလေးဝင်းနှင့် နေရာချပေးရန် ဆန္ဒရှိနေကြောင်း၊ တိုက်တွန်း နေကြောင်းနှင့် ရှေ့လထဲတွင် မလွှဲသာမရှောင်သာ မိဘများနှင့်အတူ ဦးလေးဝင်း၏ ဇာတိဖြစ်သည့် မြို့သာသို့ လာရမည့်အကြောင်းများ။ နီးစပ်ရေး အတွက် ကျော်မင်းဟန်အနေနှင့် အလုံးစုံ ပြင်ဆင်ထားရန် အကြောင်း များကို ရေးထားသည်။

ကျော်မင်းဟန်သည် ဝေးဝေးစာအား ဖတ်ရင်း ရင်မောသွား၏။ ဆေးဝေးနှင့် နီးစပ်ရေးအကြောင်း စဉ်းစားမိသောအခါ မမသည် အနှောက် အယှက်ဟု နားလည်လာသည်။ မမသည် မရှိသင့်သောသူ။ အန္တရာယ်ဟု ကျော်မင်းဟန် စဉ်းစားရပြီ။

တကယ်တော့ စဉ်းစားလျှင် အဖြေရစမြဲ။ ကျော်မင်းဟန် စဉ်းစား နည်း အဖြေရသည်။ သူ့အနေနှင့် မမလောကအပြင်သို့ ရောက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်ရမည်။ ယင်းသို့ ဆွဲထုတ်ရန် အရေးကလည်း ခက်ခဲသည်မဟုတ်၊ လွယ်သည်။ ခက်သည်က မမအား လောကအပြင်သို့ ဆွဲထုတ်ခြင်းအတွက် သူ့တွင် ပြဿနာမရှိရန် ဖြစ်သည်။ အရေးကြီးသည်က ယာလည်းညက်ဖို့ ကြက်လည်းမောဖို့။

ထိုစဉ် အကြံတစ်ခုရသည်။ ထိုအကြံက အခြားမဟုတ်။ ကျော်မင်းဟန်အနေနှင့် အကောင်းဆုံးအကြံ၊ မမလည်း လောကအပြင် ရောက်သွားမည်။ သူလည်း ပြဿနာကင်းမည်။ အရေးကြီးသည်က မမ လောကအပြင်သို့ ရောက်သည့် အချိန်တွင် သူ့အနားတွင် မရှိဖို့။ ဟုတ်သည်။ ဒါအဓိက။

ကျော်မင်းဟန် အစီအစဉ်လုပ်သည်။ သူ မြို့သာမြို့ဟောင်းအား (၃)ရက်ခန့် သွားလေ့လာမည်။ ထိုအခိုက် မမသောက်မည့် သံပုရာရည်ပုလင်းတွင်းသို့ အိပ်ဆေးများ ခတ်ခဲ့မည်။ သူမြို့သာမြို့ဟောင်းသို့ ရောက်ပြီး ဒုတိယနေ့တွင် မမသောက်ရမည်။ ဒိုကေ စိုပြည်သည့် အကြံပဲ။

အဆင်ပြေချင်တော့ မမကလည်း ခွင့်ပြုသည်။ မနက် ခရီးသွားရမည်။ ထိုကြောင့် ညတွင်းချင်း စီစဉ်သင့်သည်ကို စီစဉ်သည်။ ခုတော့ အားလုံး ဒိုကေ။ ကျော်မင်းဟန် ပုလင်းလွတ်ကို ဂျာကင်အိတ်တွင် ထည့်လိုက်သည်။ ထို့နောက် အခန်းထဲ ဝင်ခဲ့သည်။ မမက ဘာမျှမသိ နှစ်ခြိုက်စွာ အိပ်နေသည်။

ညက အိပ်ရေးပျက်သည်မို့လား မသိ။ မနက်တွင် အိပ်ရာထ နောက်ကျသည်။ ဒါတောင် မမက "မောင်မောင် ဒီနေ့ ခရီးသွားမယ်ဆို အချိန်မရှိတော့ဘူး၊ သဘော်မမီပဲ နေဦးမယ်" ဟု သတိပေး၍ ဖြစ်သည်။ ကျော်မင်းဟန် ကပျာကယာ ထပြီး နာရီ ကြည့်လိုက်တော့ ကိုးနာရီ။ ကျော်မင်းဟန် ကပျာကယာထသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်သည်။ အဝတ်လဲသည်။ ဂျာကင်ဆွဲယူဝတ်ကာ ခရီးဆောင်အိတ် ဆွဲကာ ထွက်ခဲ့သည်။

"မောင်မောင် သုံးရက်ပဲ နေနော်၊ မမမျှော်နေမယ်" ဟုပြောသည်။ သူခေါင်းညိတ်သည်။ "မမရယ်၊ မမကျွန်တော့်ကို မမျှော်နိုင်ပါဘူး။ မနက်



www.burmeseclassic.com

www.burmeseclassic.com



မ သေရတော့မှာပါ''ဟု စိတ်ထဲမှ ပြောခဲ့မိသည်လား မသိ။

မည်သို့ဆိုစေ သည်နေ့က ကျော်မင်းဟာန် ရင်အခုန်ဆုံးနေ့။ ဖြစ်နိုင်လျှင် မသွားချင်တော့။ လေ့လာရေးဟု ပြောခဲ့သော်လည်း သူက လေ့လာရေးအား ဝါသနာပါသူ မဟုတ်။ သူ ပျင်းရိငြီးငွေ့စွာ နေရဦးမယ်။ ကျော်မင်းဟာန် ဆိပ်ကမ်းသို့ အမြန်သွားသည်။ ဒရိုင်ဘာက ကျွမ်းကျင်သည်။ ကားအရှိန်က မြန်သည်။ ဒါတောင် သင်္ဘောဆိပ်ကို ရောက်တော့ သင်္ဘော ထွက်ရန် အသင့်ဖြစ်နေပြီ။ တူ . . . . တူ . . . တူ ဟူသော သင်္ဘော ဥသြသံကို ကြားရသည်။ ဒရိုင်ဘာက ''ဆရာ မီပါ့မလား။ နောက်နေ့မှ သွားပါလား'' ဟုပြောသည်။ စေတနာစကား၊ စိုးရိမ်မှုတွေပါသည်။ ကျော်မင်းဟာန် ဘောတံတားပေါ်သို့ ရောက်ချိန်တွင် သင်္ဘောသည် တမ်းသို့ခွာ၏၊ သင်္ဘောပေါ်သို့ ခုန်ကူးရမည်။ ခြေချော်လက်ချော် ကျနိုင်သည်။ ရေထဲသို့ ကျသွားလျှင် မလွယ်လှ။ အသက်ဘေးနီးသည်။

ကျော်မင်းဟာန် ခေါင်းခါလိုက်သည်။ ''မဖြစ်ဘူးကွ၊ ဒီနေ့သွားမှ [illegible]ကျိုးပဲကွာ'' ဟုပြောပြီး ဆိပ်ခံသင်္ဘောပေါ်သို့ အပြေးဆင်းခဲ့သည်။ ဘောတံတား ထိပ်သို့ ရောက်လျှင် သင်္ဘောသည် ကမ်းနှင့်ခွာ၏၊ ကျော်မင်းဟာန် စဉ်းစားမနေတော့၊ ကုန်းပတ်ပေါ်သို့ ခုန်ကူးလိုက်သည်။

ဘုရား ၊ ဘုရား ရင်ထဲဒိတ်ခနဲ ခုန်သွားသည်။ ခန္ဓာကိုယ်သည် [illegible]သွားသည်။ သင်္ဘောသား တစ်ယောက်က ဆွဲလိုက်လို့သာ နို့မဟုတ်ရင် မလွယ်လှ။ ကျော်မင်းဟာန် လေပူအား မှုတ်ထုတ်လိုက်သည်။ [illegible]တွေ့လျက် သူသင်္ဘောခန်းတွင်းသို့ ဝင်ခဲ့သည်။ မောနေသည်။ ရင်တွေ [illegible] မျက်နှာတွင် ချွေးစေးများ ထန်နေသည်။ ကျော်မင်းဟာန် ခရီးဆောင် [illegible] ချကာ ဂျာကင်အိတ်တွင်းသို့ လက်နှိုက်လိုက်သည်။

လက်ကိုင်ပုဝါနှင့် ချွေးသုတ်ရမည်။ လက်ကိုင်ပုဝါကို ဆွဲထုတ်လိုက် [illegible]တစ်ခု ခွမ်းခနဲ သင်္ဘောကြမ်းပြင်ပေါ်သို့ ကျသွားသံ ကြားလိုက်ရ [illegible] ခွမ်းခနဲအသံသည် ကျယ်လိုက်တာ ချွေးမသုတ်ဖြစ်သေး။ ကပျာ[illegible] ကြည့်လိုက်သည်။

ပုလင်းတစ်လုံး ကျကွဲနေသည်ကို တွေ့လိုက်၏။ ပင်နီစီ[illegible]ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆေးထည့်သည့် ပုလင်း။ ဒီပုလင်းကိုတွေ့တော့ ကျော်မင်းဟန်၏ ရင်ဒိတ်ခနဲ ဖြစ်သွားသည်။ ဘယ်သူများ တွေ့သွားသေးသလဲ။ တစ်စုံတယောက် တွေ့သွားလို့မဖြစ်။ ကျော်မင်းဟန် လျင်မြန်စွာ ပုလင်းကွဲကို ကောက်လိုက်သည်။ ပတ်ဝန်းကျင်ကိုလည်း ကျိုးကြည့် ကြောင်ကြည့် ကြည့်သည်။ ဟူး . . . တော်သေးရဲ့၊ သူ့ကို မည်သူမျှ ဂရုမစိုက်ကြ။

သည်နေ့က ရင်တွေခုန်ရမည့်နေ့။

ကျော်မင်းဟန် မြို့ဟောင်းသို့ ရောက်တော့ မြို့ဟောင်းစားတော်ဆက်သို့ဝင်သည်။ အရက်အမူးသောက်လိုက်သည်။ ဒီလို စိတ်လှုပ်ရှားသည့်နေ့မျိုးတွင် အရက်သည် အကောင်းဆုံး အဖော်မွန်ပဲ၊ မနေ့က အရက်များသွားသည် မဟုတ်လား မသိပါ။ နောက်တစ်နေ့ နေမြင့်မှ အိပ်ယာမှနိုးသည်။ သည်နေ့တော့ အရက်သောက်လို့ မဖြစ်တော့။ အကြောင်းတစ်ခုခုထူးလို့ အရက်မူးနေလျှင် မကောင်း ထင်သည့်အတိုင်းပဲ။ နေ့လည် တစ်နာရီလောက်တွင် ဦးဘိုးဘ အရေးကြီးသုတ်ပျာ ရောက်လာသည်။ အကြောင်းတစ်ခုခုထူးပြီ။ မှန်သည်၊ အကြောင်းထူးကို ဦးဘိုးဘပြောပြသည်။ မမသေပြီ။ ကျော်မင်းဟန် စိတ်ထဲအားရဝမ်းသာ ခံစားရသည်။

မျက်နှာပေါ်တွင်တော့ သောကအပြည့်၊ သူ့ကိုယ်သူ အတော်အံ့သြမိသည်။ ငါ့အမူအယာတွေ ကောင်းလှချည့်လား။ တကယ့် အကယ်ဒမီရှော့စ်။

ကျော်မင်းဟန် ချက်ခြင်း ဦးဘိုးဘနှင့် ပြန်လိုက်ခဲ့သည်။ မမအလောင်းကို မြင်ရတော့၊ မမသည် သေနေသည်နှင့်မတူ။ နှစ်ခြိုက်စွာအိပ်နေသလိုပဲ၊ ဒေါက်တာ မြင့်ကြည်နှင့်အတူ ညွှန့်ပရိသတ်တွေ ရှိနေသည်။ အားလုံးမျက်နှာမကောင်းကြ။

"ဘယ်လို ဖြစ်တာလဲဗျာ၊ ပြောစမ်းပါ၊ မနေ့က ကျွန်တော်ခရီးသွားတုန်းက မမအကောင်းသားပါ၊ ဘယ်လိုမှ မယုံကြည်နိုင်စရာပါလား"

ကျော်မင်းဟန်မေးသည်။ အားလုံး ကရုဏာအကြည့်နှင့် ကြည့်ကြသည်။ ဦးဘိုးဘက "ဒီလိုပဲ မောင်ကျော်မင်းဟန် သေခြင်းဆိုတာ မှန်းဆလို့ မရဘူး၊ ကွေးတဲ့လက် မဆန့်မီ ဆန့်တဲ့လက် မကွေးမီသေနိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ မြတ်ဗုဒ္ဓက ဟောထားခဲ့တာပဲ''ဟု တရားသဘောနှင့် ချင့်ချိန် ဖြေ ဆိုသည်။

ဒေါက်တာမြင့်ကြည်ကမူ ''ကျွန်တော်စိတ်မကောင်းတာက၊ ခင်လေးမူ သေရတာဟာ သေသင့်လို့ သေရတာ မဟုတ်လို့ပဲဗျ၊ မခင် လေးမူ သေရတာက အိပ်ဆေးတွေ အလွန်အကျွံ သောက်မိလို့ပဲ။ ကို ကျော်မင်းဟန်'' ဟု ရှင်းပြသည်။

''ခင်ဗျာ မမသေရတာက အိပ်ဆေးတွေ အလွန်အကျွံသောက် မိလို့ဟုတ်လား''

''ဟုတ်တယ် ကိုကျော်မင်းဟန်''

''အင်း . . . ကျွန်တော်တော့ တွေးမရတော့ဘူးဗျာ''

ကျော်မင်းဟန် စိတ်ပျက်လက်ပျက်နှင့် ညည်းလိုက်သည်။ ထို့နောက် ကျော်မင်းဟန်၊ ဦးဘိုးဘနှင့် တိုင်ပင်ကာ မမ၏ ရျာပနကိစ္စ ဆောင်သည်။ မမ၏ရုပ်အလောင်းအား မောင်မောင့်အုတ်ဂူနားတွင် ဂူသွင်း သင်္ဂြိုဟ်လိုက်သည်။ မမ၏ ရျာပန ကိစ္စပြီးနောက်နေ့၊ ရှစ်ရက်မြောက်နေ့ တွင် မမ၏ ဝတ်လုံတော်ရ ဦးရဲကျော်ရောက်လာသည်။ မမ၏ သေတမ်းစာ အရ မမပိုင်ဆိုင်သည့် ပစ္စည်းများအား ကျော်မင်းဟန်အမည်နှင့် လွှဲပေးသည်။ သေတမ်းစာရင်းအပ်သည်။

ကျော်မင်းဟန် ကြည်နူးနေသည်။ ဝေးဝေးမြို့သာသို့ရောက်လျှင် ငွေများကို ပြောရမည်။ ဘာမျှ ဂရုစိုက်စရာ မလိုတော့။ ကျော်မင်းဟန် သည် သူဌေးတစ်ယောက်ဖြစ်နေပြီ။

ငွေကို ရေလိုသုံး တစ်လောကလုံးအား ရင်ဆိုင်ရန် ကျော်မင်းဟန် အဆင်သင့်ရှိနေသည်။

]

တနင်္ဂနွေနေ့။

ဖုန်းလာသည် ''အမိန့်ရှိပါ၊ ကျွန်တော် ကျော်မင်းဟန်ပါ'' ဟု ဖြေသည်။ တစ်ဖက်မှ အသံကြားရသည်။ ''ဝေးဝေးပါ ကိုကို ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com



ညကပဲ မြို့သာကို ရောက်တယ် ကိုကိုနဲ့ တွေ့ချင်လို့၊ အဲဒါ . . .''

ဝေဝေး စကားကို ရပ်လိုက်သည်။ ချိန်းဆိုချက်ကို နားစွင့်နေဟန်ရှိသည်။

''ဝေဝေး ဘယ်မှာတည်းလဲ''

''စိတ္တရမဟီမှာလေ''

''ဒါဆို ကိုကိုတစ်နာရီအတွင်း လာခဲ့မယ်၊ ဝေဝေး စောင့်နေလေ''

''ကောင်းပြီကိုကို''

ဖုန်းချလိုက်သည်။ ချက်ခြင်း အဝတ်အစားလဲသည်။ စိတ်ထဲတွင် လန်းဆန်းတက်ကြွနေသလို ခံစားရသည်။ ထို့နောက် ''စိတ္တရမဟီ''သို့ထွက်ခဲ့သည်။ ကျော်မင်းဟာန် အစီအစဉ်များကို ချလာသည်။ ဝေဝေးအား တစ်လအတွင်း လက်ထပ်မည်ဟု ကတိပေးမည်။ လက်ထပ်လျှင် ဝေဝေး မျက်နှာ မငယ်စေရ။ အင်းလျားလိပ်ကြိုက်လား၊ ကရဝိတ်ကြိုက်လား။ ဝေဝေးသဘောကျ ဖြစ်စေရမည်။

ကျော်မင်းဟာန် ရောက်တော့ ဝေဝေး အသင့်ရှိနေသည်။ ဝေဝေး မိခင်များက ကျော်မင်းဟာန်၏ အခြေအနေကို ကြည့်ကာ အံ့သြနေသည်။ ကျော်မင်းဟာန်ကိုမှ မနှုတ်ဆက်။ မသိ ကျိုးကျွံပြုနေကြ၏။ ကျော်မင်းဟာန် ကလည်း မသိသလို ဝေဝေးကို ခေါ်ကာ မြို့ဟောင်းဘက်သို့ ထွက်ခဲ့သည်။

မြို့ဟောင်းက သာယာသည့်နေရာ ချစ်သူနှင့်ဆိုတော့ ပိုပြီးသာယာ ကြည်နူးစရာကောင်းသည်။ ကျော်မင်းဟာန်က သူ၏အစီအစဉ်များကို ပြောပြသည်။ ဝေဝေး ငြိမ်သက်စွာ နားထောင်လျက်။

''ဝေဝေး ဘယ်လိုသဘောရလဲ''

''ဝေဝေးအနေနဲ့ ဘာပြောဖို့ လိုသေးသလဲ ကိုကို၊ ဝေဝေး ဟာ ကိုကို့ရဲ့ အချစ်ပဲ။ ကိုကို့ ဆန္ဒဟာ ဝေဝေးဆန္ဒပေါ့''

ကျော်မင်းဟာန် ကြည်နူးသွားသည်။

***

သုံးရက်မြောက်နေ့တွင် ဝေဝေး ကျော်မင်းဟာန်ထံသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အကြောင်းတစ်ခု ထူးမည်ဟု သိလိုက်သည်။ ထင်သည့်အတိုင်း ဝင် ဝေးဝေးက အကြောင်းထူးများအား ခရားရေလွှတ်ပြောပြသည်။ "ဦး လေဝင်းအား လက်မထပ်နိုင်သည့် အကြောင်းအား အပြတ်ပြောလိုက် သဖြင့် ဦးလေဝင်း ဒေါသဖြစ်သွားကြောင်းနှင့် ဝေးဝေးအနေနှင့် ကျော် မင်းဟန်အား လက်ထပ်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း" တို့ဖြစ်သည်။

စကားဆုံးလျှင် ဝေးဝေးက "ကိုကို ဘယ်လိုစီစဉ်မလဲ" ဟု မေးတယ်။

ကျော်မင်းဟန် နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

"ကိုကိုဘယ်လို စီစဉ် ရမယ်ဆိုတာတောင် မပြောတတ်သေးဘူး။ အိပ်ဝမ်းသာသွားတယ်လေ၊ ကဲ . . . ဒီလိုလုပ်၊ ဝေးဝေး။ ဝေးဝေး အ သင့်စောင့်နေ၊ သုံးရက်အတွင်း ကိုကိုရန်ကုန်သွားဖို့ စီစဉ်လိုက်မယ်"

ဝေးဝေးပြုံးသည်။

သည်နေ့က . . . . ။

ပထမတော့ ကျော်မင်းဟန် မြို့သာတွင် ရှိသည့်ပစ္စည်းများ။ လယ်မြေ၊ခြံများ၊ မက်မန်းခြံများ အပြီးအပိုင်ရောင်းချမည်ဟု စိတ်ကူးသည်။ သို့သော် သည့်စိတ်ကူးသည် အကောင်းဆုံး မဖြစ်နိုင်သေး။ မမကိစ္စကို စဉ်းစားရဦးမည်။ မမသေသည်မှာ မကြာသေး။ မိမိအနေနှင့် ဤသို့ ထွက်သွားလျှင် ပတ်ဝန်းကျင်က အထင်လွဲနိုင်သည်။ သို့ကြောင့် အခြား အစီအစဉ်ကို စဉ်းစားရသည်။ အကောင်းဆုံးက မြေမသေ တုတ်မကျိုး မြစ်တို့သာ မဟုတ်လား။ စင်စစ်မူ အရာရာအား ခေါင်းအေးအေးနှင့် စဉ်းစား လျှင် အဖြေရနိုင်သည်မှာ ဓမ္မတာ။

ခုတော့ အကြံကောင်း၊ ဉာဏ်ကောင်းကို စဉ်းစားမိသည်။ သည် အကြံကား ကျော်မင်းဟန်အနေနှင့် ပစ္စည်းများ လယ်မြေခြံများ မက်မန်းခြံများ ကို ရောင်းစရာမလိုသေး။ လောလောဆယ် စိတ်ချရသူကို ထိန်းသိမ်းခိုင်း လျှင် ရသည်။ ဦးဘိုးဘသည် သစ္စာရှိသော လူယုံသာ။

ထို့ကြောင့် ကျော်မင်းဟန် ဦးဘိုးဘနှင့်တွေ့သည်။ ရန်ကုန်မြို့ သို့ပြောင်းလက်ပျောက်သွားလိုကြောင်း၊ လုပ်ငန်းများအား ဦးဘိုးဘ ထွပ်ကဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားလိုကြောင်း စသဖြင့် ဆွေးနွေးသည်။ ဦးဘိုးဘက တာဝန်ယူသည်။ သို့သော် အမြန်ဆုံးပြန်လာရန်တော့မှာသည်။ ကျော်မင်းဟန်က မကြာမီ ပြန်လာမည်ဟု ကတိပြုသည်။

ခုတော့ လုပ်ငန်းအဆင်ပြေပြီ။

ကျော်မင်းဟန် ပျော်ရွှင်ချမ်းမြေ့စွာ ပြန်ခဲ့သည်။

[ ၁၁ ]

နေစောင်းပြီ။

အရှေ့ရပ်ဝန်းဒေသမှ ခေါင်းပြူထွက်လာသည့် ရှင်နေမင်းသည် အနောက်ဘက်တောင်စွယ်တွင် မေးတင်နေပြီ။ ကျော်မင်းဟန်သည် လုပ်ငန်းခွင်မှ အပြန် 'မြောက်ကျွန်းသူ' သို့ ဝင်ခဲ့သည်။ ဒရိုင်းကျင် အနည်းငယ် သောက်ခဲ့သည်။ မူးတော့ မမူးပါ။ ကျော်မင်းဟန်သည် မြောက်ကျွန်းသူမှ အပြန် ဝေဝေးထံသို့ ဖုန်းဆက်သည်။ အစစအရာရာ အဆင်ပြေ ချောမောပြီ ဖြစ်ကြောင်း။ ထို့ကြောင့် မနက်ဖြန်လေယာဉ်နှင့် ပြန်မည်ဖြစ်ကြောင်း။ ရန်ကုန်မှ တရားရုံးတစ်ခုတွင် လက်ထပ်ကြရန် စီစဉ်သည်။

"ဝေးဝေးကတော့ အဆင်သင့်ပါကိုကို"

ဝေးဝေး အဖြေစကား။ ဖုန်းချပြီး အေးဆေးစွာ အတွေးနှင့် ပြန်ခဲ့၏။ စိတ်ထဲတွင် ကြည်နူးပျော်ရွှင်မှုတွေ အပြည့်။ အနာဂတ်၏ အစီအစဉ်သစ်များကိုလည်း ရေးဆွဲနေမိသေးသည်။ အခက်အခဲမရှိ၊ အရာရာပြေပြစ် ချောမောနေသည်။

သို့နှင့် ကားကလေးသည် ရှခင်းသာသို့ ရောက်ခဲ့၏။ ရှခင်းသာသည် မြို့သာ၏ လှပသည့် နေရာတစ်ခု၊ တောင်ကုန်းတစ်ခုလို ဖြစ်နေသည်။ မြို့သာမြို့ကို အပေါ်စီးမှ မြင်နိုင်သည်။

တစ်ဖက်တွင် အသူရာချောက်ရှိသည်။

ကျော်မင်းဟန် ကားကို အရှိန်လျှော့လိုက်သည်။ ကွေ့လိုက်သည်။ ရှေ့တူရူမှ ကားတစ်စီး။ တောင်ပေါ်ဒေသ၏ ထုံးစံအတိုင်း အတက်ကားကို ဦးစားပေးရမည်။ ကားကို ရပ်လိုက်သည်။ သို့သော် ခက်သည်က အတက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကျော်မင်းဟန်၏ကားအား ခေါင်းချင်းဆိုင်ကာ စက်ရပ်လိုက်သည်။ ရုတ်တရက် ကျော်မင်းဟန် အံ့သြတုန်လှုပ်သွားသည်။ လျင်မြန်စွာ ကြည့်လိုက်သည်။

ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။ ခန့်ညားထည်ဝါသည်။ သူ့ ရုပ်ရည်ကို မြင်လိုက်သည်မို့ သူမည်သူမည်ဝါဖြစ်ကြောင်း ကျော်မင်းဟန် ချက်ချင်းသိလိုက်သည်။ လူအား သူမမြင်ဘူးသော်လည်း ဓါတ်ပုံအား မြင်ဘူးသည်။ သူကား ဦးလေးဝင်း။

သူက ပြုံးသည်၊ ထေ့ပြုံး။

"တကယ့်ကို မင်္ဂလာပဲ ဦးကျော်မင်းဟန် ကျွန်တော်လည်း ခင်ဗျားကို သိပ်တွေ့ချင်နေတာဗျ"

သူက စကားစသည်။ ကျော်မင်းဟန် ကားပေါ်မှ ဆင်းလိုက်၏။ [illegible] မျက်နှာချင်းဆိုင်ကာ ပြုံးလိုက်သည်။

"ခင်ဗျားနဲ့ ကျွန်တော် ကြားမှာ တွေ့စရာအကြောင်းဆိုတာ [illegible]လို့လား ဦးလေးဝင်း"

"အို . . . သိပ်ရှိတာပေါ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော် စာရင်းရှင်းရဦး မယ်လေ"

ကျော်မင်းဟန်က ခဲတစ်လုံးကို ခြေနှင့် ကန်လိုက်၏။ ပြီးမှ

"စာရင်းရှင်းစရာ ဘာ့လိုလဲ ဦးလေးဝင်း။ အစိုကကျတဲ့လူက [illegible]အဖြတ်ပေးလိုက်ပြီပဲ"

"ဒီဆုံးဖြတ်ချက်က သွေးဆောင်ဖြားယောင်းမှုကြောင့် ဖြစ်လာတဲ့ [illegible]ချက်ပဲ ကိုကျော်မင်းဟန်၊ ကျုပ်လက်မခံနိုင်ဘူး"

"ဒါဆိုလည်း ကျုပ်မတတ်နိုင်ဘူး ဦးလေးဝင်း ခင်ဗျားနဲ့လည်း [illegible] ဆက်မဖြေရှင်းနိုင်ဘူး။ ကျုပ်မှာ အချိန်မရဘူး"

ကျော်မင်းဟန်က ပြောပြောဆိုဆို နောက်သို့လှည့်လိုက်သည်။ [illegible]ကြောင့် ဦးလေးဝင်းအတော်ကလေး နာလို ခံခက်ဖြစ်သွားပုံရသည်။

"[illegible]ကောင် . . . . . လူလည်၊ မင်းကို လောကထဲမှာ မထားဘူးကွ"

[illegible]ထကြားလိုက်ရ၏။ ကျော်မင်းဟန် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးဝင်း သေနတ်ထုတ်နေပြီ။ ကျော်မင်းဟာန် ဘာမှ မစဉ်းစားတော့ ဦးလေးဝင်းထံသို့ပြေးကာ ခြေနှင့်ဆောင့်ကန်လိုက်သည်။ ဦးလေးဝင်းလက်မှ သေနတ် လွင့်စင်ကျသွားသလို လူလည်းလိမ့်သွားသည်။ ကျော်မင်းဟာန် ဝင်လုံးသည်။ မြေပေါ်တွင် နှစ်ယောက်လုံးနေသည်။

တစ်ချီတွင် ကျော်မင်းဟာန်က ဦးလေးဝင်းကို ထိုးလိုက်သဖြင့် ဦးလေးဝင်း လဲကျသွားသည်။ ကျော်မင်းဟာန် ဖျတ်ကနဲခုန်ကာ ဦးလေးဝင်းနားသို့ တိုးခုန်ဝင်လိုက်သည်။ တဆက်တည်း ခြေနှင့်ခတ်လိုက်သည်။ ဦးလေးဝင်း လိမ့်ရှောင်လိုက်သည်။

ကျော်မင်းဟာန် ဆက်လိုက်ရန် ဟန်ပြင်လိုက်သော်လည်း မလိုက်ဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ဦးလေးဝင်းလက်ထဲတွင် တုတ်တစ်ချောင်းရောက်နေပြီ။ ဦးလေးဝင်းက တုတ်ကိုင်ကာ ရပ်လိုက်သည်။ ဝီကနဲ ဝီကနဲ တုတ်နှင့် ရိုက်သည်။ ကျော်မင်းဟာန် ရှောင်သည်။ ရှောင်ရင်း ချောက်နှုတ်ခမ်းသို့ ရောက်လာသည်။

တစ်ချီတွင် ကျော်မင်းဟာန်အား ဦးလေးဝင်းက ရိုက်လိုက်သည်။ ရိုက်ချက်က ပြင်းလှ၏။ ကျော်မင်းဟာန် ငုံ့ရှောင်လိုက်သည်။ ထို့ကြောင့် ဦးလေးဝင်း အရှိန်လွန်ကာ လည်သွားသည်။ တဆက်တည်းမှာပင် "အား" ဟု အော်လိုက်သံ ကြားရ၏။ အသံနက်ကြီးနှင့်အော်လိုက်သူသည် ဦးလေးဝင်း။ ကျော်မင်းဟာန်သည် အလန့်တကြားကြည့်လိုက်သည်။ ဦးလေးဝင်းချောက်ထဲသို့ ကျသွားပြီ။

ကျော်မင်းဟာန် ချောက်နှုတ်ခမ်းမှ ကြည့်လိုက်သည်။ အောက်သို့ မကျသေး။ ချောက်နှုတ်ခမ်းတစ်ခုမှ သစ်ကိုင်းတစ်ကိုင်းအား တွဲကပ်နေသည်ကို တွေ့သည်။ ကျော်မင်းဟာန် ပြုံးလိုက်၏။

ဦးလေးဝင်း၏ အနာဂတ်သည် လှပနိုင်စရာမရှိ။ သစ်ကိုင်းသည် ဦးလေးဝင်း ခန္ဓာကိုယ်အား မည်မျှကြာအောင် ထိန်းသိမ်းနိုင်မည်နည်း။ သို့မဟုတ် လက်အံသေကာ ကျသွားလျှင် သူ့အတွက် နက်ဖြန်သည် မရှိတော့။

ကဲ . . . ကိုယ့်စရိတ်နဲ့ ကိုယ် သွားပေဦးတော့ ဦးလေးဝင်းရေ။

***

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ပြန်ရောက်သည်။ အတွေ့အကြုံကြောင့်လားမသိ၊ စိတ်သည် ဒီလောက်မလှုပ်ရှား မတုန်လှုပ်တော့။ မနက်ဖြန်ခရီးဆက်ရန် အတွက် ပြင်ဆင်သင့်သည်ကို ပြင်ဆင်သည်။

ဦးလေးဝင်းအကြောင်းကိုတော့ မလွဲမသွေကြားရမည်။ ချောက်ထဲသို့ ချော်ကျပြီး သေဆုံးသွားသည်ဟု။

ကျော်မင်းဟန် ကျေနပ်စွာ ပြုံးလိုက်သည်။ ကျော်မင်းဟန် စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ ထိုစဉ် ကျော်မင်းဟန် တစ်စုံတစ်ခုကို သတိရလိုက်သည်။ မနက်ဖြန် လေယာဉ်လက်မှတ်ယူရမည်။ အမျိုးသားမှတ်ပုံတင်သည် လိုလာပြီ၊ အမျိုးသားမှတ်ပုံတင်အကြောင်း စဉ်းစားရင်းမှ ဦးလေးဝင်းကို သတိရသည်။ သည်နေ့ မနက်ပဲ ရှေ့နေ ဦးခဲကျော်ဆီရောက်သည်။ ခရီးသွားရန် မှတ်ပုံတင်ယူခဲ့သည်။ ယခု မရှိတော့။

မှတ်ပုံတင် ဘယ်မှာကျသွားသည်ကို သတိရသွားသည်။ ထို့ကြောင့် ကျော်မင်းဟန် အခင်းဖြစ်ရာသို့ ပြန်လာခဲ့သည်။

အချိန်က ည။ လသာနေသည်။ လပြည့်ည ဖြစ်သည်မို့ လရောင်သည် နေ့ခင်းနှယ်ဖြစ်နေသည်။ အရာရာကို မြင်ရသည်။ ကျော်မင်းဟန် အပေါ်မှ လှမ်းကြည့်လိုက်သည်။ ဦးလေးဝင်းသည် အောက်သို့ကျနေပြီ။ သေနေလောက်ပြီ။ မှတ်ပုံတင်သည် အနားတွင် ရှိရမည်။

ကျော်မင်းဟန် အောက်သို့ဆင်းခဲ့သည်။ ထင်သည့်အတိုင်း မှတ်ပုံတင်ကို ဦးလေးဝင်းအနီးတွင် တွေ့လိုက်ရသည်။ ဦးလေးဝင်းက သေလှူ၏။ မှောက်လျက် လဲကျနေ၏။ ကျော်မင်းဟန် မှတ်ပုံတင်ကို ကုန်း ကောက်လိုက်သည်။

"လှုပ်ရှားဖို့တော့ မကြိုးစားနဲ့ ဦးကျော်မင်းဟန်၊ ခင်ဗျားကို ကျွန်တော်တို့ ပြည်သူ့ရဲက ဝိုင်းထားပြီးပြီ"

မမျှော်လင့်သည့် အသံကြောင့် ကျော်မင်းဟန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ကိုယ်ကို မတ်ကာ ကြည့်လိုက်သည်။ နောက်မှာ ရဲတပ်ဖွဲ့ဝင်တွေ။

"ကျွန်တော် . . . . ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းဟာန် ဖြေရှင်းရန် ကြိုးစားသည်။

"ပြောစရာရှိတာ တရားရုံးကျမှပြောပါ ဦးကျော်မင်းဟာန်၊ ခုတော့ အဖြစ်က ထယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီပဲ"

"ဗျာ"

ကျော်မင်းဟာန် မှင်တက်သွားမိသည်။ ဝိုင်းစက် ပြူးကျယ်သော မျက်လုံးအစုံဖြင့် ရဲအရာရှိကို ကြည့်လိုက်သည်။ ထိုစဉ် ကျော်မင်းဟာန်အား ရဲအရာရှိက လက်ထိပ်ခတ်လိုက်သည်။

ကျော်မင်းဟာန်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

ဩော် . . . မကောင်းမှုသည် စိတ်ကွယ်ရာ မရှိပါလား။

(၁၂)

ကားသည် တဝူးဝူးနှင့် အဟုန်ပြင်းစွာ ပြေးနေသည်။ ကျော်မင်းဟာန် သည် သံတိုင်ကို ဆုပ်ကိုင်ကာ အဝေးကို ငေးမျှော်ကြည့်နေမိသည်။ မြင်ကွင်းသည် ကျဉ်းမြောင်းလှ၏၊ အသက်ရှူမဝခြင်း။

မနေ့က အမှုအား သည်နေ့မှ စစ်ဆေးစစ်မည်။

ခုတော့ ကျော်မင်းဟာန်သည် အချုပ်ကားပေါ်မှာ။ သည်အချိန်ဆို ဝေးဝေး လေယာဉ်ကွင်းသို့ ရောက်နေပြီလား။ သည်နေ့က ဝေးဝေးနှင့် လေယာဉ်ကွင်းတွင် ချိန်းထားသည့်နေ့၊ ရန်ကုန်သို့ တူယှဉ်တွဲကာ သွား မည့်နေ့။

ကားသည် လေယာဉ်ကွင်းကို ကျော်လာသည်။

ဝေးဝေးဘာမျှ သိမည်မဟုတ်သေး။ သူမျှော်နေလိမ့်မည်။

ထိုစဉ် တူရှုမှ ကားတစ်စီးလာပြီး ဘေးချင်းယှဉ်ရပ်သည်။ ကျော် မင်းဟာန် ကားချင်းယှဉ်မိလျှင် ကားကို ကြည့်လိုက်သည်။ ကျော်မင်းဟာန်၏ မျက်ဝန်းအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဟင်း . . . ဝေးဝေး"

ကျော်မင်းဟာန် နှုတ်မှ လွတ်ခနဲ ရေရွတ်လိုက်သည်။ ဝေးဝေးသည် ဘာမျှ မသိ။ ဝေးဝေးလေယာဉ်ကွင်းသို့ သွားသည်ပဲ။ သူသည် မျှော်နေ လိမ့်မည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းဟာန် ရင်ထဲနင့်ခနဲ ခံစားလိုက်ရပြန်သည်။
ကျော်မင်းဟာန် သံတိုင်ကို တင်းကြပ်စွာ [illegible]
ပြင်းမောကို ချပြီး မျက်လုံးကို မှိတ်လိုက်သည်။
အို တစ်လောကလုံး မှောင်သွားပါပကော။

အောင်မြင့်မိုး
မြို့မှ ဩဂုတ်လ ၁၉၈၇ ခုနှစ်

www.burmeseclassic.com